ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-2-2016) (၈၄၇၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အမေရိကန်ပြည်ထောင်စုနှင့်လည်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရေးတို့ ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိ



ဒုတိယသမ္မတ ဦးညဏ်ထွန်းအား အမေရိကန်သမ္မတ ဘားရက် အိုဘားမားက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**ယခု ထိပ်သီးအစည်းဝေးကို အမေရိကန်နိုင်ငံတွင် ပထမဆုံးကျင်းပနိုင်သည့် အခြေအနေမှတစ်ဆင့် အမေရိကန်-အာဆီယံဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်ရေး၊ တစ်ခုတည်းသော အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အသုံးပြုပြီး အခြားအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များနည်းတူ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ ဆွေးနွေး။**

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၅**

အမေရိကန်-အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေး ပထမပိုင်းအစီအစဉ်ဖြစ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွင်း စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုတိုးမြှင့်စေခြင်း ဆွေးနွေးပွဲ(Promoting an innovative, Entrepreneurial ASEAN Economic Community) ကို ဖေဖော်ဝါရီ ၁၅ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၃၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့ရှိ Sunnylands ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ညနေ ၃ နာရီတွင် အာဆီယံခေါင်းဆောင်များနှင့်အတူ Sunnylands သို့ ရောက်ရှိရာ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါအစည်းအဝေးသို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ကျူမာလီ ဆိုင်ညဆွန်၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီဟာ ဆန်နယ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒေါင်လာ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ ဘီနစ်ဂ်နို အကွီနို၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာဂျိုကိုဝီဒိုဒို၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီမိုဟာမက်နာဂျစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီလျောင်မင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အရေးကြီးအဆိုတစ်ရပ်တင်သွင်း** သတင်း စာမျက်နှာ ၇

တောင်ငူမြို့ရဲ့ ၂၀၁၆ အကြီးကျယ် ခမ်းနားဆုံးသော Mobile, IT, CCTV နှင့် Engineering ပြပွဲ
၂၀ ~ ၂၂ ဖေဖော်ဝါရီလ (ကေတုရတနာ ခန်းမ) နံနက် ၁၀ နာရီ မှ ည ၇ နာရီအထိ "လာရင်မှန်တယ် ၊ ဝယ်ရင်တန်တယ်"
ပြပွဲလာရုံနဲ့မည်သူမဆိုဖုန်းတစ်လုံးယူလာပြီး ကံစမ်းစရာမလိုဘဲ အခမဲ့လက်ဆောင်တွေ ရရှိမှာ ဖြစ်ပါတယ်
ဖုန်း / Laptop အသစ် 60% လျှော့ဈေး(ကံစမ်းမဲ)
80% ထိ လျှော့ဈေး အထူးအစီအစဉ်များ
50% လျှော့ဈေး Happy Hours
ဟန်းဆက်၊ Printer အဟောင်းပေး အသစ်ယူ
Hotline : 09 - 40 260 1797
ဖေ့စ်ဘွတ် စာမျက်နှာ www.facebook.com/neotechnetwork
Main Sponsor KMD
Media Partner INTERNET Journal
NEOTECH Organizer
CONCORDIA INTERNATIONAL
KSW
MOBILE FRIEND
Life Mark

ကြေးမုံစာတည်းရှုထောင့် ၁၇-၂-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှု

လူမျိုးတစ်မျိုး၏ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ တိမ်ကောပပျောက်ပါက ထိုလူမျိုးသည်လည်း အမည်သာကျန်၍ လူမျိုး၏ အသွင်သဏ္ဌာန်ကွယ်ပျောက်သွားနိုင်ပါသည်။ ထို့ကြောင့် လူမျိုးတစ်မျိုး၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို မကွယ်ပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိသည်ဟု ဆိုထားသည်။ အခြားနိုင်ငံတို့တွင်လည်း လူမျိုးစုများ အချို့အများအပြားရှိကြသလို အချို့အနည်းစုရှိကြသည်။ မည်သို့ပင်ရှိစေ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် ထိုနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်ထွန်းကားရေးကို ပြသရာလည်းရောက်သည်။

မြန်မာနိုင်ငံ၏ လူမျိုးတစ်မျိုးစီ တစ်မျိုးစီတို့၏ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာတို့သည် ရှေးဦးကာလကတည်းက ထိုလူမျိုးတို့၏ဘိုးဘွားဘီဘင်တို့က အသိအမှတ်ပြုသတ်မှတ်ထိန်းသိမ်းထားသော မြတ်နိုးဖွယ်ရာအစဉ်အလာများပင်ဖြစ်သည်။ ထိုအစဉ်အလာကောင်းများကို ဆိုင်ရာလူမျိုးတို့က တန်ဖိုးထားကြသလို အခြားလူမျိုးများကလည်း အသိအမှတ်ပြု နှစ်သက်လက်ခံကြသည်။

မိမိနိုင်ငံ မည်မျှခေတ်မီတိုးတက်စေကာမူ မိမိနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို အမြတ်တနိုး ထိန်းသိမ်းထားပြီး အချိန်အခါသင့်ပွဲလမ်းသဘင်များ၊ အခြားလူမျိုးများနှင့် တွေ့ဆုံပွဲများ၌ ဖော်ထုတ်ပြသကြကာ ဂုဏ်ယူဝင့်ကြွားလေ့ရှိကြသည်။ အိမ်နီးချင်းနိုင်ငံကြီးနှစ်နိုင်ငံတွင် ၎င်းတို့တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းထားပြီး ဖျော်ဖြေတင်ဆက်ပွဲများတွင်လည်းကောင်း၊ ဧည့်သည်များအား တင်ဆက်ပြသရာတွင်လည်းကောင်း ဖော်ထုတ်လေ့ရှိကြသည်။

လက်ရှိတွင် ခေတ်မီတိုးတက်နေသောအခါကာလ၌ ထိုနိုင်ငံကြီးများတွင်ပင် ၎င်းတို့၏ယဉ်ကျေးမှုများနှင့် ၎င်းတို့၏မျိုးဆက်သစ် ပြည်သူများအကြားတွင် ကင်းကွာနေကြပြီဖြစ်သည်။ သို့သော် ထိုယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ထားကြပြီး အခါအခွင့်ကြုံတိုင်း ဒေသခံလူငယ်များအား လေ့ကျင့်သင်ကြားပေးထားကာ ဖော်ထုတ်ပြသလေ့ရှိသည်။

ထိုအခါ အစဉ်အလာကြီးမားသော မိမိတို့၏ယဉ်ကျေးမှုသည် ဤသို့ပါလားဟု တန်ဖိုးထားလေးစားမြတ်နိုးကြသလို အခြားလူမျိုးများကလည်း အထင်ကြီးလေးစား အသိအမှတ်ပြုကြသည်။ ထိုတိုင်းရင်းသားယဉ်ကျေးမှုကို ထိန်းသိမ်းရာ၌ အရိုးကိုအရွက်မဖုံးစေဘဲ ခေတ်မီဆန်းသစ် တောက်ပြောင်အောင် ထိန်းသိမ်းထားခြင်းဖြင့် အများပြည်သူ အထူးနှစ်ခြိုက်စွဲမက်လက်ခံကြသည်။

မြန်မာနိုင်ငံတွင် ပြည်နယ် ခုနစ်ခုမှ တိုင်းရင်းသားလူမျိုးစုကြီး တစ်မျိုးစီတို့က တစ်နှစ်လျှင်တစ်ကြိမ် ၎င်းတို့၏ နေ့ထူးနေ့မြတ်ရောက်သောအခါ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့များကို ထုတ်ဖော်ပြသကြသဖြင့် ယဉ်ကျေးမှု မပျောက်ကွယ်သေးပါဟု ဆိုနိုင်သော်လည်း ထိန်းသိမ်းစောင့်ရှောက်ထားကြသူများမှာ တစ်စတစ်စ ပါးလျားနေသည်ဟု ဆိုရမည်ဖြစ်သည်။

အထူးသဖြင့် ယနေ့မြို့ပြများတွင် နေထိုင်ကြသော မျိုးဆက်သစ် တိုင်းရင်းသားလူငယ်လူရွယ်များကြားတွင် မိမိတို့၏ အလွန်ရှေးကျသော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကိုမေ့ပျောက်၍ မိမိကိုယ်ကို ဤလူမျိုးပါဟု ပြောဆိုသော်လည်း ဤလူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကိုမူ မိမိကိုယ်တိုင် ထုတ်ဖော်၍မပြသနိုင်တော့ချေ။ မိမိတို့၏ တိုင်းရင်းသားရိုးရာအဝတ်အစားများကို ဝတ်ဆင်ပြနိုင်သော်လည်း မိမိတို့၏ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးစံယဉ်ကျေးမှုတို့ကို များသောအားဖြင့် ပြသရန် အားနည်းနေသည်။

ကျေးလက်ရှိ သက်ကြီးရွယ်အိုများနှင့် မျိုးချစ်သူများက ထုတ်ဖော်နိုင်သော်လည်း ကျန်ပြည်သူအများစုမှာ ထုတ်ဖော်နိုင်သူနည်းပါးသွားပြီဖြစ်သည်။ တိုင်းရင်းသားတို့၏ နယ်ဘက်များတွင်ပါ ခေတ်ရေစီးကြောင်းအတိုင်း ယဉ်ကျေးမှုသစ်များလွှမ်းမိုးလာသည်ကိုတွေ့ရသည်။ ထို့ကြောင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုများအား မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့ကိုယ်တိုင်တွင် တာဝန်ရှိလာပြီဖြစ်သည်။ ။

# မန္တလေးမြို့တွင် တည်ဆောက်နေသည့် Mandalay Convention Center မတ်လတွင် အကြိုဖွင့်လှစ်မည်


မန္တလေးမြို့ Mandalay Convention Center & Commercial Complex စီမံကိန်း၏ လုပ်ငန်းခွင်တစ်နေရာကိုတွေ့ရစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းတွင် တည်ဆောက်နေသော Mandalay Convention Center & Commercial Complex စီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် တည်ဆောက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် Mandalay Convention Center မှာ အကြမ်းထည်ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မတ်လ၌ အကြိုဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် MIDG (Mandalay Investment & Development Group)တို့ အကျိုးတူပူးပေါင်းတည်ဆောက်ခြင်းဖြစ်ပြီး CAD နှင့် New Star Light ဆောက်လုပ်ရေးကုမ္ပဏီတို့က တည်ဆောက်လျက်ရှိရာ အမေရိကန်ဒေါ်လာ ၂၅ သန်း ကုန်ကျမည် ဟုဆိုသည်။

"ကွန်ဗင်းရှင်းစင်တာကို မတ်လ ၂၃ရက်မှာ အကြိုဖွင့်လှစ်ဖို့ စီစဉ်နေတယ်။ နိုင်ငံတကာမှာ ကွန်ဗင်းရှင်းစင်တာရှိတယ်။ ကွန်ဗင်းရှင်းစင်တာဆိုတာ တိုင်းပြည်တစ်ပြည်၊ မြို့တစ်မြို့အတွက် အလွန်အရေးပါပါတယ်။ မြို့ရဲ့ စီးပွားရေးနယ်ပယ်ချိတ်ဆက်မှုတွေလုပ်နိုင်မှာဖြစ်သလို အနုပညာပွဲတွေလည်းလုပ်နိုင်မယ်"ဟု CAD မှ မန်နေဂျင်းဒါရိုက်တာ ဦးဇင်မင်းဆွေက ပြောသည်။

ဧရိယာ ၁၄ ဒသမ ၇၈ ဧကတွင် ပထမအဆင့် ကွန်ဗင်းရှင်းစင်တာ၊ ဒုတိယအဆင့် Commercial Complex နှင့် တတိယအဆင့်တွင် အနုပညာနှင့် ဧည့်ခံဖျော်ဖြေပွဲ အဆောက်အအုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ အဆင့်သုံးဆင့်ကို လာမည့် ၂၀၁၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကာ ယခုနှစ် ဇွန်လအတွင်း ကွန်ဗင်းရှင်းစင်တာအား လွှဲပြောင်းအပ်နှံမည်ဖြစ်ကြောင်း သိရသည်။

"ဒီကွန်ဗင်းရှင်းစင်တာက သံကူကွန်ကရစ် RC လေးထပ် အဆောက်အအုံဖြစ်ပါတယ်။ ကြမ်းခင်းဧရိယာ စတုရန်းပေ ၂ သိန်းကျော်ရှိပြီး မြေအောက်ကားပါကင်ပါတယ်။ ကွန်ဗင်းရှင်းစင်တာသဘောအရ Seminar တွေ၊ ကွန်ဖရင့်တွေနဲ့ ကုန်စည်ပြပွဲတွေ တစ်ပြိုင်တည်းလုပ်နိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ကွန်ဗင်းရှင်းစင်တာမြေညီထပ်တွင် လူဦးရေ ၄၅၀၀ ဆံ့ ခန်းမတစ်ခု၊ ၂၆၄ ဦးဆံ့ ကွန်ဖရင့်ခန်းမတစ်ခုနှင့် Seminar များပြုလုပ်နိုင်သည့် ခန်းမငယ်များပါဝင်ကြောင်း၊ စက်လှေကား ခြောက်စင်းပါဝင်၍ ကားပြပွဲများပြုလုပ်နိုင်သည့် ကားအတင်အချ ဓာတ်လှေကားပါရှိပြီး နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိစေရေး ရှင်းလင်း

**တံတားဦး ဖေဖော်ဝါရီ ၁၆**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက အယ်နီညိုဒဏ်ကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာအသုံးချရေးလုပ်ငန်းစဉ်ရှင်းလင်းပွဲ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က အယ်လ်နီညိုဒဏ်ကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာအသုံးချရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်(ရွှေဈေး) ၇၉၁၀၀၀ - ၇၉၁၀၀၀ မန္တလေး(ရွှေဈေး) ၇၉၀၅၀၀၀ - ၇၉၀၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၅၉၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၂. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၃၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၅၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇. ၇၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၀၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၃. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၁. ၃၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၁. ၁၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၉. ၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

❒ **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် အမေရိကန်သမ္မတ ဘားရက် အိုဘားမားက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ ကျူမာလီ ဆိုင်ညဆွန်က အဖွင့်အမှာစကားပြောကြား သည်။

ဆက်လက်၍အမေရိကန်သမ္မတနှင့် အာဆီယံနိုင်ငံ များမှ အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက တီထွင်ဆန်းသစ်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် ဒေသတွင်းကြွယ်ဝချမ်းသာမှုကို တိုးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် လာအိုနိုင်ငံသမ္မတနှင့် အမေရိကန်သမ္မတ တို့က နိဂုံးချုပ် အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ယခု ထိပ်သီးအစည်းဝေးကို အမေရိကန်နိုင်ငံတွင် ပထမဆုံးကျင်းပနိုင်သည့် အခြေအနေမှတစ်ဆင့် အမေရိကန်-အာဆီယံဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်ရေး၊ တစ်ခုတည်းသော အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပေါ်ပေါက်လာသည့် အခွင့်အလမ်းများကို အသုံးပြုပြီး အခြားအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များနည်းတူ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ထိုသို့ တန်းတူယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများသို့ ပေးအပ်သည့် အထူးအခွင့်အရေး Generalized System Preference (GSP)များ ပေးအပ်ခြင်းနှင့် ကျန်ရှိနေသော စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားပေးရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတက အမေရိကန်သမ္မတ ဘားရက်အိုဘားမားအဆိုပြုသည့် အမေရိကန်-အာဆီယံ ပေါင်းစပ်ဆက်သွယ်ရေး US- ASEAN Connect အစီအစဉ်ကို ကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနှင့်လည်းကောင်း ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမေရိကန် အမှုဆောင်အရာရှိချုပ်များဖြစ်ကြသည့် Mr. Staya Nadella (CEO, Microsoft) ၊ Mrs.Ginni Rometty (CEO, IBM) နှင့် Mr. Chuck Robbins (CEO, CISCO System) တို့က ဒစ်ဂျစ်တယ်နည်းပညာဖြင့် အစိုးရနှင့်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် တီထွင်ဆန်းသစ်နိုင်စွမ်းများကို မြှင့်တင်နိုင်မည့် အလားအလာများအား ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အာဆီယံနိုင်ငံများမှ အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အမေရိကန်-အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးညဏ်ထွန်းအား အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)




**ဒုတိယသမ္မတ ဦးညဏ်ထွန်း အမေရိကန် - အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ပထမပိုင်း အစီအစဉ်ဖြစ်သည့် အာဆီယံ အသိုက်အဝန်းအတွင်း စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှု တိုးမြှင့်စေခြင်း ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။**
(သတင်းစဉ်)

**ဒုတိယသမ္မတ ဦးညဏ်ထွန်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။**
(သတင်းစဉ်)




### ထူးခြားသည့် ညအပူချိန်များမှာ

ပင်လောင်းမြို့
၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
၅ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့
၅ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့
၆ ဒီဂရီစင်တီဂရိတ်

# တရုတ်နိုင်ငံမှ ခုတ်မောင်းလာသည့် ပထမဆုံးသောကုန်တင်ရထား အီရန်နိုင်ငံသို့ ဆိုက်ရောက်

**တီဟီရန် ဖေဖော်ဝါရီ ၁၆**

တရုတ်နိုင်ငံမှ ခုတ်မောင်းလာသည့် ပထမဆုံးသော ကုန်တင်ရထားတစ်စင်းသည် အီရန်နိုင်ငံ မြို့တော် တီဟီရန်သို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆိုက်ရောက်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နှင့် အီရန်နိုင်ငံကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှတ်တိုင်သစ်တစ်ရပ်ဖြစ်ပြီး ပိုးလမ်းမ ပြန်လည်ရှင်သန်မှုကို ဖော်ညွှန်းလျက်ရှိကြောင်း သတင်းတွင် ရေးသားဖော်ပြထားသည်။



ပိုးလမ်းမရထားဟု တင်စားခေါ်ဝေါ်သော ကုန်တင်ရထားသည် တရုတ်နိုင်ငံမှ အီရန်နိုင်ငံသို့ ဦးတည်ခုတ်မောင်းရာတွင် ကာဇက်စတန်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့ကို ဖြတ်သန်းခဲ့သည်။ တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ကျန်းပြည်နယ် ယီဝူမြို့မှ ဇန်နဝါရီ ၂၈ ရက်တွင် စတင်ထွက်ခွာခဲ့သော အဆိုပါ ကုန်ရထားသည် ခရီးအကွာအဝေး ၁၀၃၉၉ ကီလိုမီတာ ခရီးနှင်ခဲ့သည်။

မြို့တော်တီဟီရန် ဘူတာကြီးသို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကုန်တွဲပေါင်း ဒါဇင်ပေါင်းများစွာပါရှိသော ရထားကြီးဆိုက်ရောက်လာခဲ့ပြီးနောက် အီရန်ကုန်းလမ်းနှင့် မြို့ပြထူထောင်ရေးဝန်ကြီး မိုရှန်ပူအကာရီက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ရှေးဟောင်းပိုးလမ်းမကုန်သွယ်ရေးလမ်းကြောင်းသည် အရှေ့တိုင်းနှင့် အနောက် တိုင်းကုန်သွယ်ရေးတွင် အရေးပါသော ပေါင်းကူးလမ်းမ ဖြစ်ကြောင်း၊ တရုတ်နှင့် ပါရှားယဉ်ကျေးမှုတို့အကြား နီးနီးစပ်စပ်ကူးလူးယှက်နွယ်မှုကိုဖော်ညွှန်းကြောင်း ဝန်ကြီး မိုရှန်က ပြောကြားသည်။

ပိုးလမ်းမသစ် စီးပွားရေးရပ်ဝန်းသည် တရုတ်နိုင်ငံကို အာရှအလယ်ပိုင်းနှင့် အာရှအနောက်ပိုင်းဒေသတို့မှ တစ်ဆင့် ဥရောပနှင့် ပေါင်းကူးပေးနိုင်ရန် ရည်ရွယ်သည်။ ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမမှာမူ တရုတ်နိုင်ငံကို အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနှင့် ဥရောပနိုင်ငံများနှင့် ဆက်သွယ်ပေးရန် ရည်ရွယ်သည်။

**ဆင်ဟွာ။**

## ဆီးရီးယားရှိ ဆေးရုံများနှင့် စာသင်ကျောင်း ဒုံးကျည်ထိမှန်ခံရ၊ ၂၃ ဦးထက်မနည်းသေဆုံး

**ဘေရွတ် ဖေဖော်ဝါရီ ၁၆**

ဆီးရီးယားနိုင်ငံ၌ စစ်သွေးကြွတို့ထိန်းချုပ်ထားသောမြို့ငယ်များရှိ ဆေးရုံ သုံးရုံနှင့် စာသင်ကျောင်းတစ်ကျောင်းတို့ ဒုံးကျည်ထိမှန်ခံရမှုကြောင့် အရပ်သူအရပ်သား ၂၃ ဦးထက်မနည်း သေဆုံးရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားထောက်ခံသော ဆီးရီးယားတပ်ဖွဲ့များသည် စစ်သွေးကြွတို့၏ ခြေကုပ်စခန်းတည်ရာ အလက်ပိုမြို့ကို တိုက်ခိုက်မှုအရှိန်မြှင့်တင်လျက်ရှိချိန်တွင် သူပုန်တို့ ထိန်းချုပ်ထားသော မြို့ငယ်များကို ဖေဖော်ဝါရီ ၁၅ ရက်က ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တူရကီနယ်စပ်ဒေသအနီး အဇက်မြို့၌ စာသင်ကျောင်းတစ်ကျောင်းပေါ်သို့ ဒုံးကျည်များကျရောက်ပေါက်ကွဲခဲ့ရာ ၁၄ ဦး သေဆုံးခဲ့ရသည်။ အဆိုပါ စာသင်ကျောင်း၌ စစ်ပြေးဒုက္ခသည်များ ခိုလှုံလျက်ရှိသည်။ အဆိုပါမြို့၏တောင်ဘက် ဒုက္ခသည်စခန်းတစ်ခုနှင့် ကုန်တင်ယာဉ်တန်းတို့ကိုလည်း ဒုံးကျည်များဖြင့်ပစ်ခတ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# ယူကရိန်း၏ သယ်ယူပို့ဆောင်ရေးယာဉ်များကို ပိတ်ပင်ရဖွယ်ရှိသည်ဟု ရုရှားခြိမ်းခြောက်



**မော်စကို ဖေဖော်ဝါရီ ၁၆**

ရုရှားနိုင်ငံ၏ နယ်မြေကိုဖြတ်သန်း၍ ယူကရိန်းနိုင်ငံက ကုန်ပစ္စည်းများပို့ဆောင်ခြင်းအရပ်ရပ်ကို မိမိတို့ပိတ်ပင်ရဖွယ်ရှိကြောင်း ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီ မက်ဗီဒေက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားလိုက် သည်။

ရုရှားကုန်တင်ယာဉ်များကို ဝင်ရောက်ခွင့်ပိတ်ပင်မည်ဟု ယူကရိန်းဝန်ကြီးအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက် အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ရုရှားအစိုးရက ပြန်လည်တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။ ယူကရိန်း၏ ပိုင်နက်နယ်မြေမှ လာရောက်သော သယ်ယူပို့ဆောင်ယာဉ်အမျိုးအစားအားလုံး မိမိ၏နိုင်ငံအတွင်း ဝင်ရောက်ခြင်းကို ပိတ်ပင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မက်ဗီဒေ့က ၎င်း၏လက်ထောက်များနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် ပြောကြားသည်။

ယူကရိန်းနိုင်ငံ၏ ပိုင်နက်နယ်မြေပေါ်တွင် ရုရှားထရပ်ကားများ လှုပ်ရှားသွားလာမှုကို တားမြစ်ပိတ်ပင်ရန် ယူကရိန်းဘက်မှ တရားဝင်ဆုံးဖြတ်ခဲ့ခြင်းအတွက် ရုရှားက ပြန်လည်၍လက်တုံ့ပြန်ဖွယ်ရှိသည်ဆို၏။ ယူကရိန်းနိုင်ငံ၌ မှတ်ပုံတင်ထားသော ကုန်တင်ကားများဝင်ရောက်မှုကို ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ပိတ်ပင်ခဲ့ကြောင်း၊ ရုရှားပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းမောင်းနှင်သော ယူကရိန်းထရပ်ကား ၁၆၁ စီးကို ပိတ်ပင်ခဲ့ပြီးဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ။**

## တောင်ကိုရီးယားတွင် အမေရိကန်ဒုံးကျည် ဖြန့်ကြက်မှု တရုတ်ဆန့်ကျင်

**ဆိုးလ် ဖေဖော်ဝါရီ ၁၆**

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုကို တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်ယိစူသည် တောင်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး လင်ဆောင်နမ်နှင့် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဆိုးလ်မြို့တော်၌ အပြန်အလှန်တွေ့ဆုံဆွေးနွေးခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးများသည် မကြာသေးမီက မြောက်ကိုရီးယားနိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်မှုနှင့် ဒုံးကျည်ပစ်ခတ်မှုများနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်သင့်သည်ဟု မိမိတို့နှစ်ဦးသဘောတူညီခဲ့ကြကြောင်း ဆွေးနွေးပွဲပြီးနောက် ကျန်ယိစူက သတင်းထောက်များကို ပြောကြားသည်။ သို့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အဓိကကျသော အဖြေများကို ရှာဖွေသင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ THAAD အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေး စနစ်ဖြန့်ကြက်မှုကို ကန့်ကွက်ကြောင်းလည်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် အဆိုပါဒုံးကျည်စနစ်ဖြန့်ကြက်ရေးအတွက် အမေရိကန်နိုင်ငံနှင့် တရားဝင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တောင်ကိုရီးနိုင်ငံသည် လာမည့်လတွင် အမေရိကန်နိုင်ငံနှင့် ပူးပေါင်း၍ အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုတစ်ရပ်လည်း ပြုလုပ်သွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ကျားတစ်ကောင်၏တိုက်ခိုက်မှုကြောင့် ဒတ်ချ်ကမ္ဘာလှည့်ခရီးသွား သစ်ပင်ပေါ်၌ သုံးနာရီနီးပါး တွယ်ဖက်နေခဲ့ရ

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၆**

အသက်(၃၃)နှစ်အရွယ်ရှိ ဒတ်ချ်အမျိုးသား ဂီရတ်ဗန်လားသည် လမ်းပြဖြစ်သူနှင့်အတူ ပြီးခဲ့သည့်ရက်သတ္တပတ်က ခတ္တမန္ဒူမြို့တော်၏အနောက်တောင်ဘက် ကီလိုမီတာ ၄၀၀ နီးပါး အကွာတွင်တည်ရှိသော ဘာဒီယာ အမျိုးသားဥယျာဉ်အတွင်း၌ ကျားတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် သစ်ပင်တစ်ပင်ပေါ်၌ သုံးနာရီနီးပါး တွယ်ဖက်၍ ကယ်ဆယ်ရေးကိုစောင့်ဆိုင်းခဲ့ရကြောင်းသိရသည်။

"ကျွန်တော် အလွန့်အလွန် ကံကောင်းခဲ့ပါတယ်" ဟု ဂီရတ်က အမျိုးသားဥယျာဉ်ရှိရာ ဘာဒီယာခရိုင်အတွင်းရှိ ၎င်းတည်းခိုရာ ဟိုတယ်မှ ဖုန်းဖြင့်ပြောကြားသည်။ ဂီရတ်မှာ လမ်းပြဖြစ်သူ ခရစ်ရှ်နာနှင့်အတူ ခြေလျင်ခရီးကို ဖေဖော်ဝါရီ ၁၃ ရက်နံနက်ပိုင်းက စတင်ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ညနေနှောင်းပိုင်းတွင် ကျယ်လောင်သော ဟိန်းသံ တစ်သံကြားခဲ့ရသည်။ "ကျွန်တော့်ဘယ်ဘက်ကိုကြည့်လိုက်တော့ ကျွန်တော့်ဆီ အရှိန်နဲ့ပြေးလာတဲ့ အရွယ်ရောက်ကျားတစ်ကောင်ကို မြင်ခဲ့ပါတယ်။ ကျွန်တော်တို့ခပ်မြန်မြန်စတင်ပြေးခဲ့ပါတယ်။ ခရစ်ရှ်နာက ငယ်သံပါအောင်အော်ပြီး ကျွန်တော့်ဆီကို မလာနိုင်အောင် ကျားကိုအော်ဟစ်မောင်းထုတ်ခဲ့ပါတယ်။ ဒါပေမယ့် ကျားက သူ့နောက်ကိုလိုက်ခဲ့ပါတယ်"



ဟု အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဂီရတ်ကဆိုသည်။ ကျားက ခရစ်ရှ်နာနောက်လိုက်နေချိန်တွင် ဂီရတ်က ကျောပိုးအိတ်ကိုအလျင်အမြန်ဖယ်ရှားကာ ၎င်း၏ညာဘက်ကပ်လျက်ရှိသော သစ်ပင်တစ်ပင်ပေါ်သို့ တက်ရောက်ခဲ့သည်ဟု ဆိုသည်။

အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများက ဂီရတ်ကိုကယ်တင်ရန် ဆင်သုံးကောင်နှင့် ရောက်ရှိလာချိန်ထိ ၎င်းမှာ သစ်ပင်ပေါ်၌ နှစ်နာရီမှ သုံးနာရီထိ တွယ်ဖက်နေခဲ့ရသည်။ သစ်ပင်မှာ သူ့အတွက် ဘေးအကင်းဆုံးနေရာဖြစ်ပြီး သစ်ပင်အား တွယ်ဖက်နေစဉ် ကျားကသစ်ပင်အား ဝိုင်းပတ်ခဲ့သေးသော်လည်း သူ့ကို မြင်တွေ့ခဲ့ခြင်းမရှိကြောင်း ဂီရတ်ကဆိုသည်။ ခရစ်ရှ်နာမှာ ကျား၏တိုက်ခိုက်မှုကြောင့် ခြေထောက်နှင့် လက်မောင်းများတွင် အသေးစားဒဏ်ရာများ ရရှိခဲ့သော်လည်း ခဏအကြာတွင် ၎င်းအား ဆေးရုံတင်ပို့ခဲ့သည်။ "ကျားက ခရစ်ရှ်နာရဲ့ နောက်ကိုလိုက်ပြီး မတိုက်ခိုက်ရင် ကျွန်တော်သေသွားနိုင်ပါတယ်" ဟု ဂီရတ်က ပြောကြားသည်။

ကာကွယ်စောင့်ရှောက်ထားသော နယ်မြေတစ်ခုဖြစ်သည့် ဘာဒီယာအမျိုးသားဥယျာဉ်က ထောင်နှင့်ချီသောခရီးသွားများကို နှစ်စဉ်ဆွဲဆောင်လျက်ရှိသည်။ အမျိုးသားဥယျာဉ်များနှင့် သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဌာန၏ အဆိုအရ နီပေါနိုင်ငံ၌ ကျားကောင်ရေ ၅၀ ခန့်ရှိကြောင်း သိရသည်။ **ကျိုနယူးစ်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Vasily B. Pospelov အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman အား ညနေ ၃ နာရီတွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H. E. Mr. Vasily B. Pospelov အား ညနေ ၃ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး H.E. Mr. Andrew Patrick အား ညနေ ၄ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး H.E. Mr. Andrew Patrick အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ရွေးကောက်ပွဲလွန်ကာလ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများအကြား ရွေးကောက်ပွဲလွန်ကာလ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ**(ယာပုံ)** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး ကော်မတီနှင့် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေး ကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းရေးအတွက် များစွာ အကျိုးကျေးဇူးရရှိခဲ့ပါကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကို ပိုမိုပြည့်စုံကောင်းမွန်သည့် ရွေးကောက်ပွဲများဖြစ်စေရန် အားနည်းချက်များကို ဖော်ထုတ်၍ မည်သို့ပြင်ဆင်ဆောင်ရွက်သင့်သည်ကို ပြန်လည်သုံးသပ်အကြံပြုကြရန်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး အတွက်လည်း ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။




ယင်းနောက် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်း၊ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်း၊ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ နိုင်ငံသားမှတ်ပုံတင်နှင့် ရွှေ့ပြောင်းလုပ်သားဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာ အစီအစဉ်များနှင့် ဖြစ်နိုင်ခြေရှိသောအန္တရာယ်များကို စီမံခန့်ခွဲခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ဆောင်ရွက်ချက်များ၊ ပြည်သူလူထုသို့ သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ မီဒီယာသို့ ရွေးကောက်ပွဲရလဒ်များကြေညာခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းကိစ္စရပ်များတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများအား တာဝန်ချထားခြင်းတို့နှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**




# အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ဖိုရမ်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အယ်လ်နီညိုသုံးသပ်ချက်ဖိုရမ် (El Nino Outlook Forum)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Park Royal ဟိုတယ်၌ကျင်းပရာ**(ဝဲပုံ)** မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင် နိုင်တီယမ်းနှင့် အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. N.M.S.L Arambepola တို့တက်ရောက်၍ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် မြန်မာနိုင်ငံဆိုင်ရာ အယ်လ်နီညိုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ရှုမြင်သုံးသပ်ဆွေးနွေးကြသည်။

ထို့ပြင် အဆိုပါဖိုရမ်သို့ အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လွန်ခဲ့သည့်လများအတွင်း ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်များ၊ ဖြစ်ပွားခဲ့သည့် အယ်လ်နီညိုဖြစ်စဉ်များကိုအခြေခံ၍ ဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုရာသီဥတုဆိုင်ရာ အခြေအနေများ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နှင့် စွမ်းအင်ကဏ္ဍများအပေါ် အယ်လ်နီညို သက်ရောက်နိုင်မှုအခြေအနေနှင့် ယင်းသက်ရောက်မှုများကို လျှော့ချနိုင်ရေးအတွက် လိုက်လျောညီထွေ ပြုမူဆောင်ရွက်သင့်သည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အများပြည်သူ ဝန်ဆောင်မှုကို အခြေပြုတဲ့ ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာပြီလား

ဆုနှင်းလဲ့

“အဘတို့ ငယ်ငယ်တုန်းက ရန်ကုန်မှာ လိုင်းကားတွေက တံဆိပ်တွေနဲ့ပြေးဆွဲကြတာ။ ဥပမာ ရွက်လှေတံဆိပ်နဲ့ ဘတ်စ်ကားဆိုရင် ဒါရန်ကုန်ဆိပ်ကမ်းကို ရောက်တယ်။ လေယာဉ်ပျံတံဆိပ်ဆိုရင် လေယာဉ်ကွင်းပေ့ါ။ မေးနေစရာမလိုဘူး။ တက်စီးသွားရုံပဲ။ နောက်တော့ နံပါတ်တွေနဲ့ဖြစ်သွားတယ်။ နံပါတ်တွေတိုးလာတာ ရှိသလို တချို့ပျောက်တဲ့နံပါတ်တွေ ပျောက်သွားတယ်။ နောက်တစ်ခါ ယောကျ်ားသက်သက်၊ မိန်းမသက်သက် စီးရတဲ့ကားတွေ၊ နှစ်စီးတွဲ ယာဉ်တွေဆိုတာ ဖြစ်လာပြန်ရော၊ အဲဒါဆိုရှယ်လစ်ခေတ်ပေ့ါ။ နောက်တော့ အဲဒါတွေပျောက်သွားပြီး ၁၉၉၀ ခုနှစ်ဝန်းကျင်မှာ ကိုရီးယားက ကားကြီးတွေ ဝင်လာပြီး မြို့ပတ်ယာဉ်ဆိုတာ ပေါ်လာတယ်။ အဲဒါလည်း ပျောက်သွားပြန်ပြီး ဒီဘက်ခေတ်ကလေးတွေ တော်တော်များများ မီကြတဲ့ အဲကွန်းဘတ်စ်ဆိုတာတွေ၊ အဲဒါလည်း ပိုက်ဆံတောင်းကောင်းအောင် လုပ်တာပဲထင်တယ်။ မအောင်မြင်ပြန်ဘူး။ နောက်တော့ အထူးကားတဲ့။ ဒါလည်း ထူးမခြားနားပဲဖြစ်သွားတယ်။ ဆိုလိုချင်တာကတော့ လုပ်တော့ လုပ်နေတာပဲ။ အစမကောင်းခဲ့တော့ အနှောင်းမသေချာဘဲ ဒုံရင်းက ဒုံရင်းပဲ ဖြစ်ခဲ့တာတွေကို ပြောချင်တာ။ လူတွေက မယုံကြတော့တာ” ဟု အသက် (၇၀) ကျော်အရွယ်ရှိ တရားလွှတ်တော်ရှေ့နေကြီး ဦးအေးချိုက ခေတ်အဆက်ဆက် ရန်ကုန်မြို့ပြ ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်၏ သမိုင်းကြောင်းများကို ပြောပြ၏။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးစကာလတွင် ရန်ကုန်မြို့နေ လူဦးရေသည် ခြောက်သိန်းခန့်ရှိလာသည်ဟု သိရပြီး နေ့စဉ်နှင့်အမျှ သွားလာမှုများအတွက် စစ်ကျန်ဘတ်စ်ကားများဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မြို့ပြ လူဦးရေမှာ ၁ ဒသမ ၅ သန်းသို့ ရောက်ရှိလာသည်ဟု သိရပြီး သာကေတ၊ သုဝဏ္ဏ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ စသည့် မြို့သစ်များ တိုးချဲ့ခဲ့ခြင်းနှင့်အတူ မြို့ပြ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရေးတို့တွင် လိုအပ်ချက်များ၊ အခက်အခဲများ ရှိလာခဲ့သည်ဟု သိရသည်။ ထိုကာလများတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပုဂ္ဂလိက ယာဉ်ပိုင်ရှင်တွေကသာ ဦးစီးလုပ်ကိုင်ခဲ့ကြပြီး ယုန်၊ ကြံ့၊ ပုစွန်၊ ရွက်လှေ၊ လေယာဉ်ပျံစသည်ဖြင့် အရုပ်တံဆိပ်များဖြင့် ခွဲခြားသတ်မှတ်ပြေးဆွဲခဲ့ရာမှတစ်ဆင့် နံပါတ်များကို ပြောင်းလဲသတ်မှတ်ခဲ့ကြပြန်ရာ ၁၉၆၂ ခုနှစ်တွင် ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်လိုင်းအမှတ် ၁ မှ ၁၆ အထိ၊ ယာဉ်အစီးရေအားဖြင့် ၁၅၀၀ ဝန်းကျင်ဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။ ထိုကာလ သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စစ်ကျန်ဘတ်စ်ကားများဖြစ်သည့် ချက်ပလက်၊ ဖို့ဒ်၊ ဂျီအမ်စီ၊ ဒေါ့ဂ့် ယာဉ်များဖြစ်သည်။

ယင်းသို့ဖြင့် ၁၉၇၄ ခုနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ ခရီးသည်တင်ယာဉ်အစီး ၃၆၀၊ မ.ထ.သ ခရီးသည်တင်ယာဉ် ၃၇၆ စီးတို့ဖြင့် ရန်ကုန်မြို့ ခရီးသည်ပို့ဆောင်ရေးကိုဆောင်ရွက်ခဲ့သည်။ ထိုကာလအထိ စစ်ကျန်ဘတ်စ်များသာ အားထားနေရဆဲပင်ဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်မြို့နယ်များ၊ ရွှေပေါက်ကံ၊ ပုလဲမြို့သစ်၊ ပဏ္ဍာမြားမြို့သစ် စသည့် မြို့သစ်များကို တိုးချဲ့တည်ဆောက်လာရာတွင် လူဦးရေသည်လည်း ပိုမို ထူထပ်များပြားလာရာ ယခင်ကသယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် လုံလောက်မှုမရှိတော့ဘဲ ယာဉ်လိုအပ်ချက်များရှိလာခဲ့သည်။ ထိုကာလအထိလည်း စစ်ကျန်ဘတ်စ်များသည် သယ်ယူပို့ဆောင်ရေး တာဝန်များကို အဓိကနေရာမှ ထမ်းဆောင်ဆဲပင်ဖြစ်ပြီး ဘီအမ်ဟီးနိုးများ၊ ကေအမ်ဟီးနိုး(ရိန်းဂျား)များအပြင် ကုန်တင်ယာဉ်အငယ်စားများဖြစ်သည့် ဒိုင်နာ၊ ဟိုင်းလပ်ယာဉ်များဖြင့်ပါ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်လာခဲ့ကြသည်။ အများပြည်သူ ဝန်ဆောင်မှုပေးသည့် သယ်ယူပို့ဆောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိဘဲ လိုအပ်ချက်အပေါ် လိုအပ်သလို ရေတိုနည်းလမ်းဖြင့်သာ ဖြေရှင်းခဲ့ကြသောကြောင့် မြို့ပြသယ်ယူပို့ဆောင်ရေးသည် ဝန်ဆောင်မှုအသွင်ဖြစ်ပေါ်မလာဘဲ ဝင်ငွေရရှိရန် စီးပွားရှာဖွေသည့် နည်းလမ်းတစ်ခုဖြစ်လာခဲ့သည်ဟု မြို့ပြရေးရာ ကျွမ်းကျင်သူ သုတေသီများက ဝေဖန်သုံးသပ်ကြသည်။




“တစ်ချိန်က ရန်ကုန်လူဦးရေ နည်းသေးတာရယ်၊ ကားတွေ နည်းသေးတာရယ် အဆင်ပြေပေမယ့် ရန်ကုန်ကို ရွှေ့ပြောင်း အခြေချလာသူတွေ များလာတာရယ်၊ မြို့ပြဖွံ့ဖြိုးမှုနဲ့ မြို့ပြဧရိယာချဲ့ထွင်လာမှုတွေက သယ်ယူပို့ဆောင်ရေးမှာ လိုအပ်ချက်တွေရှိလာတယ်။ မြို့ပတ်ရထားဆိုတာကလည်း အင်္ဂလိပ်က စနစ်တကျဖော်ဆောင်ခဲ့ပေမယ့် နောက်ပိုင်း မြို့ပြချဲ့ထွင်လာမှုမှာကြတော့ မြို့ပြဧရိယာအနှံ့လွှမ်းခြုံမရောက်ရှိဘူး။ မြို့ပတ်ရထားလမ်းကြောင်းတွေဟာ တချို့ လူနေရပ်ကွက်တွေ အိမ်တွေရဲ့ နောက်ဖေးလမ်းကြားတွေ၊ အမြင်မတော်တာတွေ ဖြစ်ကုန်ရော။ ဘတ်စ်ကားလိုင်းတွေကိုလည်း သက်ဆိုင်ရာက တာဝန်ယူဆောင်ရွက်ပေးတာမျိုးမဟုတ်ဘဲ တစ်ဦးတစ်ယောက်ချင်းပိုင် ယာဉ်ပိုင်ရှင်တွေကို စုစည်းပြီးပြေးဆွဲလာတာဆိုတော့ ဝင်ငွေရတဲ့ လမ်းပိုင်းကို ပြေးဆွဲချင်တဲ့သူတွေနဲ့ လိုင်းတွေများ၊ ကားလမ်းကြောင်းတွေ ထပ်ပြီး လမ်းကြောင်းရှုပ်ထွေးလာတယ်။ အဲလိုကနေ ယနေ့ ပြုပြင်ဖို့ တော်တော်ခက်သွားတဲ့ မြို့ပြပို့ဆောင်ရေးအခြေအနေတွေ ဖြစ်လာတာပဲ။ ဒါတွေကို စနစ်တကျနဲ့ ရေရှည်စီမံကိန်းနဲ့ဆောင်ရွက်ဖို့ဆိုတာမှာ အများပြည်သူရဲ့ စည်းကမ်းတကျ ပူးပေါင်းပါဝင်မှုလည်း လိုအပ်တယ်။ နောက်ပြီး အခုနောက်ပိုင်း ရထားပို့ဆောင်ရေးစနစ်ကို တဖြည်းဖြည်းချင်း အဆင့်မြှင့်တင်လာတာရယ်၊ ရထားတွဲတွေ လဲလှယ်လာတာတွေရယ်က ရထားကို လူအများ ပိုမိုအသုံးပြုနိုင်ဖို့တွေကိုလည်း အကောင်အထည်ဖော်သင့်တယ်။ ရထားနဲ့ ကားလမ်းကြောင်းနဲ့ ချိတ်ဆက်တဲ့စနစ်မျိုးတွေ အကောင်အထည်ဖော်သင့်တယ်”ဟု ရန်ကုန်မြို့ပြပို့ဆောင်ရေးဆိုင်ရာ သုတေသနစာတမ်းပြုစုခဲ့သူတစ်ဦးက သုံးသပ်သည်။

ရန်ကုန်မြို့ပြ ပို့ဆောင်ရေးတွင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတွင် အသုံးပြုပြီးသော တစ်ပတ်ရစ် စီးတီးဘတ်စ်များကို တင်သွင်းလာခဲ့ပြီး အသုံးပြုလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ နစ်ဆန်း၊ ဟီးနိုး၊ ဖူဆို၊ အီဆူဇူး၊ ဟွန်ဒိုင်း၊ ဒေဝူး စသည့်ဖြင့် နှစ်အလိုက် ယာဉ်များကိုတင်သွင်းခဲ့ကြသလို ဒိုင်နာ၊ ဟိုင်းလပ်၊ စစ်ကျန်ဘတ်စ်များကိုလည်း အားထားနေရဆဲပင်ဖြစ်သည်။ ထို့နောက်တွင်တော့ စစ်ကျန်ဘတ်စ်၊ ဒိုင်နာ၊ ဟိုင်းလပ်ယာဉ်များကို မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်တော့၊ ပြေးဆွဲရန် မသင့်တော့ဟုဆိုကာ ဂျပန်နိုင်ငံမှ တစ်ပတ်ရစ်ယာဉ်ကြီးများ၊ မီနီဘတ်စ်များနှင့် အစားထိုးပြေးဆွဲစေခဲ့ပြန်သည်။ အဲကွန်းဘတ်စ်၊ အထူးကားဟူ၍ အမည်အမျိုးမျိုးတပ် ပြေးဆွဲခဲ့ကြသော်လည်း ယနေ့အချိန်အထိ ခရီးသည်လိုအပ်ချက်နှင့်အညီ ပြည့်မီအောင် ပြေးဆွဲပေးနိုင်ခြင်းမရှိသေးသလို အများပြည်သူကို ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဘေးကင်းလုံခြုံမှုရှိသော သွားလာရေးစနစ်များ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးဟု မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်သည်။




ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သည် ခေတ်အဆက်ဆက်တွင် ပိုမိုတိုးတက်ကောင်းမွန်လာသည်ထက် ဆုတ်ယုတ်သွားသည့်သဘောတွင်ရှိနေသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမြို့ပြများတွင် ပိုမိုတိုးတက်ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်ကို ယနေ့တွင် ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်နေကြပြီပင်ဖြစ်သည်။ တစ်ချိန်က ရန်ကုန်နှင့် မြန်မာနိုင်ငံထက် များစွာနောက်ကျခဲ့သော မြို့ပြနိုင်ငံများသည်ပင်လျှင် တိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။ ရန်ကုန်မြို့သည် ယနေ့တွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် မဟုတ်တော့သော်လည်း အချက်အချာကျသည့် စီးပွားရေးမြို့တော်ပင်ဖြစ်သည်။ စီးပွားရေး မြို့တော်ဖြစ်သည်နှင့်အညီ ရန်ကုန်သည် တစ်နိုင်ငံလုံး၏ ဝင်ပေါက် ထွက်ပေါက်ဖြစ်သလို တစ်နိုင်ငံလုံး၏ မျှော်လင့်ချက်ဖြစ်သည်။ ရန်ကုန် ဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်သကဲ့သို့ ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ် တိုးတက်ခေတ်မီရန်မှာ မဖြစ်မနေ ပြုပြင်ပြောင်းလဲမှုများ၊ အဆင့်မြှင့်တင်မှုများကို ပြုလုပ်ရမည်ပင်ဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းပိုင် မော်တော်ယာဉ်များ၊ ခရီးသည်တင်ဆောင်သည့် ယာဉ်များမဟုတ်သည့် ကုန်တင်ယာဉ်အငယ်စား ဒိုင်နာ၊ ဟိုင်းလတ်ယာဉ်များဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခဲ့ကြရာမှသည် ယနေ့တွင် အများပြည်သူကို ဝန်ဆောင်မှုပေးသည့် အဆင့်မြင့်ဘတ်စ်ကားလိုင်းများကို အစိုးရမှ ဦးဆောင်မတည်၍ အကောင်အထည်ဖော်လာပြီဖြစ်ရာ အများပြည်သူကို အခြေပြုသည့် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်၏ ခြေလှမ်းအစဟု ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက်ကို ထူထောင်ကာ BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေသူတို့ကဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မုံရွာအကျဉ်းထောင်တွင် မီးဘေးအန္တရာယ်ကို သာမန်ထက်ပိုဂရုစိုက်ရန်လို

**မုံရွာ ဖေဖော်ဝါရီ ၁၆**

ပူပြင်းပြီးပွင့်လင်းရာသီသို့ ရောက်လာပြီဖြစ်သောကြောင့် မုံရွာအကျဉ်းထောင် တာဝန်ရှိသူများအနေဖြင့် မီးဘေးအန္တရာယ်ကို ဂရုပြုကာကွယ်ရမည်ဖြစ်သလို အကျဉ်းထောင်ဝန်ထမ်းများ၊ မိသားစုဝင်များအပြင် အကျဉ်းသား၊ အကျဉ်းသူများပါရှိနေသောကြောင့် မီးဘေးအန္တရာယ်ကို သာမန်ထက် ပိုမိုဂရုစိုက်ကြရမည်ဖြစ်ကြောင်း မုံရွာအကျဉ်းထောင် တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်က ပြောပြသည်။

လူသားအရင်းအမြစ်များ အားလုံးကို ဖျက်ဆီးပစ်နိုင်သော မီးဘေးကို ကြိုတင်ကာကွယ်နိုင်ရန် ပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်တွင် ဖေဖော်ဝါရီ ပထမပတ်အတွင်းက မုံရွာမြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းကျင်းပသည်။

“လူတိုင်းရဲ့ပတ်ဝန်းကျင်မှာ မီးကို အသုံးပြုနေရတဲ့အတွက် ဂရုစိုက်သတိထားဖို့ အထူးလိုအပ်သလို မီးကို ပေ့ါပေ့ါသုံးရင် အန္တရာယ်အလွန်ကြီးပြီး အကျိုးရှိရှိစည်းကမ်းတကျသုံးရင် လူသားတွေအတွက် အကျိုးပြုတယ်ဆိုတာကို အားလုံးအသိရှိဖို့ အရေးကြီးပါတယ်။ တကယ်လို့ မီးလောင်မှုဖြစ်ရင်လည်း စနစ်တကျငြိမ်းသတ်တတ်ဖို့လိုပါတယ်”ဟု မုံရွာမြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်ကိုကိုသက်က ပြောပြသည်။

မုံရွာအကျဉ်းထောင်တွင် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်း၊ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် မီးငြိမ်းသတ်နိုင်ရေးများကို မုံရွာအကျဉ်းထောင် တာဝန်ခံဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တိုက်ပွဲများအမြန်ဆုံးရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အရေးကြီးအဆိုတစ်ရပ်တင်သွင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အရေးကြီးအဆိုတစ်ရပ်တင်သွင်းခြင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်က **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် တိုက်ပွဲများ အမြန်ဆုံးရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုတစ်ရပ် တင်သွင်းခဲ့သည်။

အဆိုပါအရေးကြီးအဆိုအား ပြည်သူ့လွှတ်တော် ဆဋ္ဌမနေ့ပုံမှန်အစည်းအဝေးတွင် လက်ခံဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က **နိုင်ငံတကာဆက်ဆံရေးကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်သို့ တင်ပြသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **နိုင်ငံတကာဆက်ဆံရေးကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်နှင့် အတွင်းရေးမှူးအဖြစ် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကော်မတီတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းနှင့် အတွင်းရေးမှူးအဖြစ် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကော်မတီတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းနှင့် အတွင်းရေးမှူးအဖြစ် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ၊ ကော်မတီ(၃)ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ**(၃)ရပ် ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ** ကို ကော်မတီဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းနှင့် အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ**ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးနှင့် အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာပြည့်ဖြိုးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်လျာထားကြောင်း ကြေညာသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်းက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ** ကို ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာသန်းဝင်းနှင့် အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာဇော်လင်းထွဋ်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်လျာထားကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပရန်လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၆**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက တက်ရောက်ခွင့်ရှိသူ ၁၀၁ ဦးရှိသည့်အနက် ၁၀၀ ဦး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ဥပဒေပြုရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှု၊ တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကိုရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်မှ ကိုယ်စားလှယ်တစ်ဦး၏ နေ့တွက်စရိတ်တစ်ရက်စာ ငွေကျပ်နှစ်သောင်းနှုန်းဖြင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦးတို့၏ လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၂၀၂၀၀၀၀ လှူဒါန်းမှုအား လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း ဆောင်ရွက်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်အား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်၍ အချိန်မီ အကြောင်းကြားသွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# 2nd Asian Chinlone Championship & Sepaktakraw Friendly Match ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းနှင့် ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၆ ခုနှစ် 2nd Asian Chinlone Championship & Sepaktakraw Friendly Match ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဝေရောစနကျောက်စိမ်းစေတီတော်မြတ် ပရိဝုဏ်တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းနှင့် ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အိုလံပစ်ကော်မတီဝင်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းနေရာယူပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် မြန်မာပြည်သူများအနေဖြင့် မိမိတို့ချစ်မြတ်နိုးသော ရိုးရာခြင်းလုံးအားကစားနည်းအား နိုင်ငံတကာအဆင့်ပြိုင်ပွဲအနေဖြင့် ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုခွင့်ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်နေကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ မိမိတို့ရိုးရာခြင်းလုံးအားကစားနည်းအား အာရှနိုင်ငံ ၁၂ နိုင်ငံမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံများ၏ အိုလံပစ်ကော်မတီများအား အထူးကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ရိုးရာခြင်းလုံးအားကစားနည်းကို နိုင်ငံတကာမှ ယခုထက် ပိုမိုဆွဲဆောင်၍ ကျယ်ကျယ်ပြန့်ပြန့် စိတ်ပါဝင်စားလာမည်ကို ယုံကြည်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် တူညီသောအရည်အချင်းများဖြင့် အကောင်းဆုံးယှဉ်ပြိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံအချင်းချင်း ပိုမို၍ချစ်ကြည်ရင်းနှီးမှုရရှိရုံသာမက အနာဂတ်တွင် ယခုထက်မက နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ပြိုင်ပွဲအား မိမိတို့ဒေသ၌ လက်ခံကျင်းပခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့သည် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။




ထို့နောက် ခြင်းလုံးပြိုင်ပွဲ၏ ပထမဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် ကိုရီးယားနှင့် ကမ္ဘောဒီးယား အသင်းများနှင့် ဒိုင်လူကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင်နိုင်ငံများအဖြစ် အိမ်ရှင်မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ မလေးရှား၊ စင်ကာပူ၊ လာအို၊ ကိုရီးယား၊ ဂျပန်၊ အီရန်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားကာ ခန္ဓာကိုယ်ကြံ့ခိုင်တိုးတက်မှုအခြေအနေများနှင့် နံနက်စာကျွေးမွေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စက်မှုဝန်ကြီးဌာန အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)မှ ငွေကျပ် ၁၀၀၀၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်(ရုံးချုပ်)သို့ လာရောက်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဗိုလ်ချုပ်ဈေးသစ်ဈေးသူ ဈေးသားများ(မိသားစု)က ငွေကျပ် ၂၂၀၅၀၀၀၊ ဦးအောင်ဖေသန်းနှင့် ဒေါ်အေးအေးကြူ(မိသားစု)က ငွေကျပ် ၁၀၀၀၀၊ ဒေါ်တင်ရီ(မိသားစု)က ငွေကျပ် ၁၀၀၀၀၊ ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်က ငွေကျပ် ၁၇၀၀၀၀၊ United Paints Group Co.,Ltd.(UPG)(CSR Activity)က ငွေကျပ် ၅၀၀၀၀၀၀၊ မွန်ပြည်နယ် ဦးစီးမှူးရုံး၌ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်အသင်း မော်လမြိုင်ဇုန်က ငွေကျပ် ၁၆၆၀၀၀၀၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ သင်ကြားရေးဆေးရုံရှိ ဝန်ထမ်းမိသားစုက ငွေကျပ် ၁၁၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းကြသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာ ငွေကျပ် ၁၁၇၈၅၀၀၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၉၀၅၁၇၃၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဖျာပုံမီးဘေးသင့်ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီထောက်ပံ့

**ဖျာပုံ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်တွင် မီးဘေးသင့်ခဲ့ရသည့် ပြည်သူများထံသို့ ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီက အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် အခြားအသုံးအဆောင်ပစ္စည်း ၂၆ မျိုး အရေးပေါ်ထောက်ပံ့သည့် အဆိုပါအစီအစဉ်တွင် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်နှင့် (၁၇) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းလွင်နှင့် ရပ်မိရပ်ဖများ သွားရောက်၍ မီးဘေးသင့်ပြည်သူများအား အားပေးနှစ်သိမ့်စကားများပြောကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်သည် ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းက ဖျာပုံမြို့ (၁၇)ရပ်ကွက် မြို့ပတ်လမ်း ကျန်စစ်သားလမ်း အမှတ်(၄၅၈)ရှိ ဦးကျော်မင်းနေအိမ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး နေအိမ်နှစ်လုံး မီးလောင်ပျက်စီးကာ အိမ်ထောင်စုနှစ်စု၊ လူဦးရေခြောက်ဦး မီးဘေးသင့်ခဲ့ရကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# နမ့်ဆန်မြို့မီးဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**နမ့်ဆန် ဖေဖော်ဝါရီ ၁၆**

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက်တွင် အေးရှားဝေါလ်ဖောင်ဒေးရှင်းအဖွဲ့က ကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများလှူဒါန်းခဲ့ပြီး ဆက်လက်ထောက်ပံ့ကူညီရန် နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြသည်။ ထို့နောက် ဆရာတော် အရှင်ဝိမလအား နဝကမ္မအလှူတော်ငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# မြောက်ဦးမြို့၌ စတုတ္ထအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ နောက်ဆုံးနေ့ကျင်းပ

**မြောက်ဦး ဖေဖော်ဝါရီ ၁၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ စတုတ္ထအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ နောက်ဆုံးနေ့ကို မြောက်ဦးဟိုတယ်ခန်းမတွင် ယနေ့နံနက် ၈ နာရီခွဲက စတင်ဆောင်ရွက်ရာ ရွေးကောက်ပွဲနောက်ပိုင်း အမျိုးသားရင်ကြားစေ့ရေး၊ ဖက်ဒရယ်ပြည်ထောင်စုကဏ္ဍနှင့် စပ်လျဉ်း၍ ဦးဇင်လင်းက ဦးဆောင်ဆွေးနွေးကာ စိုင်းထွန်းအောင်လွင်၊ နော်အဲ့ဖောဝါးနှင့် ဒေါ်အေးနုစိန်တို့က အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တိုင်းရင်းမီဒီယာအပေါ် နိုင်ငံတကာအမြင်ရှုထောင့်၊ တိုင်းရင်းသားဒေသ လူမှုအဖွဲ့အစည်းဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များအပေါ် အမြင်နှင့် သက်ဆိုင်သည့်အကြောင်းအရာများ၊ အစိုးရသစ်နှင့်ပင်မမီဒီယာ၏ အခန်းကဏ္ဍတို့ကို အသီးသီးဆွေးနွေးခဲ့ကြပြီး တိုင်းရင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့လုပ်ဆောင်ရမည်၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ မီဒီယာလုပ်ငန်းစဉ်များ၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် သတင်းသမားများကာကွယ်ရေးကဏ္ဍများကို ဒေါ်မွန်မွန်မြတ်နှင့် ဒေါ်နန်းဖောဂေတို့က တင်ပြဆွေးနွေးကြသည်။



ဆက်လက်၍ တိုင်းရင်းမီဒီယာအဖွဲ့အစည်းများနှင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာ မြန်မာသတင်းအဖွဲ့(BNI)သည် ဒေသခံရခိုင်ပြည်နယ်အခြေစိုက်မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြောက်ဦးမြို့တွင် စတုတ္ထအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံတစ်ရပ်ကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ညီလာခံတွင် သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ပေါင်း ၂၈၀ တက်ရောက်ခဲ့ကြပြီး ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အခြေခံ၍ စတုတ္ထအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံမှ အချက်(၅)ချက်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# (၃၂)ကြိမ်မြောက် ဓမ္မာစရိယနှင့် ပထမပြန်မဟာဘွဲ့ နှင်းသဘင်အခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ လှူဒါန်းပူဇော်သည့် (၃၂)ကြိမ်မြောက် ဓမ္မာစရိယနှင့် ပထမပြန် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နိုင်ငံတော် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော မဟာဘွဲ့နှင်းနာယက ပင့်သံဃာဆရာတော်များ၊ ဘွဲ့နှင်းခံယူတော်မူကြမည့် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၂၀၀ ကျော်တို့ ကြွရောက်ချီးမြှင့်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် လယ်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တကာရုညထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ နိုင်ငံတော် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ ဇောတိက ဗန်းမော်ဆရာတော်က သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ နာယူကြည်ညိုကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာဘွဲ့နှင်းနာယကဆရာတော်များအား လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်အထူးအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် အလှူငွေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးတို့နှင့် တာဝန်ရှိသူများက ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်အထူးအောင် သီလရှင်များအား အောင်လက်မှတ်နှင့် အလှူငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြ၍ တာဝန်ရှိသူများက အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ဂုဏ်ထူးဆောင်၊ အထူးအောင်လူပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် ဆုများ ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဓမ္မာစရိယ အောင် သံဃာတော်များနှင့် သီလရှင်များအား အစီအစဉ်အတိုင်း အောင်လက်မှတ်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

### ❒ မြောက်ယမားဆည်မှ

စိုက်ဧက ၂၄၀၀ လျာထားရာမှာ တောင်သူများအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံစိုက်ဧက စုစုပေါင်းဧက ၂၉၇၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီမြောက်ယမားဆည်အနေနဲ့ ရေပေးနိုင်တဲ့ စိစစ်ဧရိယာ ဧက ၁၁၃၂၀ ရှိရာမှာ အမှန်ရေပေးနိုင်တဲ့ ဧက ၅၉၆၂ ဧကရှိပါတယ်။ တောင်သူများအနေနဲ့ ယာမှ လယ်ပြောင်းစနစ်ဖြစ်တဲ့ ဆည်ရေသောက်စနစ် ပြုပြင်နိုင်မယ်ဆိုရင် ဧက ၄၁၂၀ အထိတိုးချဲ့ပြီး ရေပေးနိုင်မှာ ဖြစ်ပါတယ်။ ကျန်တဲ့ ၁၂၃၈ ဧကကတော့ ကုန်းမြေမြင့်မှာ တည်ရှိတဲ့အတွက် ရေပေးဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တောင်သူတွေသာ အမှန်တကယ် စိုက်ပျိုးကြမယ်ဆိုရင် ပုံတောင်ခြေရှိ ဖလံပင်ကျေးရွာအနီးမှာ တည်ရှိတဲ့ ဧကပေ တစ်သိန်းကျော် ရေလှောင်နိုင်တဲ့ မြောက်ယမားရေကူတမံရှိတာကြောင့် မြောက်ယမားဆည်ကနေ စိုက်ဧက ၁၀၀၈၂ ဧကအထိ စိုက်ပျိုးရေကို လုံလုံလောက်လောက်နဲ့ပေးနိုင်ပါတယ်။ ဒီနှစ်နွေရာသီမှာ တောင်သူများအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံများကို စိုက်ပျိုးရေ လုံလုံလောက်လောက်နဲ့ စိုက်ပျိုးနိုင်အောင် ဖေဖော်ဝါရီ ၁၅ ရက်က စတင်ပြီး ဆည်ရေကို လွှတ်ပေးထားပြီဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ပုလဲမြို့နယ် လက်တောင်းကျေးရွာနေ တောင်သူကြီး ဦးသန်းလှိုင်က “ကျွန်တော်တို့ဒေသက မိုးခေါင် ရေရှားဒေသဆိုတော့ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကဆိုရင် သီးနှံဖြစ်ထွန်းအောင်မြင်မှု အားနည်းခဲ့ပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတော်အစိုးရက ကျွန်တော်တို့တောင်သူတွေအတွက် ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာနဲ့ စိုက်ပျိုးနိုင်အောင်ဆိုပြီး ဒီမြောက်ယမားဆည်ကြီး တည်ဆောက်ပေးခဲ့တဲ့နောက်မှာ ဒီဒေသကတောင်သူတွေ မြေကြီးက ရွှေသီးတဲ့ ခေတ်ကို ရောက်တော့တာပါပဲ။ ကျွန်တော့်အနေနဲ့ မနှစ်က မိုးရာသီမှာ မိုးစပါး ၁၀ ဧက စိုက်ပျိုးခဲ့ရာ မိုးကခေါင်ခဲ့ပေမယ့် မြောက်ယမားဆည်က ရေကို လုံလုံလောက်လောက်ရရှိတာကြောင့် မိုးစပါးက တစ်ဧကတင်း ၁၈၀ ကျော်ထွက်ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တောင်သူတွေရဲ့ စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်မှုမှသည် လူမှုစီးပွားဘဝမြင့်မားလာအောင်လို့ ဒီမြောက်ယမားဆည်ကြီးကို တည်ဆောက်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရ၊ ဆည်ကြီး ရေရှည်တည်တံ့အောင်နဲ့ တောင်သူတွေ စိုက်ပျိုးရေလိုအပ်ချိန်မှာလည်း ရေရရှိအောင်လို့ စေတနာထားပြီး ဆောင်ရွက်ပေးနေတဲ့ ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေကိုလည်း တောင်သူတွေ့ရဲ့ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်”ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

### ✪ နမ့်ဆန့်မြို့မှ

“ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မီးဘေးသင့်မင်္ဂလာရပ်နှင့် မြို့ဟောင်းရပ်ကွက်တွေအတွက် ပထမဦးစွာလုပ်ငန်းစဉ်အဖြစ် မြို့ကွက် (Town Plan) ကို စနစ်တကျရေးဆွဲနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုင်းတာရေးအဖွဲ့တွေက ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မီးလောင်မှုအတွေ့အကြုံများအရ အနာဂတ်ကာလတွင် မီးဘေးအန္တရာယ် ကာကွယ်နိုင်ဖို့အတွက် မီးသတ်ကား ဝင်/ထွက်လမ်းများ၊ မီးသတ်ရေကန်နှင့် ရေပိုက်လိုင်းများအတွက် မြေနေရာတွေကိုလည်း ဖော်ထုတ်သွားမှာဖြစ်သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပွင့်လင်းရာသီအတွင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးအောင်ကျော်က ပြောသည်။

နမ့်ဆန်မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းသို့ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များထံမှ ယနေ့အထိလှူဒါန်းရရှိငွေမှာ ငွေကျပ်သိန်းပေါင်း ၁၅၂၀၁ ကျော်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ပိုမိုဂရုပြုဆောင်ရွက်ရေး စက်သုံးဆီခြင်တွယ်မှု၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီက ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း နေပြည်တော်ရောင်းဝယ်ရေး အရာရှိရုံး ပျဉ်းမနားမြို့တွင် စက်သုံးဆီအရောင်းဆိုင်များမှ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆိုင်တာဝန်ခံများအားတွေ့ဆုံ၍ မီးဘေးလုံခြုံရေး ပိုမိုဂရုပြုဆောင်ရွက်ရေး၊ စက်သုံးဆီအခြင်အတွယ်၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေးကို တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ နေပြည်တော် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ဇော်ဦးက စက်သုံးဆီအရောင်းဆိုင်များတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး နေပြည်တော်မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာသတ်မှတ်ချက်များကို လုပ်ငန်းစဉ်အဆင့်များအလိုက် တိကျစွာလိုက်နာ ဆောင်ရွက်ရေးတို့အား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း နေပြည်တော်ရောင်းဝယ်ရေး အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထွန်းက မကြာမီ နွေရာသီရောက်ရှိလာတော့မည်ဖြစ်၍ မီးဘေးလုံခြုံရေး ပိုမိုဂရုပြုဆောင်ရွက်ရေး၊ ရေနံထွက်ပစ္စည်းများ သယ်ယူလက်ခံသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် မီးဘေးလုံခြုံမှုရှိစေရေး Petroleum Products Handling Process Rules & Regulations အား သတိပြုလိုက်နာဆောင်ရွက်ရေး၊ အခြင်အတွယ်နှင့် အရည်အသွေး မှန်ကန်စေရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် စက်သုံးဆီဈေးနှုန်းအား အနည်းဆုံးရသင့်သည့် အမြတ်ဖြင့် သင့်တင့်သော ဈေးနှုန်းဖြင့်သာ ရောင်းချသွားရေးကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၆၂ ဆိုင်နှင့် နေပြည်တော်လေဆိပ်ရှိ လေယာဉ်ဆီဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီမှ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆိုင်တာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**



## နံပါတ်ပြားမဲ့ယာဉ်များအား စစ်ဆေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့သည် ရန်ကုန်မြို့တွင်း၌ သွားလာလျက်ရှိသော မော်တော်ယာဉ်များ စည်းကမ်းတကျပြေးဆွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ရုံးပိတ်ရက်များပါမကျန် နေ့စဉ် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ယခုအခါတွင် ရန်ကုန်မြို့တွင်း၌ နံပါတ်ပြားတပ်ဆင်ခြင်းမရှိဘဲ မောင်းနှင်နေသော မော်တော်ယာဉ်များ တစ်နေ့တခြားများပြားလာနေသဖြင့် ကြပ်မတ်စစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သမိန်ဗရမ်းလမ်း ကြက်ဘဲဈေးမီးပွိုင့်နှင့် လဂွန်းအိမ်တံတားအကြားတွင် နံပါတ်ပြားတပ်ဆင်ထားခြင်းမရှိသော ယာဉ်တစ်စီးကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့သည်။ **(လင်းကိုကို)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ထင်းမီးပုံပူဇော်ပွဲနှင့် ထမနဲလှူဒါန်းပွဲ ကျင်းပမည်

**မိုးနဲ ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွိုင်မြေရပ်ကွက်ရှိ ဝိဇ္ဇရိယ်ကျောင်းတိုက်တွင် ဆရာဒကာစုပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရှမ်းစာပေဟောပြောပွဲ၊ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ (၁၂)လရာသီတွင် တပို့တွဲလရာသီ အချိန်ကာလသမယ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ထင်းမီးပုံပူဇော်လှူဒါန်းပွဲနှင့် ထမနဲလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

◆



နွားနို့တိုက်ပါ

ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့

ကျန်းမာသန်စွမ်းစေဖို့

ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့

အသားအရေ လှပစေဖို့

ကျောင်းနေအရွယ် သင့်ကလေးကို

နွားနို့တိုက်ပါစို့




## ညောင်တုန်းမြို့နယ် မဲဇလီကျေးလက်ဒေသအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးဆောင်ရွက်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စုမှ ဇီးဖြူကျွန်းကျေးရွာအုပ်စု ညောင်ဝိုင်းကြီးကျေးရွာအထိ ရန်ကုန်-ညောင်တုန်းကားလမ်းမကြီးပေါ်တွင် 11 KV ကောင်းကင်ဓာတ်အားလိုင်း ၇ မိုင်၊ မဲဇလီ-ဒလလမ်းဆုံမှ ပေါက်ကျိုင်း၊ ငှက်ပျောကျွန်း၊ ကျွန်းဦး၊ ခတ္တိယ၊ ဖိုးတာရွာကျေးရွာများအထိ 11KV ဓာတ်အားလိုင်း ၁၀မိုင် စုစုပေါင်း ၁၇ မိုင်ရှိ လျှပ်စစ်ဓာတ်အားလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေမှုများအား ဖေဖော်ဝါရီ ၁၅ ရက်က တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးအောင်သန်းကကြည့်ရှုစစ်ဆေးသည်။

ထို့နောက်33/11KV 5MVA, ဓာတ်အားခွဲရုံ Control Room အဆောက်အအုံနှင့် Swith Yard Foundation လုပ်ငန်းများအား ဆက်လက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်ရေးတို့အား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာအား မှာကြားသည်။ အဆိုပါ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မဲဇလီအုပ်စုအပါအဝင်ကျေးရွာအုပ်စုကြီးငါးရွာ၊ ကျေးရွာငယ်ပေါင်း၁၉ ရွာတို့အား မကြာမီဓာတ်အားရရှိပြီး အဆိုပါ ကျေးရွာအုပ်စုဒေသများ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်တော့မည်ဖြစ်ပြီး စီးပွားရေး၊ လူမှုရေးနှင့် ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



# ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဝင်းဘေး ရိုးကြီးချောင်းတစ်ဖက်ကမ်း မီးလောင်မှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ဝန်းကျင်တွင် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းဘေးရှိ ရိုးကြီးချောင်း၏တစ်ဖက်ကမ်းစပ်တွင်ရှိသော အင်းစိန်မြို့နယ် ငါးလုပ်ငန်းဝင်းအတွင်းရှိ ပလတ်စတစ်တံဆိပ်ရိုက်စက်ရုံတွင် ဝါယာရှော့ခ်မီးလောင်မှုဖြစ်ပွားသည်။

ယင်းမီးလောင်ရာသို့ မီးသတ်ယာဉ်အစီး ၄၀၊ လူနာတင်ယာဉ်များပါ ရောက်ရှိလာသည်။ နာရီဝက်ဝန်းကျင်မီးလောင်မှုဖြစ်ပွားပြီး ကောင်းကင်တစ်ခုလုံး မီးခိုးလုံးမည်းကြီးများ လိပ်တက်သည်ကို မြင်တွေ့ရသည်။ အဆိုပါမီးမှာ ညနေ ၅ နာရီခန့်တွင် ငြိမ်းသွားပြီး မီးလောင်ကျွမ်းရသည့်အကြောင်းရင်းကို အတိအကျထုတ်ပြန်မှုမရှိသေးကြောင်း သိရသည်။

လာရောက်မီးငြိမ်းသတ်သော မီးသတ်ကားများ အလွယ်တကူဝင်ရောက်နိုင်ရန် ယာဉ်ထိန်းရဲများရောက်ရှိလာသည့်အတွက် ယာဉ်ကြောရှုပ်ထွေးမှုရှိသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်းနှင့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် မီးငြိမ်းသတ်မည့်ယာဉ်များ လွယ်ကူစွာ မောင်းနှင်နိုင်သည်ကို တွေ့ရသည်။

ရိုးကြီးချောင်း၏ တစ်ဖက်ကမ်းသည် ဘုရင့်နောင်ပွဲရုံဝင်းဖြစ်ပြီး မြောက်ဘက်ခြမ်းသည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက်ထဲတွင် တည်ရှိသည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားသောနေရာအနီး ဘုရင့်နောင်လမ်းမကြီး၏အနောက်ဘက်လမ်းစပ်တွင် စက်သုံးဆီဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်ထားသည်။

အဆိုပါ မီးလောင်ချိန်သည် ဘုရင့်နောင်ပွဲရုံအတွင်းယာဉ်များသွားလာ၍မရအောင် ပိတ်ဆို့မှုဖြစ်သည့် ရက်နှင့် ကင်းလွတ်သည့်အတွက် လွယ်ကူစွာ မီးငြိမ်းနိုင်ခြင်းဖြစ်သည်။ အဆိုပါ ရိုးကြီးချောင်းတစ်ဖက်တစ်ချက်မှ မီးသတ်ယာဉ်များ ဝင်ရောက်ငြိမ်းသတ်ခြင်းဖြစ်ပြီး လာရောက်ကြည့်ရှုသူများအနေဖြင့်လည်း မီးသတ်ယာဉ်များ လွယ်ကူစွာ ဝင်ထွက်နိုင်ရန် အကူအညီပေးသည်ကို မြင်တွေ့ရသည်။

ပွဲရုံဝင်းအတွင်း စားအုန်းဆီသိုလှောင်ကန်၊ ပီပါ၊ လေအိုး၊ မီးအိုး၊ စက်သုံးဆီများ ရောင်းဝယ်၊ သိုလှောင်၊ နယ်ပို့မှုများရှိနေရာ လျှပ်စစ်မီးမှာလည်း ရန်ကုန်မြို့တွင်း မြို့နယ်များထက် ပိုမိုပြတ်တောက်မှုများသည့်အတွက် ပူပြင်းလာသော ယခုအချိန်တွင် မီးဘေးအထူးစိုးရိမ်ရသည်ဟု ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။

**သတင်း-မောင်စေအောင်**
**ဓာတ်ပုံ-မြင့်ဦး(အင်းစိန်)**



## ဇလွန်မြို့နယ် အုတ်ရှစ်ကွင်းကျေးရွာအုပ်စု ရိုးကြီးကျေးရွာတွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**ဇလွန် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် အုတ်ရှစ်ကွင်းကျေးရွာအုပ်စု ရိုးကြီးကျေးရွာတွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရိုးကြီးကျေးရွာနေ အောင်ဇော်ချစ်၏နေအိမ်နောက်ဘေး မီးဖို မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်ငါးလုံး မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုတွင် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ အထက်ပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ပြန်/ဆက်)**



## ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးဆွေးနွေး

**ညောင်တုန်း ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ၂၀၁၆ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖေဖော်ဝါရီ ၂၀၊ ၂၂ ရက်များတွင် တိုက်ကျွေးမည့် ရှတ်တရက်ပျော့ခွေအကြောသေ ပိုလီယိုရောဂါ ဆေးတိုက်ကျွေးမည့်အစီအစဉ်ကို မြို့နယ် အုပ်ချုပ်ရေးဦးစီးဌာန ရပ်/ကျေးအစည်းအဝေးတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးက အသိပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်

**ပေါင်းတည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြို့ပင်အုပ်စု ဘိုကုန်းကျေးရွာနှင့် ကြို့ပင်ကျေးရွာတို့တွင် လိုင်းဖျားဗို့အားကျဆင်းနေပါသဖြင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ တိုင်းဒေသကြီးပိုလျှံ ဘတ်ဂျက်ရန်ပုံငွေဖြင့် 11KV လိုင်း ပေ ၃၀၀ နှင့် 100KVA ထရန်စဖော်မာတစ်လုံးတို့အား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကြည် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် တည်ဆောက်ပြီးစီးပြီဖြစ်၍ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ဓာတ်အားစတင်ဖြန့်ဖြူးထားကြောင်း သိရသည်။

**(၄၉၇)**

# စက်သုံးဆီတင်သည့် ဆိပ်ကမ်းတစ်ခုကို လူနေရပ်ကွက်နှင့် ဝေးရာနေရာတွင် တည်ထောင်ပေးသင့်

**မုံရွာ ဖေဖော်ဝါရီ ၁၆**

ချင်းတွင်းမြစ်သွား ကုန်တင်ရေယာဉ်ကြီးများပေါ်တွင် စက်သုံးဆီလောင်စာများ တင်ဆောင်သည့်ဆီတင်ဆိပ်ကမ်းအဖြစ် သီးသန့်သတ်မှတ်ပေးထားခြင်း မရှိသေးသောကြောင့် သလ္လာဝတီချောင်းမ အုန်းပင်ဆိပ်စသော မုံရွာကမ်းနားတစ်လျှောက် လူနေရပ်ကွက် ဒေသခံများအနေဖြင့် မီးဘေးဖြစ်လာမည်ကို စိုးရိမ်နေကြောင်း သိရသည်။

ဆိပ်ကမ်းတစ်လျှောက် ဆိုက်ကပ်ထားသော ကုန်တင်ရေယာဉ်သံကိုယ်ထည်ကြီးများပေါ်သို့ လောင်စာဆီထည့်ထားသော သံစည်ပိုင်းများ လိုမ့်တင်ဆောင်နေသည်ကို တွေ့ရသည်။ ထိုသို့လိုမ့်၍ တင်ဆောင်နေခြင်းသည် တည်ငြိမ်သဘာဝလျှပ်စစ်နှင့် ပွတ်တိုက်မှုများကြောင့် မီးစတင်ဖြစ်ပေါ်ကာ ပတ်ဝန်းကျင်သို့ ကူးစက်လောင်ကျွမ်းနိုင်သောကြောင့် လူနေရပ်ကွက်နှင့် ဝေးသောနေရာတွင် သီးသန့်စက်သုံးဆီတင်နေရာကို သတ်မှတ်ပေးသင့်ကြောင်း သလ္လာဝတီရပ်ကွက်နေဒေသခံတစ်ဦးက ပြောပြသည်။

"အခုအချိန်က ရာသီပူလာစဆိုတော့ မီးရေးထင်းရေး စိုးရိမ်လာရပြီ။ မုံရွာဆိပ်ကမ်းတစ်လျှောက်မှာ ကုန်တင်ရေယာဉ်တွေပေါ် ဆီပီပါတွေလိုမ့်တင်တာ လန့်စရာကြီးပါ။ တင်တဲ့ပီပါတွေကလည်း ဘေးမှာအများကြီး။ တင်တဲ့ မော်တော်ကိုယ်ထည်ကလည်း သံကိုယ်ထည်ဆိုတော့ လိုမ့်တဲ့ပွတ်အားနဲ့ပူပြီး မီးထတောက်မှာစိုးရိမ်ရပါတယ်။ ဆီတင်ရမယ့်နေရာသတ်သတ်မှတ်မှတ် လုပ်ပေးဖို့သင့်ပါတယ်" ဟု သလ္လာဝတီရပ်ကွက်နေသူက ပြောပြသည်။

ရေယာဉ်ကြီးများ မီးဘေးအန္တရာယ်နှင့် ကြုံတွေ့ရလျှင် ပျက်စီးဆုံးရှုံးရမှုတန်ဖိုးမှာ အလွန်ကြီးမားပြီး စက်သုံးဆီ အရောင်းကုန်သည်ကြီးများအနေဖြင့်လည်း စီးပွားရေးပျက်စီးဆုံးရှုံးခဲ့ရသောအဖြစ်များ ကြုံတွေ့ခဲ့ရဖူးခြင်းကြောင့် အဆိုပါကိစ္စကို တာဝန်ရှိသူများအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သင့်နေပြီဖြစ်ကြောင်း သိရသည်။

ယခုလတ်တလော စက်သုံးဆီပီပါ တင်ဆောင်နေသည်များကို မြို့နယ်မီးဘေးတားဆီးကာကွယ်ရေးကော်မတီအနေဖြင့် မကြာခဏ သွားရောက်စစ်ဆေးခြင်းများ၊ အသိပညာပေးခြင်းများကို ဆောင်ရွက်သင့်သလို ရေယာဉ်များပေါ်တွင် အရေးပေါ် မီးသတ်ဆေးဘူးထားရှိမှုမှာ အလွန် နည်းနေသေးသည့်အပေါ် မဖြစ်မနေ ထားရှိသွားရန်များကို ကြပ်မတ် ဆောင်ရွက်သင့်ကြောင်း သလ္လာဝတီရပ်ကွက်နေသူက အကြံပြုထားသည်။

မုံရွာမြို့သည် ချင်းတွင်းမြစ်၏ အဓိက ကုန်စည်တင်ပို့ဖလှယ်ရာ မြို့ဖြစ်သည့်အလျောက် ကုန်စည်ကူးသန်းမှုများနေ့စဉ်ရှိရာ ကုန်တင်ရေယာဉ်အသင်း ၁၈ သင်းရှိပြီး ကုန်တင်ရေယာဉ်အစင်း ၄၇၀ နှင့် လူစီးသီးသန့်အမြန်ရေယာဉ် အသင်းရှစ်သင်းရှိပြီး အမြန်ရေယာဉ် ၁၂၉ စင်းရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■

# ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ (၁၅)ကြိမ်မြောက်နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲကို လာမည့် ဧပြီ ၂ ရက်(စနေနေ့)နံနက် ၈ နာရီတွင် အဆိုပါဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ထိုနေ့တွင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါနအသက်ကယ်နိုင်ရန်ရည်မှန်း၍ စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့် အဖွဲ့ကလာရောက်လက်ခံကြမည်ဖြစ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန(ဖုန်း-၇၃၀၀၆၄၄၆)၊ သီလရှင်များ ပြင်ပလူနာဌာန (ဖုန်း-၅၄၂၇၀၆)၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန (ဖုန်း-၅၅၂၅၄၂)၊ ဆေးရုံအုပ်ကြီးရုံး (ဖုန်း-၅၅၈၄၃၄)၊ လူမှုဆက်ဆံရေးဌာနစု (ဖုန်း-၅၄၁၇၉၅)တို့သို့ လူကိုယ်တိုင် (သို့မဟုတ်) ဖုန်းဖြင့် မတ် ၃၁ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု စစ်ဆေး

**မူဆယ် ဖေဖော်ဝါရီ ၁၆**

တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသလုံခြုံရေးနှင့် အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မူဆယ်မြို့နယ်အတွင်း ဆောက်လုပ်ထားသော ဂိုဒေါင်များအား ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး စိုးသန်း၊ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့က ဂိုဒေါင်ဆောက်လုပ်ခွင့်၊ သိုလှောင်ခွင့်၊ ဖြန့်ဖြူးခွင့်လိုင်စင်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေနေများကို စစ်ဆေးခဲ့သည်။

စွမ်စော်ရပ်ကွက်နှင့် ကောင်းမူတုံရပ်ကွက်တို့အား ပထမအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အခြားရပ်ကွက်များသို့ (အပတ်စဉ်) ရှောင်တခင် ဝင်ရောက်စစ်ဆေးသွားမည်ဟု ရဲမှူးစိုးသန်းက ပြောသည်။

**ဆရာမောင် (မူဆယ် )**



# ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးများ၊ အာဟာရပြည့်အစားအစာများ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

"ပရဟိတဆိုတာ နာမည်ကြီးသူတိုင်း မလုပ်နိုင်ဘူး၊ ပိုက်ဆံရှိသူတိုင်း မလှူနိုင်ဘူး။ ခွန်အားရှိသူတိုင်း မကူညီနိုင်ဘူး။ အချိန်အားသူတိုင်း စိတ်မဝင်စားဘူး။ ပျော်ရွှင်ငြိမ်းချမ်းပြီး မေတ္တာတရားရှိသူများသာ လုပ်နိုင်တာဖြစ်တယ်" ဟု ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ (၈)လမ်း စေတနာအခမဲ့ဆေးခန်းမှ ကုသပေးသည့် လူနာ ၁၀၀၀၀ ပြည့် ဂုဏ်ပြုလှူဒါန်းပွဲတွင် ဆေးခန်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်က ပြောသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာတွင် လူနာအမှတ်စဉ် (၉၉၉၉)နှင့် (၁၀၀၀၁)ကိုပါ ပေးအပ်ခဲ့ကြောင်း သိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးများ၊ အာဟာရပြည့်အစားအစာများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# နေကြာဈေးနှုန်းကျမှုကြောင့် ဆောင်းမြေပဲစိုက်ပျိုးမှုများလာ

**အင်းတော် ဖေဖော်ဝါရီ ၁၄**

နေကြာဈေးနှုန်းကျဆင်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရှိ တောင်သူများ ဆောင်းမြေပဲစိုက်ပျိုးမှုများပြားလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ရွာက တောင်သူတွေ ယခင်နှစ်တွေကတည်းက နေကြာကို အဓိကစိုက်ပျိုးကြပါတယ်။ အထွက်နှုန်းလည်းကောင်းပါတယ်။ နေကြာဈေးတွေက လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်က နေကြာတစ်တင်းကို ကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ အထိ ဈေးကောင်းရခဲ့ပေမယ့် ၂၀၁၃ ခုနှစ်ကစပြီး နေကြာတစ်တင်း ကျပ် ၄၀၀၀၊ ၅၀၀၀ သာ ဈေးရတဲ့အတွက် တောင်သူတွေ တွက်ခြေမကိုက်ဖြစ်လာတယ်။ နေကြာဝယ်လက်ကလည်း နည်းလာတယ်။ ဒါကြောင့် ဆောင်းမြေပဲတွေကို ၂၀၁၄ ခုနှစ်ကစပြီး စမ်းသပ်စိုက်ပျိုးခဲ့တာ မြေပဲအဆန် တစ်တင်းစိုက်ကို မြေပဲအခြောက် တင်း ၆၀ ဝန်းကျင် ထွက်ပါတယ်။ မနှစ်က မြေပဲအခြောက်တစ်တင်းကို ကျပ် ၁၁၀၀၀ ဝန်းကျင်အထိ ရောင်းချခဲ့ရတာကြောင့် မြေပဲစိုက်သူ များလာတာဖြစ်ပါတယ်"ဟု ကျောက်ဆင်ရွာမှ တောင်သူဦးစိုးမြင့်က ပြောသည်။

"ကျွန်တော်တို့ ပဲစိုက်တောင်သူတွေကို ဆီစက်ပိုင်ရှင်တွေက မြေပဲမျိုးတွေ လိုသလောက်ထုတ်ပေးကြပါတယ်။ ပဲပေါ်ချိန်မှာ ပဲမျိုးထုတ်ပေးကြတဲ့ ဆီစက်ပိုင်ရှင်တွေဆီ ကျွန်တော်တို့မြေပဲတွေကို ပေါက်ဈေးနဲ့သွင်းကြရပါတယ်။ အဲဒီ ပေါက်ဈေးနဲ့ ကျွန်တော်တို့ကို စိုက်ထုတ်ပေးထားတဲ့ ပဲမျိုးဖိုးတွေကို ပဲပေါ်ချိန်ကျမှ ပြန်လည်ကောက်ခံပါတယ်" ဟု ကျောက်ဆင်ရွာမှ တောင်သူ ဦးနိုင်လင်းအောင်က ပြောသည်။

လက်ပန်တန်း၊ သက္ကယ်ကျင်း၊ ထန်းတောနှင့် ကျောက်ဆင်ကျေးရွာများမှ တောင်သူများသည် မဲဇာချောင်းဘေးမြေများတွင် ဆောင်းသီးနှံများကို အားထားစိုက်ပျိုးကြပြီး ယခင်နှစ်များစွာက နေကြာတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြသည်။ လွန်ခဲ့သော လေးနှစ်ခန့်မှ စတင်ကာ နေကြာဈေးနှုန်းကျဆင်းမှုကြောင့် နေကြာစိုက်တောင်သူများ လျော့နည်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မောင်ချစ်လင်း)**





လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး လက်အောက်ရှိ အလုံမြို့နယ် အမှတ်(၄) မူလတန်းကြိုကျောင်း ၌ ဖေဖော်ဝါရီ ၁၁ ရက်က ကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ပြုလုပ်ရာ အလုံမူကြို၊ အမှတ်(၂) ပုဇွန်တောင်မူကြို၊ စမ်းချောင်းမူကြို၊ ကျွန်းတောမူကြိုကျောင်းများမှ ကလေးငယ် ၅၀၀ ကျော်တို့ မိဘများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

(ကြေးမုံ)

# ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**မော်လမြိုင် ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ နိုင်ငံသားကွင်းဆင်းစီမံချက်အရ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ မော်လမြိုင်တွင်ကျင်းပရာ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျောင်းသားကျောင်းသူ ၃၂၃ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကိုလည်းကောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျောင်းသား ကျောင်းသူ ၂၂၂ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကိုလည်းကောင်း၊ မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးရှိန်ဝင်းက အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရခြင်းအကြောင်း သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

မော်လမြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသည် အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းစီမံချက်ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ မော်လမြိုင်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျောင်းပေါင်း ၃၅ ကျောင်း၊ ကျောင်းသား ကျောင်းသူ ၂၃၃၄ ဦးအား ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၇ - ၂ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (2016 Myanmar investment outlook Seminar) (အပိုင်း-၄)
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉ း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၀း၃၅ အောင်မြင်သူနှင့်အတူ
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၅)
၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (နေရှုဘီနှင့် စလူကာ)

ညပိုင်း
၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (2016 Myanmar investment outlook Seminar) (အပိုင်း-၄)
၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်)
၅း၃၅ နည်းပညာမြင့် ခေတ်ကြီးထဲက ကျွမ်းကျင်လက်မှုပညာရှင်များ "အလွန်ကြီးမား သောသဘော်ာပန်ကာများ"
၆း၁၅ Yes or No Talk Show (Love Marriage or Arranged Marriage) (Part-1)
၆း၅၀ အယ်လ်နီညို
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၅)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၆) မှတ်မှတ်သားသားပုံပြင်များ "ရေကူးညာတင်"

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -နှောင်းခေတ်တေးပဒေသာ
၆း၂၀ ပြည်သူ့နီတိ "ဆိတ်ကွယ်ရာ"
၆း၄၀ တေးဂီတအစီအစဉ်
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၄)
၇း၄၂ နိုင်ငံခြားဇာတ်လမ်းတွဲ ရွှေထီးဆောင်းမိသားစု (အပိုင်း-၁၀)
၈း၃၀ ပြည်သူ့နီတိ "ကိုယ့်ကိစ္စမဟုတ်ဘူး"
၈း၄၅ Catch Asia News
၉း၀၀ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတ
၉း၂၅ မြန်မာရုပ်ရှင် (ဖျော်/မည်း) "အတွယ်အတာ" (ဝင်းဦး၊စန္ဒာ) (ဒါရိုက်တာ-ဝင်းဦး)
၁၂း၀၀ အစီအစဉ်ပြီး၏။

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "လူတော်နှင့် လူကောင်း" တရားတော် [ဆရာတော်အရှင်ဥတ္တရ (ကျိုက်ဒေးယုံဆရာတော်)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၄)
၁၁း၂၀ ဟင်းချက်ရအောင်
၁၁း၄၀ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၄)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၂၁)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၅)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၆)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၂၂)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၅)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၅)
၁၀း၁၅ Let's Talk
၁၁း၁၀ World of Knowledge

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၁ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၁၁၇)
၆း၁၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ အပိုင်း(၂၉)
- ရယ်စရာပျော်စရာဟာသကမ္ဘာ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အရိပ်လေး အပိုင်း(၄)

# ၂၀၁၆ရဲ့ ဂရမ်မီဆုရှင်များ






ဟောလိဝုဒ်ရဲ့ဂီတနဲ့ပတ်သက်တဲ့ အထင်ကရဆုပေးပွဲကြီးဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကြီးကို ဖေဖော်ဝါရီ ၁၅ရက် ညပိုင်း(အမေရိကန်ဒေသစံတော်ချိန်)က ကျင်းပခဲ့ရာ တေးဂီတလောကမှ အကျော်အမော်များ တက်ရောက်ဖျော်ဖြေခဲ့ကြပါတယ်။ ယင်းဆုပေးပွဲကြီးရဲ့ ဂရမ်မီဆုတွေကို သိမ်းပိုက်နိုင်ခဲ့ကြတဲ့ တေးသံရှင်တွေထဲမှာ ဆုလျာထားစာရင်းမှာ အများဆုံးနေရာရခဲ့ကြတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ တေလာဆွစ်၊ သယ်ဝိခ်ကန်းဒ်နဲ့ ဂျက်စတင်ဘီဘာတို့လည်း ပါဝင်ခဲ့ကြပါတယ်။

အခြားသော တေးသံရှင်တွေဖြစ်ကြတဲ့ ကန်းဒရစ်လမ်မာ၊ ဘရူနိုမားစ်၊ မာ့ခ်ရွန်စန်၊ အက်ဒ်ရှီးရန်၊ အယ်လ်ဘားမားရှိတ်စ်နဲ့ ခရစ်စတက်ပ်လက်တွန်တို့လည်း ဆုတွေအသီးသီးရရှိခဲ့ကြပါတယ်။

တေလာဆွစ်ကတော့ သူ့ရဲ့နောက်ဆုံး ထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Bad Blood"မှာပါဝင်တဲ့ ခေါင်းစဉ်တေးဖြစ်တဲ့ "Bad Blood"ရဲ့ တေးသီချင်းဗီဒီယိုနဲ့ အကောင်းဆုံးတေးဗီဒီယိုဆုအတွက် ဂရမ်မီဆုကို ဆွတ်ခူးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုမှာ နာမည်ကျော်အဆိုတော်တွေနဲ့ သရုပ်ဆောင်၊ မော်ဒယ်လ်များစွာက တေလာနဲ့အတူတွဲဖက်ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ယင်းတေးဗီဒီယိုဟာ တောင်ကိုရီးယား အမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "2NE1" ရဲ့ တေးဗီဒီယိုကို တုပရိုက်ကူးခဲ့တာဖြစ်တယ်လို့လည်း မီဒီယာတွေက စွပ်စွဲပြောဆိုခဲ့ပါသေးတယ်။ ဒါ့အပြင် တေလာဆွစ်ရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ဦးဖြစ်ခဲ့ပေမယ့် သူနဲ့ ဆက်ဆံရေးအဆင်မပြေတော့တဲ့ အဆိုတော်ကတ်တီပယ်ရီကလည်း ယင်းတေးသီချင်းဟာ သူ့ကိုရည်ရွယ်တိုက်ခိုက်တာ ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

အဲဒီလိုဝေဖန်ခံရမှုတွေထဲက ယင်းတေးဗီဒီယိုဟာ ဂရမ်မီဆုကို ပိုင်ဆိုင်နိုင်ခဲ့ပြီးနောက် အဆိုတော်တေလာဆွစ်က ယင်းတေးဗီဒီယိုမှာ သူနဲ့အတူပါဝင်သရုပ်ဆောင်ခဲ့တဲ့ သူ့ရဲ့ သူငယ်ချင်းတစ်ဦးဖြစ်တဲ့ အဆိုတော်ဆယ်လီနာဂိုမက်ဇ်နဲ့အတူ ၎င်းတို့နှစ်ဦး အဆိုပါ ဆုအတွက် အံ့အားသင့်သွားခဲ့ရပုံကို ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်တစ်ခုကိုလည်း သူ့ရဲ့ လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ဖော်ပြခဲ့ပါတယ်။ အဆိုတော်ဂျက်စတင်ဘီဘာကတော့ "Where Are U Now" တေးသီချင်းနဲ့ အကောင်းဆုံးအကဆုကို ရရှိခဲ့ပြီး သယ်ဝိခ်ကန်းဒ်ကတော့ "Fifty Shades of Grey"ရုပ်ရှင်ရဲ့ ဇာတ်ဝင်တေး "Earned It"အတွက် အကောင်းဆုံး အာရန်ဘီတေးသီချင်းဆုနဲ့ "Beauty Behind the Madness" တေးအယ်လ်ဘမ်နဲ့ အကောင်းဆုံး မြို့ပြ ခေတ်ပြိုင်တေးအယ်လ်ဘမ်ဆုတို့ကို ရရှိခဲ့ပါတယ်။

ယခုနှစ်ရဲ့ (၅၈) ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကို အဆိုတော်တေလာဆွစ်ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း "Out Of The Woods"ကို ဖျော်ဖြေတင်ဆက်မှုနဲ့အတူ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ လေဒီဂါဂါကလည်း လွန်ခဲ့တဲ့ ဇန်နဝါရီ ၁၀ ရက်က ကွယ်လွန်သွားခဲ့တဲ့ ရော့ခ်အဆိုတော်ဒေးဗစ်ဘော်ဝီကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့တေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့ပါတယ်။ အဲဒီလိုဖျော်ဖြေရာမှာ ဂါဂါက ဆံပင်ကိုလိမ္မော်နီရောင်ဆိုးကာ မျက်နှာကိုလည်း ဆေးနီတွေခြယ်ပြီး ဒေးဗစ်ဘော်ဝီရဲ့ ဟန်အတိုင်းပြင်ဆင် တင်ဆက်သွားခဲ့ပါတယ်။ အဆိုတော် ရီဟားနားကတော့ ယင်းဂရမ်မီညမှာ ဖျော်ဖြေဖို့ရာစီစဉ်ထားခဲ့ပေမယ့် ကျန်းမာရေးမကောင်းတာကြောင့် ဆုပေးပွဲမကျင်းပမီ မိနစ်ပိုင်းအလိုကမှ သူ့ရဲ့ဖျော်ဖြေမှုကို ဖျက်သိမ်းခဲ့ပါတယ်။

# အကယ်ဒမီဆုနဲ့ ပိုမိုနီးစပ်လာတဲ့ လီယိုနာဒိုဒီကာပရီယို




ပြီးခဲ့တဲ့လအတွင်းက ရောင်းအားအကောင်းဆုံးရုပ်ရှင်စာရင်းမှာ နံပါတ်တစ်နေရာကို သီတင်းတစ်ပတ်ခန့် ပိုင်ဆိုင်ထားနိုင်ခဲ့တဲ့ မင်းသားလီယိုနာဒိုဒီကာပရီယိုခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင် " The Revenant"ဖြင့် ဖေဖော်ဝါရီ ၁၄ရက်(တနင်္ဂနွေ)က ကျင်းပခဲ့တဲ့ British Academy of Film and Television Arts ဆုပေးပွဲမှာ လီယိုနာဒိုဟာ အကောင်းဆုံး သရုပ်ဆောင်ဆုကို ပိုင်ဆိုင်နိုင်ခဲ့တဲ့အတွက် လီယိုနာဒိုအဖို့ အဆိုပါရုပ်ရှင်ဖြင့် အော်စကာဆုပေးပွဲလို့ လူသိများတဲ့ ဟောလိဝုဒ်ရဲ့အကယ်ဒမီဆုပေးပွဲကြီးမှာလည်း ဆုထပ်မံရရှိဖို့ မျှော်လင့်ချက်တွေ တိုးလာခဲ့ရကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လီယိုနာဒိုဟာ ဖေဖော်ဝါရီ ၂၈ရက်မှာ ကျင်းပမယ့် အော်စကာဆုပေးပွဲကြီးမှာ ယင်းရုပ်ရှင်နဲ့ အကောင်းဆုံးဇာတ်ဆောင်ဆုအပါအဝင် ရုပ်ရှင်ထူးချွန်ဆုတွေအတွက် လျာထားခြင်းခံထားရပါတယ်။ လတ်တလောမှာလည်း လီယိုနာဒိုဟာ အဆိုပါရုပ်ရှင်ဖြင့် ရွှေကမ္ဘာလုံးဆုပေးပွဲအပါအဝင် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွေမှာ ဆုတံဆိပ်တွေကို ပိုင်ဆိုင်ထားနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အမေရိကန်လူမျိုး သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ လီယိုနာဒိုဟာ အကယ်ဒမီဆုအတွက် ငါးကြိမ်တိုင်တိုင် ဆုလျာထားစာရင်းမှာ ဖော်ပြခြင်းခံခဲ့ရပေမယ့် ပိုင်ဆိုင်နိုင်ခြင်းမရှိသေးတာမို့ ဒီနှစ်အကယ်ဒမီဆုကို သူ့ရဲ့ပထမဦးဆုံးသော အကယ်ဒမီဆုအဖြစ် ပိုင်ဆိုင်ခွင့်ရမှာလားဆိုတာကိုတော့ ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းမှာ စောင့်မျှော်ကြည့်ရှုကြရမှာပဲ ဖြစ်ပါတယ်။

# ဝေဖန်မှုတွေအပေါ်ဖြေရှင်းပုံကို ဖွင့်ဟလာတဲ့ ချွဲဂျီဝူး

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ချွဲဂျီဝူးက အနုပညာရှင်တစ်ဦးအနေနဲ့ ဝေဖန်မှုတွေနဲ့ ကြုံလာရတဲ့အခါ ယင်းဝေဖန်မှုတွေအပေါ် ထားရှိတဲ့စိတ်ထားနဲ့ ဖြေရှင်းပုံတွေကို အင်တာဗျူးတစ်ခုမှာ ရင်ဖွင့်ခဲ့တာကို ဒရမ်မာစကားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ချွဲဂျီဝူးကို ဖေဖော်ဝါရီ ၁၇ရက်မှာ ထွက်ရှိမယ့် သူ့ရဲ့ရုပ်ရှင်သစ် "Like for Likes"အတွက် ဝေဖန်မှုတွေခံခဲ့ရတဲ့အပေါ် ခံစားမှုကိုမေးမြန်းခဲ့ရာ မင်းသမီးက သူဟာအလွယ်တကူ ထိခိုက်ခံစားတတ်တဲ့သူမဟုတ်ကြောင်း၊ အရာရာကို အချိန်တိုအတွင်း မေ့ပစ်နိုင်ကြောင်းနဲ့ တစ်နေ့တာဖြစ်ပျက်ခဲ့သမျှ ညအိပ်ရာဝင်တိုင်း ပြန်တွေးဖြစ်သော်လည်း ကိစ္စတိုင်းဟာ အတွေးထဲမှာ ကြာကြာရှိမနေကြောင်း ဆိုခဲ့ပါတယ်။

အဆိုပါအပြုအမူနဲ့ ပတ်သက်ပြီး ပင်ကိုယ်အကျင့်စရိုက်မဟုတ်သော်လည်း အနုပညာရှင်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းအဖြစ် ရွေးချယ်ခဲ့ပြီးနောက်ပိုင်း မွေးယူခဲ့ရသည့် အကျင့်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့်နည်းလမ်းတစ်ခုအဖြစ် အသုံးချခဲ့ကာ အတွေ့အကြုံကလည်း ဝေဖန်မှုတွေကိုခံနိုင်ရန် အထောက်အပံ့တစ်ခုဖြစ်ခဲ့ကြောင်း မင်းသမီးက ရင်ဖွင့်ခဲ့ပါတယ်။

ဆက်လက်ပြီး ချွဲက "ကျွန်မအတွက် အထောက်အပံ့ဖြစ်မယ့်အရာတွေကို လက်ခံတယ်။ နာကျင်စေတဲ့အရာတွေကို ဝေးဝေးမောင်းထုတ်ပြီး မေ့လိုက်တယ်။ ဒီလိုဝေဖန်တဲ့ နာကျင်စရာစကားလုံးတွေကိုလည်း စိတ်ထဲမှာ လိုက်ခံစားနေဖို့ ကျွန်မအတွက်တော့ မလိုအပ်ဘူးလေ"လို့ ဖြေကြားခဲ့ပါတယ်။

လတ်တလောမှာ ချွဲဂျီဝူးဟာ "Like for Likes "ရုပ်ရှင်ကို ရိုက်ကူးခဲ့ပြီး ဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ဟာသရုပ်ရှင်အမျိုးအစားဖြစ်ကာ လူမှုကွန်ရက်မီဒီယာပေါ်မှတစ်ဆင့် တွေ့ဆုံချစ်ကြိုက်ခဲ့ကြတဲ့ စုံတွဲသုံးတွဲရဲ့အကြောင်းကို ဇာတ်အိမ်တည်ရိုက်ကူးထားတာဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်။



# အာဆင်နယ်အား ရှုံးနိမ့်ရုံဖြင့် လက်စတာ၏ တိုက်ပွဲဝင်စိတ် လျော့ကျသွားမည်မဟုတ်

ဖေဖော်ဝါရီ ၁၄ ရက်က ယှဉ်ပြိုင်ခဲ့သည့် အာဆင်နယ်နှင့် လက်စတာတို့၏ ပွဲစဉ်တွင် နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ရုံလောက်နှင့် လက်စတာ၏ ရရှိထားသော ယုံကြည်မှုနှင့် တိုက်ပွဲဝင်စိတ်ဓာတ် လျော့ကျသွားမည်မဟုတ်ကြောင်း လက်စတာကြယ်ပွင့်ဝက်စ်မော်ဂန်က ဖွင့်ဟပြောကြားလိုက်သည်။

ယင်းပွဲစဉ်တွင် လက်စတာ ကစားသမား စင်ပ်ဆန်မှာ နှစ်ဝါတစ်နီဖြင့် အထုတ်ခံရပြီးနောက် အာဆင်နယ်၏ ပွဲချိန်ပြည့် ထိုးဖောက်တိုက်စစ်ဆင်မှုကို လက်စတာနောက်တန်း တောင့်မခံနိုင်ဘဲ နှစ်ဂိုးခွင့်ပြုခဲ့ရသည်။

လက်စတာမှာ ရှုံးပွဲကြုံတွေ့ခဲ့ရသော်လည်း ယခုထိ အမှတ်ပေးဇယားထိပ်ကို နှစ်မှတ်ဖြတ်ကာ ဦးဆောင်နိုင်ဆဲဖြစ်သည်။ မော်ဂန်က ယင်းရှုံးပွဲကြောင့် လက်စတာ၏ ယုံကြည်မှု လျော့ကျသွားမည်မဟုတ်ကြောင်း၊ သို့သော် လက်စတာ၏ အရှုံးမပေးတတ်သော စိတ်ဓာတ်ကြောင့် ပရိသတ်များ၏မေတ္တာကို ပိုမိုရရှိခဲ့ကြောင်း၊ ယခုဆို လက်စတာဆိုသော အသင်းငယ်လေးမှာ ကမ္ဘာတစ်ဝန်း ပရိသတ်များ၏အာရုံကို အပြည့်အဝ သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း မော်ဂန်က ပြောကြားလိုက်သည်။

# ဗန်ဟားလ်မှာ အရှုံးသမားဟု အလန်ရှီးယား စွပ်စွဲ







မန်ယူနည်းပြ ဗန်ဟားလ်မှာ ရှုံးပွဲတစ်ခုကြုံတိုင်း ကစားသမားများနှင့် သူ၏ဘောလုံးဒဿနအား အမြဲကာကွယ်လေ့ရှိပြီး အကောင်းဘက်သို့ ပြင်ဆင်နိုင်စွမ်းမရှိသောကြောင့် အရှုံးသမားတစ်ဦးနှင့်သာ အလားသဏ္ဍာန် တူနေသည်ဟု အင်္ဂလန်တိုက်စစ်မှူးဟောင်း အလန်ရှီးယားက စွပ်စွဲပြောကြားလိုက်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ယှဉ်ပြိုင်ခဲ့သည့်ပွဲ၌ ဆန်းဒါးလန်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ပြီးနောက် မန်ယူအနေဖြင့် ယူရိုပါလိဂ်ဝင်ခွင့် တစ်နေရာကသာ အလွယ်ကူဆုံးနည်းလမ်းဖြစ်လာတော့မည် ဖြစ်ကြောင်း ဗန်ဟားလ်က ဆိုခဲ့သောကြောင့် ယင်းပြောကြားချက်အပေါ် နောက်ဆက်တွဲ ဝေဖန်မှုများ ဆက်တိုက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ရှီးယားက "အင်မတန်ခက်ခဲတဲ့ အချိန်မှာ ဗန်ဟားလ်ရဲ့ ခံနိုင်ရည်စွမ်းအင်ကိုတော့ ချီးကျူးလိုပါတယ်။ မန်ယူအသင်းနဲ့ ပတ်သက်ပြီး မီဒီယာတွေက လှောင်ပြောင်ရေးသားတဲ့အခါ သူက လူတွေကိုသက်သောင့်သက်သာရှိအောင်တော့ နှစ်သိမ့်ပေးတတ်ပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းကို ရှုံးနိမ့်ခဲ့တဲ့ ခြေစွမ်းကတော့ အပြစ်တင်ဖို့ကောင်းတဲ့ အနေအထားဆိုတာ သူမငြင်းသင့်ပါဘူး။ ဒါကြောင့် သူဟာ တိုက်ပွဲဝင်စိတ်ရှိတဲ့ မန်နေဂျာတစ်ဦးလို့ ကျွန်တော်မယူဆတော့ပါဘူး" ဟု ဝေဖန်ပြောကြားခဲ့သည်။

ထို့ပြင် မန်ယူအသင်း တာဝန်ရှိသူများအနေဖြင့် မော်ရင်ဟိုအား ဗန်ဟားလ်နေရာတွင် အစားထိုးရန် အကြိမ်ကြိမ် ချိတ်ဆက်နေပြီး သဘောတူညီမှုရရှိခဲ့ပြီဆိုသည်မှာ သတင်းမှန်သာဖြစ်ကြောင်း အင်္ဂလန်မီဒီယာများက အလေးပေးဖော်ပြနေကြသည်။ မန်ယူအသင်းသည် လာမည့် ဖေဖော်ဝါရီ ၁၈ ရက်တွင် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် မာဂျယ်လန်းအသင်းနှင့်ယှဉ်ပြိုင်ရန် ဒိန်းမတ်နိုင်ငံသို့ သွားရောက်ရမည်ဖြစ်သည်။

# ယူရို- ၂၀၁၆ ပြိုင်ပွဲမတိုင်မီ ယူအီးအက်ဖ်အေဥက္ကဋ္ဌအဖြစ် ပြန်လည်ထမ်းဆောင်ခွင့်ရရန် ပလာတီနီမျှော်လင့်

ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်) ဥက္ကဋ္ဌ မိုက်ကယ်ပလာတီနီက ၎င်း၏ ဖီဖာအယူခံကော်မတီ ကြားနာစစ်ဆေးခြင်းကိစ္စရပ်နှင့် ပတ်သက်၍ ကျေနပ်အားရမှုရှိသည့်အတွက် ယူရို-၂၀၁၆ ပြိုင်ပွဲမတိုင်မီ ယူအီးအက်ဖ်အေဥက္ကဋ္ဌနေရာကို ထမ်းဆောင်ခွင့် ပြန်လည်ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပလာတီနီနှင့် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာတာတို့ နှစ်ဦးလုံးသည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီအတွင်းက ကမ္ဘာ့ဘောလုံး အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ဆွစ်ဖရန့်ငွေ နှစ်သန်း( ပေါင် ၁ ဒသမ ၂သန်း) ရယူခဲ့သည်ဟူသော စွပ်စွဲချက်ကြောင့် လက်ရှိတာဝန်မှ ရပ်စဲခံရကာ ဘောလုံးလောကနှင့် ရှစ်နှစ်တာမပတ်သက်ရဟူသော ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ယင်းပြစ်မှုကို "ဖီဖာလွတ်လပ်သော ကျင့်ဝတ်ကော်မတီ" မှ တာဝန်ယူ စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

သို့သော် နှစ်ဦးစလုံးက စွဲချက်များနှင့် ပတ်သက်၍ ငြင်းဆိုထားပြီး တစ်စုံတစ်ရာအမှားကျူးလွန်ထားခြင်းမရှိကြောင်း ငြင်းဆိုချေပထားသည်။ ပလာတီနီသည် သူ့အားဘောလုံးလောကမှ တားမြစ်ထားသည့် ပြစ်ဒဏ်အတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက်က ဇူးရစ်မြို့တွင် စတင်၍အယူခံဝင်ခဲ့ရာ ကျေနပ်အားရမှု အပြည့်ရှိသည့်အတွက် ယခုကဲ့သို့ ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

"ကြားနာမှုက ကောင်းမွန်တဲ့ စစ်ဆေးမှုဖြစ်ခဲ့ပါတယ်။ ပြီးတော့ဒီကိစ္စရပ်နဲ့ပတ်သက်ပြီး လူတွေက ကျွန်တော် အပြစ်ကျူးလွန်ထားတာမရှိဘူးလို့ ယုံကြည်လာတဲ့ အနေအထားပါ။ ဒါကြောင့် ကျွန်တော် ဒီလိုရှင်းလင်းချက်ပေးပြီးမှ အခြေအနေက အကောင်းဘက်ကို ဦးတည်လာတယ်လို့ မျှော်လင့်ရပါတယ်။ ကျွန်တော့်ရဲ့ ဥက္ကဋ္ဌနေရာအတွက် ဆက်လက်တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်မရှိဘူးလို့ ယုံကြည်တဲ့အတွက် ဒီလိုကိုယ်မြတ်နိုးတဲ့အလုပ်ကို စွန့်လွှတ်ရအောင် တွန်းအားပေးသူတွေကို ကျွန်တော် ဘာအမှားမှ လုပ်ခဲ့တာ မရှိဘူးဆိုတာ သက်သေပြချင်ပါတယ်" ဟု ပလာတီနီက ရှင်းလင်းခဲ့သည်။



မေ လှဲ့ သင်း - ရေး သား သည်

## မာတာအား

## အက်သလက်တီကို မက်ဒရစ် ခေါ်ယူရန်ပြင်ဆင်

လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်းသည် မန်ယူကွင်းလယ်ဖန်တီးရှင် မာတာအား ပေါင် ၂၅သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ အက်သလက်တီကိုသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်၏ အဓိကပစ်မှတ်ကစားသမားအဖြစ် မာတာအား ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု ဒေးလီးစတားက ဖော်ပြသည်။

မာတာအနေဖြင့်လည်း ဗန်ဟားလ်လက်အောက်၌ သူ၏အခန်းကဏ္ဍအပေါ် စိတ်ရှုပ်ထွေးနေပြီး အကယ်၍ မန်ယူသာ ရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်မရလျှင် အသင်းပြောင်းရွှေ့ရန် စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။ ၎င်းအား တရုတ်စူပါလိဂ်နှင့် အမေရိကန်မေဂျာလိဂ်အသင်းများမှလည်း ခေါ်ယူရန် ကြိုးပမ်းနေပြီး အသင်းပြောင်း၊ မပြောင်းဆိုသည်မှာ မန်ယူ၏ ရာသီကုန် ရလဒ်များပေါ်တွင်သာ မူတည်နေသည်။

## စပိန်လာလီဂါရင်ခုန်သံ - ၂၅

*စပိန်လာလီဂါပွဲစဉ် ၂၅ကို ဖေဖော်ဝါရီ ၂၀၊၂၁၊၂၂ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်ဟာ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေနဲ့ နီးကပ်နေတာကြောင့် ရီးယဲလ်၊ ဘာစီလိုနာ၊ အက်သလက်တီကို၊ ဗလန်စီယာ၊ ဆီဗီလာ၊ ဗီလာရီးယဲလ်၊ ဘီဘာအိုတို့လို ဥရောပဖိအားတွေရှိတဲ့ အသင်းတွေ ရလဒ်ကောင်းနိုင်ပါ့မလား စောင့်ကြည့်ရမယ်။*

**လီဗန်တေး - ဂီတာဖေး** **နံနက် ၂း၀၀ (၂၀-၂-၂၀၁၆)**

လီဗန်တေးက တန်းမဆင်းရဖို့အတွက် နောက်ပိုင်းပွဲစဉ်တွေမှာ အားစိုက်ကစားနေပေမယ့်လည်း ခံစစ်ပိုင်းအားနည်းမှုနဲ့အတူ ရလဒ်ပိုင်း တည်ငြိမ်မှုမရှိဘူး။ ဒါပေမယ့် ဒီပွဲက အိမ်ကွင်းဖြစ်တဲ့အပြင် ပြိုင်ဘက် ဂီတာဖေးကလည်း ခြေပျက်နေချိန်ရောက်ရှိနေတာကြောင့် လီဗန်တေးတို့ အနိမ့်ဆုံး သရေလောက်ကစားနိုင်မှာပါ။

**လက်ပဲလ်မက်စ်-ဘာစီလိုနာ** **ည ၉း၃၀(၂၀-၂-၂၀၁၆)**

လက်စ်ပဲမက်စ်က အိမ်ကွင်းခြေမဆိုးသလို တန်းမဆင်းရဖို့ အခုနောက်ပိုင်းမှာ အားစိုက်ကစားနေတာမှန်ပေမယ့် ဘာစီလိုနာကို ထိန်းချုပ်ကစားနိုင်ဖို့တော့မလွယ်ဘူး။ ဘာစီလိုနာရဲ့ခြေက ထက်မြက်မှုအပြည့်ရှိတာကြောင့်လည်း လက်ပဲလ်မက်စ်ကို ဖိအားပေးသွားမှာပါ။ ချန်ပီယံလိဂ်ရှိပေမယ့် ဘာစီလိုနာပဲနိုင်မယ်။

**အက်စ်ပန်ညို - ဒီပို့တီဗို** **ည ၁၁း၄၅(၂၀-၂-၂၀၁၆)**

အက်စ်ပန်ညိုက တန်းမဆင်းရဖို့အတွက် ကြိုးစားရုန်းကန်နေပေမယ့်လည်း ခံစစ်ပိုင်းအားနည်းမှုတွေနဲ့အတူ ရလဒ်တွေညံ့လွန်းနေတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးနိုင်ဖို့ကြိုးစားမှာဖြစ်ပေမယ့် ထိန်းချုပ်ကစားပုံကောင်းနေတဲ့ ဒီပို့တီဗိုကို အသာရဖို့ မလွယ်ဘူး။ ဒီပို့တီဗို အနိမ့်ဆုံးသရေရမယ်။

**ဘက်တစ်-ဂီဂျွန်** **နံနက် ၂း၀၀ (၂၁-၂-၂၀၁၆)**

ဗယ်လီကာနိုကို သရေကစားနိုင်ခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့တဲ့ ဂီဂျွန်ရဲ့ ရုန်းကန်အားကောင်းမွန်နေတယ်။ ဒီပွဲမှာလည်းတန်းမဆင်းရဖို့ ဂီဂျွန်အားစိုက်လာဦးမှာပါ။ ဒါပေမယ့် ဘက်တစ်ကလည်း အိမ်ကွင်းရုန်းအားကောင်းမွန်တယ်။ ဘက်တစ်ကသာ ကပ်နိုင်သွားမှာပါ။

**ဆယ်တာဗီဂို-အီဘား** **နံနက် ၃း၃၅(၂၁-၂-၂၀၁၆)**

ဆယ်တာဗီဂိုက အခုနောက်ပိုင်းမှာ ခြေစွမ်းကျဆင်းနေတယ်။ ဒါပေမယ့် ဥရောပဝင်ခွင့်မျှော်လင့်နေတာကြောင့် အခုလိုပွဲစဉ်မျိုးမှာ အမှားခံမှာမဟုတ်သလို အိမ်ကွင်းအားသာချက်လည်းရှိတယ်။ အီဘားကတော့ လက်ရှိခြေစွမ်းပျက်ယွင်းနေသလို အဝေးကွင်းခြေကအားနည်းတယ်။ ဆက်တာဗီဂိုပဲကပ်နိုင်မယ်။

**ဗယ်လီကာနို-ဆီဗီလာ** **ညနေ ၅း၃၅ (၂၁-၂-၂၀၁၆)**

ဂီဂျွန်နဲ့သရေကျခဲ့တဲ့ ပွဲအပါအဝင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက် အရှုံးမရှိခဲ့တဲ့ ဗယ်လီကာနိုရဲ့ခြေက တည်ငြိမ်မှုရှိပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆီဗီလာကတော့ ခြေကောင်းနေပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ဆီဗီလာနိုင်ရင်တောင် မပြတ်သားဘူး။

**မာလာဂါ - ရီးယဲလ်မက်ဒရစ်** **ည ၉း၃၀ (၂၁-၂-၂၀၁၆)**

ရီးယဲလ်ဟာဇီဒန်းလက်ထက်မှာ ခြေစွမ်းတိုးတက်လာပေမယ့် အဝေးကွင်းပွဲတွေမှာခြေစွမ်းကျဆင်းတတ်သလို ချန်ပီယံလိဂ်ကြောင့်လည်း ပွဲပန်းလာနိုင်ပါတယ်။ မာလာဂါကတော့ အခုနောက်ပိုင်းမှာ ခြေစွမ်းတိုးတက်လာကာအိမ်ကွင်းရုန်းအားကောင်းမွန်တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့်မထင်မှတ်ဘဲရီးယဲလ်အခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်မယ်။

**ဘီဘာအို - ဆိုစီဒက်** **ည ၁၁း၄၅ (၂၁-၂-၂၀၁၆)**

ဘီဘာအိုဟာ ဥရောပဝင်ခွင့်မျှော်လင့်နေတဲ့အသင်းဖြစ်သလို ပွဲတိုင်းဂရုတစိုက်ကစားနေကာအိမ်ကွင်းပွဲတွေမှာ ခြေပိုကောင်းတတ်တယ်။ ဒါပေမယ့်ဆိုစီဒက်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်လာတာကို တွေ့ရပါတယ်။ ဒါ့အပြင် ဘီဘာအိုဟာယူရိုပါလိဂ်ပွဲတွေကြောင့်လည်း ပွဲပန်းနေနိုင်တာကို သတိပြုရမယ်။ ဘီဘာအိုသရေလောက်ပဲရမယ်။

**ဂရန်နာဒါ - ဗလန်စီယာ** **ည ၁၁း၄၅ (၂၁-၂-၂၀၁၆)**

ဂယ်ရီနေဗီးလ်လက်ထက်မှာဗလန်စီယာခြေက တောက်လျှောက်ကျဆင်းခဲ့ပါတယ်။ ဒီပွဲမှာလည်း ဗလန်စီယာတို့နိုင်ပွဲရရေးအားစိုက်လာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ပွဲတွေကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဂရန်နာဒါကလည်း တန်းမဆင်းရဖို့အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်လို့ ဗလန်စီယာ သရေလောက်ပဲ ကစားနိုင်မယ်။

**အက်သလက်တီကို - ဗီလာရီးယဲလ်** **နံနက် ၂း၀၀ (၂၂-၂-၂၀၁၆)**

နှစ်သင်းစလုံးခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါ့အပြင် အက်သလက်တီကိုဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိသလို ဗီလာရီးယဲလ်ကလည်းယူရိုပါလိဂ်ပွဲတွေကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်ဟာ အဝေးကွင်းခြေအနည်းငယ်ကျဆင်းတတ်လို့ အက်သလက်တီကို နိုင်ပွဲကပ်ရနိုင်တယ်။

[ရှိုင်းမင်းမင်း]

# အခွန်လွတ်ဈေးအတွင်း ကျပျောက်ခဲ့သည့် ပြင်သစ်နိုင်ငံသူ၏ပိုက်ဆံအိတ်အား ပြန်လည်ပေးအပ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၆**

ညောင်ဦးမြို့ ဘုန်းဇဉ်ကျောင်းဝင်းအတွင်းရှိ အခွန်လွတ်ဈေးသို့ ဖေဖော်ဝါရီ ၁၄ရက်က လာရောက်လေ့လာလည်ပတ်ခဲ့သည့် ပြင်သစ်နိုင်ငံသူတစ်ဦး ပိုက်ဆံအိတ်တစ်လုံး ကျကျန်ခဲ့ရာ ဈေးလုံခြုံရေးတာဝန်ကျသူနှစ်ဦးက တွေ့ရှိခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တစ်ဆင့် ဆက်သွယ်စုံစမ်း၍ ပိုင်ရှင်ဖြစ်သူထံ ပြန်လည်နှံပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၉ နာရီခွဲခန့်တွင် ညောင်ဦးမြို့ ဘုန်းဇဉ်ကျောင်းဝင်းအတွင်းရှိ အခွန်လွတ်ဈေး၌ ကမ္ဘာလှည့်ခရီသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ကျတပ်ကြပ်အောင်အောင်နှင့် ဈေးစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဦးသက်တို့သည် လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် ပိုက်ဆံအိတ်အသေးတစ်လုံး ကောက်ယူတွေ့ရှိခဲ့ကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (ပုဂံ)သို့ ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားခဲ့သည်။

ထို့နောက် ပိုင်ရှင်မှန်ရှာဖွေနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု (ပုဂံ)မှ ဧည့်လမ်းညွှန်များနှင့် ဆက်သွယ်ခြင်း၊ ပြည်ပ ခရီးသွားဧည့်သည်များသွားရောက်မှုများပြားသည့် နေရာများသို့ လှည့်လည်အသိပေးပြောကြားခြင်း၊ ဧည့်လမ်းညွှန်များ၏ လူမှုကွန်ရက် (Facebook Group) ပေါ်တွင် သိရှိစေနိုင်ရန် အသိပေးတင်ပြပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ညနေပိုင်းတွင် ပိုက်ဆံအိတ် ပျောက်ဆုံးခဲ့သော ပြင်သစ်နိုင်ငံသူ Ms. Carga Gaignoux ဆိုသူသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (ပုဂံ) ရုံးသို့ရောက်ရှိလာပြီး ပိုက်ဆံအိတ်၏ ပိုင်ရှင်မှန်ဟုတ်၊ မဟုတ် သိရှိနိုင်ရန်အတွက် အိတ်အတွင်းပါငွေ၊ ပစ္စည်းများနှင့် တိုက်ဆိုင်စစ်ဆေးမေးမြန်းခဲ့ရာ မှန်ကန်စွာပြောပြနိုင်သဖြင့် ပိုင်ရှင်မှန်ဖြစ်သူ ပြင်သစ်နိုင်ငံသူထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**ရဲသူရအောင် (ညောင်ဦး)**



# မြစ်သားမြို့ ညောင်ဝန်းကျေးရွာအနီး ဆီမီးတိုင်တော မီးလောင်မှုဖြစ်ပွား

**မြစ်သား ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကြံတောအုပ်စု ညောင်ဝန်းကျေးရွာအနီး အလေ့ကျပေါက်လျက်ရှိသော ဆီမီးတိုင်တောတွင် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

မီးလောင်မှုတွင် အလေ့ကျပေါက်နေသော ဆီမီးတိုင်ပင်တောများသည် ခြောက်သွေ့လျက်ရှိပြီး မီးလောင်လွယ်ကူစေခြင်းတို့ကြောင့် မီးပွားကျသည်နှင့် လျင်မြန်စွာ လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ဒေသခံများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့က ချက်ချင်းရောက်ရှိလာကာ နီးကပ်နေသောလူနေအိမ်များဘက်မှ ကြိုတင်ရေများပက်ဖျန်းခြင်း၊ မီးငြိမ်းသတ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ ညနေ ၃နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မည်သို့ စတင်လောင်ကျွမ်းရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်းသိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မဘိမ်း ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့ ကုန်းခါးရပ်ကွက် စည်ပင်လမ်းဆုံတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ်ကျော်စန်းဝင်းနှင့်အဖွဲ့ဝင်များသည် မဘိမ်းမြို့ ကုန်းခါးရပ်ကွက် စည်ပင်လမ်းဆုံ၌ ယာဉ်စစ်/ပိတ်ဆို့ရေးဆောင်ရွက်နေစဉ် နမ့်ပုံးပုံးရပ်ကွက်မှ ကုန်းခါးရပ်ကွက်ဘက်သို့ ကိုစင်း(ခ)ညီခမ်း မောင်းနှင်လာသော အပြာရောင် (TOYOMAX-125) ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၆၀၀ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကိုစိုင်း(ခ)ညီခမ်း (၃၀)နှစ်အား မဘိမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက် )**

# ခရီးသည်တင်ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင် တိုက်မိ၊ တစ်ဦးသေဆုံး

**မြင်းမူ ဖေဖော်ဝါရီ ၁၆**

မြင်းမူမြို့ မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင် (၄၉/၇)နှင့်(၅၀/၀) အကြား မြင်းမူမြို့မပြည်သူ့အားကစားကွင်းရှေ့တွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တို့ တိုက်မိကြရာ ဆိုင်ကယ်စီးသူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့မှ ပြင်ဦးလွင်သို့ ခရီးသည်ကိုးဦး တင်ဆောင်၍ ယာဉ်မောင်း သန်းထိုက်ဝင်း (၄၁)နှစ် နန္ဒဝံကွက်သစ် မုံရွာမြို့နေသူ မောင်းနှင်သည့် MDY-3G/-- အဖြူရောင် လူစီးမှန်လုံယာဉ်နှင့် မြင်းမူမြို့ထဲမှ မောင်းနှင်လာသော ဝင်းနိုင်ဦး (၃၅)နှစ် အောင်ဇေယျရပ် မြင်းမူမြို့နေသူစီးနင်းသော ဆိုင်ကယ် Wave 110(နံပါတ်မပါ) ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းသူ ဝင်းနိုင်ဦးမှာ အခင်းဖြစ်နေရာတွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သန်းထိုက်ဝင်းနှင့် ဝင်းနိုင်ဦးတို့အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၆၂၄)**

❑

ရွှေပြည်သာမြို့နယ်(၂၃)ရပ်ကွက်၊ စံပယ်ကုန်းကွင်း ဝါးတရာတွင် တည်ထားကိုးကွယ်သော ဉာဏ်တော် (၁၁၂) ပေအမြင့်ရှိ
မင်းပန္နစေတီတော်ကြီး ထီးတော်တင် ကောင်းမှုမင်္ဂလာပွဲကို အရှင်အဂ္ဂမဟာပဏ္ဍိတ ဥပဥတ္တမ
ဒုတိယရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ 'သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရ'
မှဦးစီး နာယကပြုလုပ်၍ (၁၈.၂.၂၀၁၆) နေ့ နံနက် (၈:၀၀) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။
နေ့လည် (၁၁:၀၀) တွင် ကြွရောက်လာသည့် ဧည့်ပရိတ်သတ်များကို စတုဒိသာ ဒံပေါက် နှင့် အအေးလှူဒါန်းပါမည်။
(၁၇.၂.၂၀၁၆) ရက်နေ့ တွင် ဒေါက်တာအရှင်သောကိန္ဒ (မမ္ဗူဒုတ) နှင့် (၁၈.၂.၂၀၁၆) ရက်နေ့ တွင်
သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ တို့မှ ညစဉ် (၇:၃၀) မှစတင်၍ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါသဖြင့်
မည်သူမဆို တရားတော်နာကြွရောက်ကုသိုလ်ယူနိုင်ပါရန် နိုဗ္ဗာန် အကျိုးမျှော်၍ နိုးဆော် ဖိတ်ကြားအပ်ပါသည်။
တော်ဝင်မိသားစုကုမ္ပဏီ

ဆရာချို (ရှပ်) (8,9,10)တန်း
ဘာသာစုံ(၁၅)ဦးဝိုင်း၊ မတ်လဆန်း(၉)ရက်နေ့စမည်။
(၂၆)၊ ဦးဝိစာလမ်း၊ ပုဇွန်တောင်။(ရွှေဘုန်းပွင့်ဘုရားအနီး) ဖုန်း -၀၉ ၂၅၄၂၀၀၁၇၂

ဖခင် အမည်မှန်
ကျိုင်းတုံတက္ကသိုလ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ စတုတ္ထနှစ်(အင်္ဂလိပ်စာ)မှ ကျောင်းသားအမည် စိုင်းအောင်ပန်း(၄အ-၆၃)[၁၃/မဆန(နိုင်) ၀၂၃၈၁၅]၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဝင်းအောင် [၁၃/မဆန(နိုင်)၀၀၄၀၉၃] ဖြစ်ပါကြောင်း။

ရွှေထိပ်တန်း ● ပေလီကမ်းခြေ ထွက်မည်
+ ဖြတ်ဖော်တင်ခွန်းဘုရားပွဲ Feb 26
+ ရွှေစက်တော် နှင့် လမ်းဘုရားစုံ
+ ပုဂံ-ပုပ္ပါး၊ ခွယ်တော်လေးဆူ၊ ပခုက္ကူ
+ အလောင်းတော်ကဿပ၊ မန္တလေး၊ ဝက်ကိုင်း၊ မုံရွာ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
အပတ်စဉ် သောကြာ
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
01-701015, 09-5403844, 09-5044830

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း
ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်စန်းစန်းခိုင်တို့၏ သား
မောင်ကျော်သုခစိုး
B.A(Myanmar)
နှင့်
ရန်ကုန်မြို့နေ ဦးဝင်းဆွေ(ဥက္ကဋ္ဌ၊ ရွှေပြည်တော်သယ်ယူပို့ဆောင်ရေး)-ဒေါ်မြင့်မြင့်အေးတို့၏ သမီး
မဖူးဖူးသွင်
MBA(Assumption University, Thailand) BA(EPP)
တို့အား နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ ၁၄-၂-၂၀၁၆ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သုခစိုး-မဖူးဖူးသွင်

အမည်ဖြည့်စွက်ခေါ်ပါရန်
ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်၊ ရှန့်မိုင်းရွာနေ အဖ ဦးစိုင်းတစ်(ပ်)၏သား စိုင်းရီဖြူ[၁၃/ကတန (နိုင်)၁၁၇၀၂၈]အား စိုင်းရီဖြူ(ခ) စိုင်းယီဖြူ ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မျိုး ၃၈ 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

# ပြည်သူ့အသံ

## အညစ်အကြေးကြောင့်အနံ့ဆိုးမခံနိုင်

လားရှိုးမြို့ရပ်ကွက်-၈ နယ်မြေ ၂- အုပ်စု ၂ အတွင်း ငါးလုပ်ငန်းလုပ်ကိုင်နေ၍ ယင်းလုပ်ငန်းမှ ထွက်လာသော အညစ်အကြေးများက တစ်ဆင့်ဖြစ်ပေါ်လာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေ ပြည်သူများ**

## မီးဘေးစိုးရိမ်ရ

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောအလယ်ရပ်ကွက် ပုသိမ်လမ်းပေါ်တွင် ရေနုတ်မြောင်းကျော်ပြီး အမိုးအကာအခိုင်အခံ့ ဆောက်လုပ်၍ ဂတ်(စ်)မီးဖိုအသုံးပြုပြီး နေ့စဉ် ကြော်ချက် နေသောစားသောက်ဆိုင်များကြောင့် ပတ်ဝန်းကျင်နေသူများမီးဘေးအန္တရာယ်နှင့် ယာဉ်ကြောပိတ်ဆို့မှုများကို နေ့စဉ်ခံစားနေရပါသည်။

သို့ပါ၍သက်ဆိုင်ရာမှ အမြန်ဆုံး အရေးယူပေးပါရန်တင်ပြအပ်ပါသည်။

**ရပ်ကွက်နေ ပြည်သူတစ်ဦး**

## ကျိုက္ကဆံအိမ်ရာ စည်းကမ်းမလိုက်နာ

ရန်ကုန် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ကျိုက္ကဆံအိမ်ရာ တိုက် ၁၊ ၂၊ ၃၊ ၄၊ ၅ ဝင်းအတွင်း အချို့သော တိုက်နေထိုင်သူများသည် အများပိုင်အခန်းပိုင် နေထိုင်ကြသော မိသားစုအားလုံး၏ အသုံးပြုလျက်ရှိသော မိလ္လာပိုက် မိလ္လာကန်ပေါ်တွင် ကျကျနန၊ သေသေချာချာ၊ ခိုင်ခိုင်ခံ့ခံ့ အဆောက်အအုံလူနေအိမ်ခန်းဆောက်လုပ်ပြီး အခန်းငှားခကြေးငွေယူ၍ နေထိုင်ခွင့်ပြုခြင်း၊ တိုက်ဘေးအဖီတိုးချဲ့ကာရန် အခိုင်အခံ့ပြုလုပ်ခြင်း၊ တိုက်တစ်တိုက်နှင့် တစ်တိုက်ကြား အရေးပေါ်အပေါက်ပိတ်ပြီး အဖီချအခိုင်အခံ့တိုးချဲ့ဆောက်လုပ်ထားခြင်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးပေးပါရန်တင်ပြအပ်ပါသည်။

**ကျိုက္ကဆံအိမ်ရာသားများ**

## ခွေးလေခွေးလွင့်များရှင်းလင်းပေးစေလို

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၁၉ ရပ်ကွက် အောင်ဆုပန်လမ်းတွင် ခွေးလေခွေးလွင့်များကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောက်အယှက်ဖြစ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက တစ်ဆင့်ဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**လမ်းသွားလမ်းလာများ**

## လက်ဖက်ရည်ဆိုင် ဖယ်ရှားရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် (၁၁၉)လမ်း အိမ်တစ်အိမ်ရှေ့ စည်ပင်လမ်းပေါ်တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဖွင့်လှစ်ရောင်းချနေပါသည်။

ထိုလက်ဖက်ရည်ဆိုင်တွင် လောင်းကစားသမားများ ရှုပ်ရှက်ခတ်နေခြင်း၊ စည်ပင်သာယာမှ ရေတွန်း စက်၊ အဝီစိစက်များသည် အများပြည်သူများအတွက်ဖြစ်သော်လည်း ကိုယ်ကျိုးအတွက် သုံးနေခြင်း၊ လျှပ်စစ်ဌာနမှ ရေတွန်းစက်လျှပ်စစ်မီးလိုင်းကို အလွဲသုံးစားပြုခြင်း၊ ကင်းတဲ(သစ်သား)နှင့် လောင်စာများအနီး တစ်နေ ကုန် မီးဖိုသုံးခြင်း၊ ဘာသာရေးအဆောက်အအုံအနီး အရုပ်ဆိုးအကျည်းတန်နေခြင်း၊ လမ်းသူလမ်းသားများ၏ ငွေကြေးဖြင့် လစာပေးခန့်ထားသော ညစောင့်ကင်းသမားအားလည်း ကိုယ်ကျိုးအတွက် အသုံးချနေခြင်းစသည်တို့ကြောင့် ယာဉ်ကြောပိတ်ဆို့စေကာ ရပ်ကွက်နေပြည်သူများအတွက် အန္တရာယ်မျိုးစုံ ဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသောကြောင့် ယင်းလက်ဖက်ရည်ဆိုင်အား သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှား ရှင်းလင်းပေးစေလိုပါသည်။

**(လမ်းသူလမ်းသားများ)**

## ညှော်နံ့ဆိုးနှင့် ဆူညံသံ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းအတွင်းရှိ နေအိမ်တစ်အိမ်တွင် နေ့ရောညပါ လုပ်ကိုင်နေသော ရော်ဘာစက်ရုံမှ ညှော်နံ့ဆိုးနှင့် ဆူညံသံများကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံး ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူ)**

## မီးဘေးအန္တရာယ်စိုးရိမ်ရ

တောင်ဥက္ကလာပမြို့ (၁၄/၁)ရပ်ကွက် (စီမံကိန်း) ယုဇနလမ်းအတွင်း၌ တပ်ဆင်ထားသော ဖုန်း တာဝါတိုင်သည် ရပ်ကွက်အတွင်း လူနေအိမ်များနှင့် နီးကပ်စွာတည် ရှိနေပြီး တာဝါတိုင်မှ မီးစက်သံများသည် ဆူညံလျက် ရပ်ကွက်အတွင်း သက်ကြီးရွယ်အိုများ ကျန်းမာရေးနှင့် ယခုလို စာမေးပွဲများနီးချိန် ကျောင်းသားကျောင်းသူများ စာကျက်ရန်အတွက် များစွာအနှောင့်အယှက်ဖြစ်ပြီး ပတ်ဝန်းကျင်ရှိ လူများနှင့် ကလေးများမှာ တာဝါတိုင်စွမ်းအင်၏ ဘေးထွက်ဆိုးကျိုးများနှင့် ဆိုးရွား စွာ ထိခိုက်လျက်ရှိသည်။

မီးစက်အတွင်း လောင်စာဆီများ မော်တော်ယာဉ်များဖြင့် မကြာခဏ သယ်ဆောင်ဖြည့်တင်းမှုကြောင့် ယခုလို ပူပြင်းရာသီတွင် မီးဘေးအန္တရာယ်လည်း များစွာစိုးရိမ်နေရသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ တာဝါတိုင်နှင့် မီးစက်သံများကို အမြန်ဆုံးဖယ်ရှားဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

**(မီးဘေးစိုးရိမ်သူ)**

## အမှိုက်ပုံး တံတွေးပုံးများ မူလနေရာအတိုင်းထားရှိပေးပါ

စမ်းချောင်းမြို့နယ်မဟာမြိုင်မှတ်တိုင်အနီးတွင် ယခင်က တံတွေးပုံး နှစ်ပုံး အမှိုက်ပုံးစိမ်းတစ်လုံးတို့ကို ထားခဲ့ပါသည်။ မှတ်တိုင်ပြောင်းသွားပြီးနောက် အမှိုက်ပုံးများပျောက်လိုက်ထားလိုက်နှင့် ယခုသုံးလုံး စလုံးမထားသည်မှာ နှစ်ပတ်ခန့်ရှိသွားပါပြီ၊ ကားဂိတ်အနီးတွင် စားသောက်ဆိုင်များလည်းရှိ၍ ပတ်ဝန်းကျင်တွင်အမှိုက်များစည်းကမ်းမဲ့စွာပစ်ကြပါသည်။ ယခင်ကလည်း အမှိုက်ကို အထက (၂)အနီးရှိ ကျောင်းနားတွင်ပြီးခဲ့သည့်နှစ်ကထားခဲ့ပြီး အမှိုက်ပုံးကိုထားလိုက် ပျောက်လိုက်နှင့် ရှိခဲ့သည်။ သို့ပါ၍ စည်းကမ်းရှိစွာဖြင့် အမှိုက်စွန့်လိုခြင်းနှင့် ပတ်ဝန်းကျင်ကျန်းမာရေး မထိခိုက်စေရန်အတွက် တင်ပြရပါသည်။

**(စည်းကမ်းဖြင့်အမှိုက်စွန့်ပစ်ချင်သူ)**

## ကားဘော်ဒီထုအသံနှင့် ကားဆေးသုတ်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ကျန်းမာရေးထိခိုက်

မတ္တရာမြို့ မိုးကုတ်ကားလမ်းမကြီးဘေးရှိ အောင်ကံသာရပ် နတ်စင်အနီးတွင် ရွှေမန္တလေးကားဆေးသုတ်နှင့် ကားဘော်ဒီရုံလုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။

ယင်းကားဘော်ဒီလုပ်ငန်းမှ ဝရိန်ဆော်သံ၊ ဘော်ဒီထုသံ၊ သံပြားဖြတ်သံ၊ ကျောက်စက်စားသံများ ဆူညံစွာ ကြားနေရပြီး မီးဘေးအန္တရာယ် စိုးရိမ်းရခြင်း၊ ကားဆေးမှုတ်ရာမှ ဖြစ်ပေါ်လာသော အနံ့ဆိုးများကို ရှူရှိုက်နေရခြင်းကြောင့် ကျန်းမာရေးမကောင်းသည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်နှင့် စာကျက်သော ကျောင်းသား ကျောင်းသူများအတွက် အနှောင့်အယှက်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ အမြန်ဆုံးဖယ်ရှားပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူတစ်ဦး)**

## လူနေရပ်ကွက်အတွင်း မှသဲဒိုင်အား အမြန်ဆုံးဖယ်ရှားပေးပါရန်

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက် မင်္ဂလာလမ်းပေါ်ရှိလူနေ ရပ်ကွက်အတွင်းတွင် ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေးနှင့်သဲဒိုင်လုပ်ငန်းသည် စီးပွားဖြစ် ချောင်းအတွင်းမှ သဲများ မကြာခဏစုပ်တင်လျက်ရှိပါသည်။ ထိုသို့သဲများ စုပ်တင်မှုကြောင့် လူနေအိမ်များအတွင်းသို့ ရေများဝင်ကာ ရေမြောင်းများသည်သဲနှင့်နွံများ ပိတ်ဆို့နေပါသည်။

ရေစီးရေလာမကောင်းသဖြင့် ခြင်ဆိုးများ ပေါက်ပွားကာ ခြင်များပေါများခြင်း၊ အနံ့အသက်များ မကောင်းခြင်း၊ ဖုန်နှင့်အမှုန်များ ပေါများခြင်း၊ လမ်းများပျက်စီးခြင်းတို့ဖြစ်ပေါ်လျက်ရှိပါသည်။ သဲနှင့်ကျောက်တင်ကားကြီးများထော်လာဂျီများကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးများ ယာဉ်အန္တရာယ်စိုးရိမ်နေရပါသည်။ မိုးရာသီတွင်လည်းရေများ မထွက်နိုင်ဘဲ လမ်းများပေါ်သို့ ရေများကျော်ခြင်း၊ လူနေအိမ်များအတွင်းသို့ ရေများဝင်ခြင်း မကြာခဏဖြစ်ပေါ်လျက်ရှိပါသည်။

ထို့ကြောင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ အချိန်မီတူးဖော်နိုင်ရန် သက်ဆိုင်ရာမှ သဲဒိုင်အားအမြန်ဆုံးရှင်းလင်းဖယ်ရှားပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

**(မင်္ဂလာလမ်းသား)**

■

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး (၅ထပ်ခွဲ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး လှူဒါန်းဖွယ်အသွယ်သွယ်နှင့် အသစ်ဆောက်လုပ်မှု အလှူငွေစာရင်း)

အမှတ်(၄၉/၅၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း- ၀၉ ၇၈၅၅၅၆၆၈၅၊ ၀၉ ၅၁၉၂၄၆၈၊ ၀၉ ၅၀၄၄၂၆၇



- အဆောက်အဦ ဒုတိယထပ်၊ တတိယထပ်နှင့် စတုတ္ထထပ်တို့အတွက် တစ်ထပ်လျှင် . . . . . . . ကျပ်သိန်း-၃၀၀၀။
- အဆောက်အဦအောက်ထပ်၏
၃၂'×၁၉'(၁၀)ခန်းတွင် -တစ်ခန်းလျှင် . ကျပ်သိန်း-၂၅၀။
၂၀'×၁၉'(၁၈)ခန်းတွင် -တစ်ခန်းလျှင် . ကျပ်သိန်း-၁၆၀။
၄င်းအခန်းကြီးများအားစိတ်၍ -
၁၆'×၁၉' တစ်ကွက်လျှင် . . . . . . . ကျပ်သိန်း-၈၅။
၁၀'×၁၉' တစ်ကွက်လျှင် . . . . . . . ကျပ်သိန်း-၈၀။
၁၀'×၁၀' တစ်ကွက်လျှင် . . . . . . . ကျပ်သိန်း-၄၀။
- အမိုးအတွက်
၁၀'×၁၀' တစ်ကွက်လျှင် . . . . . ကျပ်သိန်း-၂၅။
- သံဃာတော်များ နားနေဆောင် -
၇၂'×၄၀' (ထပ်ခိုး) . . . . . . . ကျပ်သိန်း-၅၀၀။
( ကုဋီ ၁၀-ခန်း၊ ၅' အကျယ် လှေကား၂-စင်း၊ အပါအဝင် )
- ဓာတ်လှေကား (၁၅-ယောက်စီး) . . . . ကျပ်သိန်း-၈၀၀။
- ဓာတ်လှေကား (၁၅-ယောက်စီး) . . . . ကျပ်သိန်း-၇၀ ။
(အထက်ပါဓာတ်လှေကား-၂စင်းနှင့် ပစ္စည်းတင်စက်တို့အတွက် ဓာတ်လှေကားအကန့် ဆောက်လုပ်မှုကုန်ကျစရိတ်အပါအဝင်)

၂၄။ ကျေးဇူးရှင် မိဘနှစ်ပါးနှင့် ဆရာသမားတို့အား ရည်စူး၍ ဆရာမကြီးဒေါ်တင်ရီ ကောင်းမှု၊ ၆-မြေညီ၊ ဦးစံညိမ်းလမ်း၊ စမ်းချောင်းမြို့နယ်။ (၂၅)သိန်း
၂၅။ ၁။ ဦးခင်မြင့်+ဒေါ်ကျင်အေး (သား)ကိုညဏ်ထွန်း မိသားစု၊ ၄၄-နဝရတ်လမ်း၊ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာ၊၂။ ဒေါက်တာဒေါ်စီစီဦး မိသားစု၊ ၁/၂၅ ပြည်ရိပ်မွန်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်၊၃။ ဒေါ်ခင်မမြ မိသားစု၊ ၁၃/၃၁-၃ နှင်းဆီခြံလမ်း၊ တောင်သူကုန်း၊ အင်းစိန်၊၄။ ဒေါက်တာဦးသန်းထွဋ်အားရည်စူး၍ဒေါက်တာဒေါ်တင်တင်အောင် မိသားစု၊ ၁၃၂-ရေကူးရွာမလမ်း၊ ၉-ရပ်ကွက်၊ မရမ်းကုန်း၊၅။ ဒေါက်တာကိုကိုစိုး+ဒေါ်မိုးမိုးဥမ္မာသီ မိသားစု၊ ၂၅/၂၁-ဦးဝိစာရအိမ်ရာ၊ဒဂုံ၊ (၂၅)သိန်း
၂၆။ ဆဝါရဝိဘင်္ဂ၊ ဆဝါရသချာ သင်တန်းသား၊ သင်တန်းသူများ၊ ကောင်းမှု၊ (၂၅)သိန်း
၂၇။ ဦးအေးမောင် (ဒါရိုက်တာ၊CB ဘဏ်)၊ ဒေါ်စံပယ် အမှုဆောင်အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ (တွဲဘက်ပါမောက္ခ ဒဂုံတက္ကသိုလ်-ငြိမ်း)၊ (သား)ကိုဝင်းမင်းဇော်+ မညိုမီလှိုင် မိသားစုကောင်းမှု၊ ၁၄၃- ပြည်သာယာလမ်းသွယ်(၂)၊ ၈- မြောက်၊ သဃ်န်းကျွန်း၊ ရန်ကုန်။ (၂၅)သိန်း
၂၈။ ဦးအောင်ကျော်သိန်းနှင့်သားသမီးများဖြစ်သောဒေါက်တာကျော်ဇောသိန်း+ဒေါက်တာချိုမာကောင်းမြင့်၊ ဦးဇောဘဟိန်း+ဒေါက်တာမြစန်းသိန်း၊ဦးကျော်မြထွန်း+ဒေါ်စုစုအောင်၊ဦးသိန်းထွေးအောင်(မင်္ဂလာဆေးဆိုင် ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်)၊ ဒေါက်တာဒေါ်မြင့်မြင့်ဇော၊ ဒေါ်မူမူဇော (၁၄၃၊ ၄၅-လမ်း၊) (၂၅)သိန်း
၂၉။ ဦးမြင့်ရွှေ ဒု-ညွှန်ချုပ်(ငြိမ်း) (အမှတ်-၃၊အခြေခံပညာဦးစီးဌာန)+ ဒေါ်ဆွေဆွေ(အလယ်တန်းပြ)(ငြိမ်း) က/၃၊ ၄၁၊ ချမ်းမြသာစည်မြို့သစ်၊ မန္တလေးမြို့၊ (၂၅)သိန်း
၃၀။ ဒေါက်တာဒေါ်ခင်ခင်ဝင်း ဥက္ကဋ္ဌ၊ အောင်မင်္ဂလာဓမ္မသိပါလယ ဗုဒ္ဓစာပေသင်တန်းကျောင်း၊မန္တလေး၊ (၂၅)သိန်း
၃၁။ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒေါက်တာဦးမင်းဆွေ + ဒေါက်တာဒေါ်မူမူရှိန်၊ (သား)ဒေါက်တာစိုးမင်းပိုင် + မဆုမြတ်နန္ဒာ၊ ဒေါက်တာသက်မင်းထွေး မိသားစုကောင်းမှု၊ (၂၅)သိန်း
၃၂။ ဦးဝင်းမြင့်+ဒေါက်တာဒေါ်ယဉ်ယဉ်ကြည်၊ (သား) မောင်နေဦး၊ မောင်ဝေဖြိုးမြင့်၊ မိသားစု၊ ၂၇-မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်၊ (၂၅)သိန်း
၃၃။ ဒေါက်တာဝင်းရွှေ+ဒေါ်အေးအေးသက်၊(သား)ဦးရဋ္ဌပါလ၊(သမီး)မသင်းအိစံ မိသားစု၊ ၈၉-(ပထပ်)၊ လမ်း-၅၀၊ ပုဇွန်တောင်။ (၂၅)သိန်း
၃၄။ ဦးအောင်ကျော်နိုင် + ဒေါ်ခင်သင်းနိုင်၊ (သား)ကိုဘုန်းကျော်နိုင်၊ ကိုအောင်ကျော်နိုင် မိသားစု၊ အမှတ်(၅၁)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ (၂၅)သိန်း
၃၅။ ဗိုလ်မှူးသန်းဝင်းထွဋ်(ငြိမ်း)+ဒေါ်စုစုတင့်မိသားစု၊ ၅၆၃(ဘီ)၊ ရွှေနှင်းဆီ(၅)လမ်း၊မရမ်းကုန်းမြို့နယ်၊ (၂၅)သိန်း
၃၆။ ဆရာမကြီးဒေါ်အေးမြင့်ကြည် မိသားစု၊ ၁၆၁၊ ဗိုလ်ဆွန်ပက်လမ်း(လယ်)၊ ပန်းဘဲတန်း၊ (၂၅)သိန်း
၃၇။ ဦးတင်ဝင်း (ဒိုက်ဦး-သုံးခွ)၊ (အကျိုးဆောင်-စီမံ၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး)၊ (၁၁)သိန်း
၃၈။ ဒေါက်တာအေးအေးသင်၊ ၇၉၊ ၄၉-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)သိန်း
၃၉။ နှစ်ဖက်ဘိုးဘွားမိဘများအား အမှူးထား၍၊ ဦးချစ်ဆွေ (တွဲဖက်ဘဏ္ဍာရေးမှူး၊အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး)+ ဒေါ်လှလှရွှေ မိသားစုကောင်းမှု ၇၊ ရတနာမြိုင်လမ်း၊ ၁-ရပ်ကွက်၊ ကမာရွတ်၊ (၁၀)သိန်း
၄၀။ မိခင်ဒေါ်စံစံမေ၊ မောင်လေးဗိုလ်မှူးကြီးအောင်ကျော်လှအားရည်စူး၍ ဖခင်ကြီး ဦးကျော်ဖံအား အမှူးထားလျှက် ဒေါက်တာဒေါ်စံအေးကြည် ကောင်းမှု၊ (၁၀)သိန်း
၄၁။ ဦးသိန်းမောင် + ဒေါ်အေးသိန်း(သား) ဒေါက်တာအေးကျော် (အမှုဆောင်)၊ (၁၀)သိန်း
၄၂။ ဒေါ်နှင်းနှင်းအေး မိသားစု၊ (Royal Jade Lounge)၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ (၁၀)သိန်း
၄၃။ ဦးအင်ဒရူးအောင်+ဒေါ်စန္ဒာလှိုင်၊(သမီး)မဝေမာယုမွန်အောင်၊ဒန်နီရယ်အောင်မိသားစု၊နယူးယောက်မြို့၊ (၁၀)သိန်း
၄၄။ ဦးတင်အေး+ဒေါ်ခင်ကျွေ(တွမ)၊ဒေါ်ခင်သန်းမြင့်၊၆-နိဗ္ဗာန်ကျောင်းလမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်း၊ (၁၀)သိန်း
၄၅။ ဦးစိန်ဝင်း+ဒေါ်စန်းစန်းမော် (သမီး)ခိုင်ဇာနီထွန်း၊ဇင်မင်းဦး၊ (သား)မောင်လင်းထက်၊ ဒေါက်တာတိုးတိုးနွယ် မိသားစု၊ ၁၀၄(ပ-ဝဲဘက်)၊ ၂၁-လမ်း၊ လသာမြို့နယ်၊ (၁၀)သိန်း
၄၆။ ကန်တော်ကြီး(Happy Friday) လမ်းလျှောက်အဖွဲ့၊ (၁၀)သိန်း

အလှူရှင်များနှင့် မိတ်ဆွေသင်္ဂဟများသိရှိကုသိုလ်ယူနိုင်ရန် ကျပ်ဆယ်သိန်းနှင့်အထက် အလှူရှင်များစာရင်းအား ဆက်လက်ဖော်ပြသွားပါမည်။

# ကျောက်စိမ်းအနုပညာလက်ရာများလေ့လာနိုင်သော ဝေယောစနကျောက်စိမ်းစေတီတော်မြတ်ကြီး



**အမရပူရ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာအနီးရှိ ဝေယောစနကျောက်စိမ်းစေတီတော်မြတ်ကြီးအား ဘုရားဖူးများစည်ကားသလို မြန်မာမှုအဆင့်မြင့်ကျောက်စိမ်းအနုပညာလက်ရာများကို လာရောက်လေ့လာသူများပြားလျက်ရှိကြောင်း သိရသည်။

"ကျောက်စိမ်းတွေနဲ့ ဘုရားတည်ထားတာဆိုတော့ အလွန်ပဲ လာရောက်ဖူးမြော်ချင်ခဲ့ပါတယ်။ ခုမှ မြေးလေးက မန္တလေးမှာဘွဲ့ယူလို့ အပြန်မှာ ကျောက်စိမ်းဘုရား ဝင်ဖူးတာပါ။ ကျောက်စိမ်းတွေနဲ့ပုံဖော်ထားတဲ့ မြတ်ဗုဒ္ဓရဲ့ ဖွားမြင်တော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်းတွေ ကြည့်ရှုရတာများစွာအံ့ဩမိပါတယ်။ မြန်မာမှုကျောက်စိမ်းအနုပညာလက်ရာများ လေ့လာရတာ ဂုဏ်ယူမိပါတယ်" ဟု ငါန်းဇွန်မြို့နယ် တောင်လယ်တောကျေးရွာမှ ဘုရားဖူးပြည်သူတစ်ဦးက ပြောပြသည်။

ကျောက်စိမ်းစေတီတော်မြတ်ကြီးကို ၂၀၁၅ ခုနှစ် ဇွန်လက ထီးတော်တင်လှူခဲ့ပြီး စေတီတော်ကြီး၏ ပုံသဏ္ဌာန်မှာ မုခ်ဦးလေးမုခ်အပါအဝင် လှေကားလေးဘက် မကန်း၊ သရက်ကင်းများ၊ စိန်တောင်များနှင့် စေတီတော်တစ်ဆူလုံးအား ကျောက်စိမ်းကို မြန်မာမှုအနုပညာလက်ရာများနှင့်အတူ ဖန်တီးပေါင်းစပ်ထားခြင်းထားသည်။

မြန်မာမှုလက်ရာပိုင်းအတွက် အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်းမြန်မာမှုပညာရှင်များက တာဝန်ယူဆောင်ရွက်ထားခြင်းဖြစ်ပြီး စေတီတော်တွင် ၂ လက်မပတ်လည်အရွယ်အစားရှိ ကျောက်စိမ်းဆင်းတုတော်ပေါင်း သုံးသောင်းကို ကပ်လှူပူဇော်ထားသည်။

ယင်းပြင် မုခ်ဦးလေးမုခ်ရှိ တံကဲဥယျာဉ်(ခ)ဥကင်တော် ဥယျာဉ်တို့ရှိ ဒုရင်ဗိမာန်တွင် မြတ်ဗုဒ္ဓ၏ဖွားမြင်တော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်း၊ ရုပ်ပုံတော်မြတ်များ၊ စေတီတော်ပတ်လည်တွင် ပါရမီတော် (၁၀) ပါး ကျောက်စိမ်းစာလုံးများ၊ ပန်းတင်ခုံအထက်တွင် အောင်ခြင်း (၈) ပါးအောင်တော်မူခန်းများ၊ ဇာတ်တော်ကြီး (၁၀) ဘွဲ့ အစရှိသောကျောက်စိမ်းပန်းချီကားတော်များကို ထည့်သွင်းပူဇော်ထားသည်။

ထို့အတူ အရှေ့ဘက်အထက်ပစ္စယံတွင် ကျောက်စိမ်းဆင်းတုတော်တစ်ဆူကိုလည်းကောင်း၊ ပထမပစ္စယံ၊ ဒုတိယပစ္စယံ၊ တတိယပစ္စယံတို့တွင် ဗောဓိပင်နှင့် ဘုမိဖသမုဒြာ ဗုဒ္ဓရုပ်ပွားတော်၊ ဈာနမုဒြာဗုဒ္ဓရုပ်ပွားတော်၊ သန္တိဒမုဒြာဗုဒ္ဓရုပ်ပွားတော်၊ အဘယမုဒြာဗုဒ္ဓရုပ်ပွားတော်၊ စိဝရဟတ္ထမုဒြာဗုဒ္ဓရုပ်ပွားတော်တို့ကိုလည်းကောင်း၊ မုခ်ဦးလေးမုခ်တံကဲ ဝဲယာတို့တွင် မဟာဗောဓိညောင်ပင်ပုံသဏ္ဌာန်ကျောက်စိမ်းရုပ်ပုံတို့ကို အသီးသီးပုံဖော်ပူဇော်ထားသည်။

စေတီတော်မြတ်ကြီး၏ အတိုင်းအတာများမှာ ထီးတော်မပါ ဉာဏ်တော်အမြင့် ၇၅ ပေ ၆ လက်မ၊ လုံပတ်တော် ၁၇၆ ပေ၊ ပန်းတင်ခုံမှာ အလျား ၅၂ ပေ ၆ လက်မ၊ အနံ ၅၂ ပေ ၆ လက်မနှင့် အမြင့် ၁၂ ပေ၊ ထီးတော်အမြင့် ၇ ပေ၊ ငှက်ပျောဖူးအမြင့် ၈ ပေ ၆ လက်မ အသီးသီးရှိသည်။ ပန်းတင်ခုံအတွင်းရှိ မုခ်ဦးလေးမုခ်၌ ပူဇော်ကိုးကွယ်ထားသည့် ကျောက်စိမ်းရုပ်ပွားတော်မှာ ဉာဏ်တော် (၃၁) လက်မ၊ တောင်ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ဉာဏ်တော် ၄၉ လက်မခွဲနှင့် မြောက်ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ဉာဏ်တော် ၅၀ လက်မခွဲ အသီးသီးဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## အမျိုးသားကာကွယ်ဆေးတိုက်နေ့အကြောင်း ရှင်းလင်း

**ပုလဲ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ က လူထုအတွင်း ရောဂါခုခံမှုစွမ်းအားကို အမြင့်ဆုံးရောက်ရှိမြှင့်တင်ရန် တစ်နိုင်ငံလုံးတွင် ဆောင်ရွက်မည့် ၂၀၁၆ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့အကြောင်း သိကောင်းစရာများ အသိပေးရှင်းလင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက မြန်မာနိုင်ငံမှာ ၂၀၀၇ ခုနှစ်ကစတင်ပြီး ပိုလီယိုအရိုင်းပိုး မတွေ့ရှိရသောကြောင့် ပိုလီယိုအရိုင်းပိုး ကင်းစင်သောအခြေအနေသို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ပိုလီယိုကင်းစင်သောအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ပိုလီယိုကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားအောင်ဆောင်ရွက်ခြင်း၊ လတ်တလော ပျော့ခွေအကြောသေရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်း၊ ပိုလီယိုရောဂါအရိုင်းပိုး ကူးစက်ဝင်ရောက်လာပါက စောစီးစွာသိရှိ၍ ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်သော လူထု၏ ရောဂါခုခံမှုစွမ်းအား ပိုမိုကောင်းမွန်စေရန် အခါအားလျော်စွာ လိုအပ်သည့်အချိန်တိုင်းတွင် အစုလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း စသည့်လုပ်ငန်းများကို ကျန်းမာရေးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ၌လည်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသမှာရှိသည့် လူမှုရေးအဖွဲ့အစည်းများ၏အားကိုယူ၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာကြည်ဝင်းက အမျိုးသားကာကွယ်ဆေးတိုက်နေ့များဆိုသည်မှာ ပိုလီယိုပိုးသုံးမျိုးလုံးပါဝင်သော ကာကွယ်ဆေး (trivalent OPV-tOPV) မှ ပိုလီယိုပိုးအမျိုးအစားနှစ်မျိုးကို ဖယ်ရှား၍ ပိုလီယိုပိုးနှစ်မျိုးတည်းသာပါဝင်သော ကာကွယ်ဆေး ( bivalent OPV-bOPV ) သို့ ပြောင်းလဲ၍ ရောဂါခုခံမှုစွမ်းအားကို အမြင့်ဆုံးရောက်ရှိမြှင့်တင်ရန် တစ်နိုင်ငံလုံးတွင်ရှိသော အသက်အုပ်စုအလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပုလဲမြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ ပိုလီယိုရောဂါအပြီးသတ်ပပျောက်စေရေးကိုရည်ရွယ်၍ မွေးကင်းစမှ အသက် ၅ နှစ်အောက်ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

## ပထမအကြိမ်အမေရိကန်ပညာရေးပြပွဲကျင်းပ၍ ပညာသင်ဆုများပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၁၆**

American CenterESifhEducation USA Advising Center တို့မှ ကြီးမှူးကျင်းပသော ပထမအကြိမ်အ မေရိကန်ပညာရေးပြပွဲနှင့် အမေရိကန်တက္ကသိုလ်များမှ မန္တလေးမြို့နှင့်အထက် မြန်မာပြည်ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုများ ရှင်းလင်းခြင်းနှင့် ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်ရှိ ဆီဒိုနားဟိုတယ် အမရပူရခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့ရှိ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခများ၊ ဘာသာရပ်ဆိုင်ရာဌာနမှူးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းတည်ထောင်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားစွာလာရောက်ကြည့်ရှုကြသည်။

ပထမအကြိမ် အမေရိကန်ပညာရေးပြပွဲတွင် အမေရိကန်နိုင်ငံရှိ MIAMI University၊ University 0f California၊ CONCORDIA University၊ Columbia College အပါအဝင် တက္ကသိုလ်ကောလိပ် ၂၀ တို့မှ ပညာသင်ကြားမှု၊ ဘာသာရပ်ရွေးချယ်မှုများနှင့် မန္တလေးမြို့နှင့်အထက်မြန်မာပြည်မှ တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုများ ပေးအပ်မည့်အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် ဆင့်ပွားသင်တန်း မုံရွာမြို့တွင် ဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူကိုဗဟိုပြုသော အများပြည်သူဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြန်/ဆက်ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်/ဆက်ဦးစီးဌာနရုံးခန်းမတွင် ကျင်းပရာ ရှေးဦးစွာ တိုင်းပြန်/ဆက်ဦးစီးမှူး ဦးဝင်းမြိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းဖွင့်လှစ်မည့်အခြေအနေနှင့်ပတ်သက်ပြီး မုံရွာခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးဝင်းက "မုံရွာခရိုင်အတွင်းရှိ ခရိုင်နဲ့ မြို့နယ်ရုံးတွေက ခတ်ပုံကျွမ်းကျင်-၂၊ ရုပ်သံကျွမ်းကျင်-၃၊ အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေး ဝန်ထမ်းတွေ ဌာနလုပ်ငန်းဆောင်ရွက်ရာမှာ ယခုထက်ပိုမိုပြီး ကျွမ်းကျင်ပိုင်နိုင်အောင် အခုလို စွမ်းရည်မြှင့်ဆင့်ပွားသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှာ ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲရေး၊ ငွေစာရင်းထိန်းသိမ်းနည်း၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေး၊ နိုင်ငံဝန်ထမ်းဥပဒေ၊ သတင်းမီဒီယာနှင့် ပုံနှိပ်ခြင်းလုပ်ငန်းဥပဒေ/ နည်းဥပဒေနှင့် နိုင်ငံ့သမိုင်း အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုများစတဲ့ ဘာသာရပ်တွေကို သင်တန်းနည်းပြခြောက်ဦးမှ သင်ကြားပို့ချပေးသွားမှာ ဖြစ်ကြောင်းပြောကြားခဲ့သည်။

လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်ဆင့်ပွားသင်တန်း(မုံရွာ)သို့ ခရိုင်အတွင်းရှိ မုံရွာ၊ ချောင်းဦး၊ အရာတော်၊ ဘုတလင်ရုံးများမှ ဝန်ထမ်း ၁၆ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်ထိ နံနက် ၉ နာရီမှ ည ၈ နာရီခွဲထိ Night Study အပါအဝင် ခြောက်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ ယင်းမာပင်၊ ရွှေဘို၊ ကသာ၊ တမူး၊ ကလေး၊ မော်လိုက်၊ ခန္တီးခရိုင်တို့တွင်လည်း အဆိုပါသင်တန်းများအား တစ်ပြိုင်နက်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ပြန်/ဆက်ဦးစီးဌာနဦးစီးမှူး ဦးဝင်းမြိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးဝင်းနှင့် မြို့နယ်ဦးစီးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းဆေးပညာဌာနမှ အသည်းရောင်အသားဝါဘီပိုး၊ စီပိုး ရှိ–မရှိ စစ်ဆေး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၆**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းဆေးပညာဌာနမှ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာညိုမိခိုင်သန်းလှိုင်ဦးဆောင်သော ဆရာဝန်၊ ဆရာမ ၂၁ ဦး ပါဝင်သော မန္တလေးအသည်းရောင်ရောဂါကူညီစောင့်ရှောက်ရေးအဖွဲ့ (Mandalay Hepatitis Alliance-MHA) သည် ဖေဖော်ဝါရီ ၁၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့ တပ်ကုန်းရပ်ကွက်ရှိ အမှတ်(၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်သားကိုရင်၊ သီလရှင်များ၊ ကျောင်းသား၊ ကျောင်းသူ ၃၇၁ ဦးတို့အား အသည်းရောင်အသားဝါဘီပိုး၊ စီပိုး ရှိ-မရှိ စစ်ဆေးခြင်း၊ ဘီပိုးကာကွယ်ဆေးများအခမဲ့ ထိုးနှံပေးခဲ့သည်။ **သီဟကိုကို(မန္တလေး)**



## လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာမြင့်မားရေးဆင့်ပွားသင်တန်းဖွင့်

**တွံတေး ဖေဖော်ဝါရီ ၁၆**

ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားပြီး ရုံးလုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်အတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ မြင့်မားရေးဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်ထိ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ ဝန်ထမ်းများတက်ရောက်လျက်ရှိပြီး ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲရေးဘာသာရပ်၊ ပြည်သူဆက်ဆံရေးဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များစီမံခန့်ခွဲရေးဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုပ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းပညာဥပဒေများ ဘာသာရပ်တို့ကို ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများက စာတွေ့လက်တွေ့ သင်ကြားမည်ဖြစ်သည်။ **မျိုးလှိုင်(တွံတေး)**

ပြည်တွင်းရေးရာ

## ကလေးများအား မျက်စိအားတိုးဆေးတိုက်ကျွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း လေးဒေါင့်ကန် စံပြကျေးရွာ စိုက်/မွေး(၁)ရပ်ကွက်တွင် ကျန်းမာရေးဦးစီးဌာန စီမံချက်ဖြင့် ကလေးများအား ဖေဖော်ဝါရီ ၁၄ ရက်က မျက်စိအားတိုးဆေးကို ၎င်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ဘက်စုံသားဖွားဆရာမဒေါ်လောဟာအွယ်က "ကလေးငယ်တွေရဲ့ မျက်စိအမြင်အားကောင်းစေဖို့အတွက် ရည်ရွယ်တဲ့ ဒီစီမံချက်မှာ အသက်ခြောက်လကနေ တစ်နှစ်ပြည့်ဖို့ တစ်ရက်သာလိုတဲ့ ကလေးငယ်တွေဆိုရင် ဗီတာမင်အေ တစ်သိန်းအားဆေးကိုတိုက်ပြီး၊ အသက်တစ်နှစ်ကနေ ငါးနှစ်အထိဆိုရင်တော့ ဗီတာမင်အေ နှစ်သိန်းအားကို တိုက်ကျွေးပေးပါတယ်" ဟု ပြောပြသည်။

အဆိုပါ ကလေးငယ်များအား မျက်စိအားတိုးဆေး တိုက်ကျွေးခြင်းစီမံချက်ကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် စုရပ်ထားတိုက်ကျွေးသွားပြီး လာရောက်သောက်သုံးခြင်းမရှိသည့် ကလေးငယ်များကိုမူ ညနေပိုင်းတွင် ၎င်းတို့၏အိမ်များသို့ သွားရောက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့က ကလေးငယ်တွေကို မျက်စိအားတိုးဆေး မတိုက်ကျွေးခင်နေ့မှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက ကလေးငယ်တွေရဲ့ နာမည်စာရင်းကို ကြိုပြီး စာရင်းကောက်ထားပေးကြပါတယ်။ ဒါကြောင့် စုရပ်မှာ ဆေးလာမတိုက်တဲ့ကလေးတွေကို ဒီကနေ ဆေးတိုက်ပြီး ညနေဘက်မှာ တစ်အိမ်တက်ဆင်း လိုက်လံတိုက်ကျွေးသွားမှာပါ "ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုကဲ့သို့ ကလေးငယ်များအား မျက်စိအားတိုးဆေး တိုက်ကျွေးခြင်း စုရပ်သို့ အဆိုပါ စိုက်/မွေး(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များမှ ပူးပေါင်းပါဝင်ကူညီခဲ့ကြပြီး ဆေးတိုက်ကျွေးသည့်စုရပ်တွင် ကလေးငယ် ၁၃၀ အား တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၂၀၊ ၂၁၊ ၂၂ ရက်များတွင်လည်း အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား အပိုဆောင်း ပိုလီယိုကာကွယ်ဆေး ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ကျော်သူမြင့်စိုး**

## မန်းစက်တော် တည်းခိုဆောင်တစ်ဆင့်ဝယ်ယူမှု စျေးသုံးဆကျော်မြင့်

**စကု ဖေဖော်ဝါရီ ၁၆**



တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်းတစ်ရက်အထိ နှစ်စဉ်ကျင်းပသော မင်းဘူးခရိုင် မင်းဘူးစကုမြို့နယ် မန်းစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ဝန်းတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အခကြေးငွေဖြင့်တည်းခိုရသည့် ပုဂ္ဂလိကဆောင်များ တစ်ဦးမှ တစ်ဦးလက်လွှဲရောင်းချရာတွင် ဂေါပကလူကြီးထံပေးသွင်းရမည့် တင်ဒါလေလံစျေးထက် တည်းခိုဆောင်ပြန်ဝယ်လိုသူများ သုံးဆကျော်ပေး၍ ဝယ်ရကြောင်း သိရသည်။

အဆိုပါမန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ရာသီ၌ တည်းခိုဆောင်နေရာကို ဂေါပကလူကြီးအဖွဲ့မှ တင်ဒါလေလံစနစ်ဖြင့်ခေါ်ယူပြီး တည်းခိုဆောင်ရရှိသော ပုဂ္ဂလိကပိုင်များက တစ်ဦးမှတစ်ဦး လက်ဆင့်ကမ်းရောင်းချကြသော တည်းဆောင်တစ်ဆောင်လျှင် ကျပ် ၄၈ သိန်းမှ ကျပ် ၁၂၅ သိန်း အထိ ပေးဝယ်နေရကြောင်း တည်းဆောင်ဝယ်သူများထံက သိရသည်။

"ကျွန်တော်တို့ မနှစ်က ပွဲတော်ဖွင့်ပွဲပြီးမှဝယ်တာတောင် ကျပ် ၁၁၅ သိန်းပဲ ပေးဝယ်ရတယ်။ တည်းခိုဆောင်ရေစပ်နားရှိ အောက်တည်းဆောင်ရတယ်။ အခုနှစ် တည်းခိုဆောင်လေလံ လျှောက်လွှာတင်တာလည်း မရဘူး။ နှစ်စဉ်လုပ်ကိုင်နေကျမို့ ရတဲ့သူထံက ဝယ်တော့ ဂေါပကလူကြီးထံပေးသွင်းရမယ့် လေလံစျေးနှုန်းထက် သုံးဆကျော် ပိုများနေတယ်"ဟု တည်းခိုဆောင်ဝယ်ယူလုပ်ကိုင်သူ ကိုမျိုးက ဆက်လက်ပြောပြသည်။

"ရွှေစက်တော် တည်းခိုဆောင် ၁၁ ခန်းပါ တည်းဆောင်တစ်ဆောင် အောက်ဆောင်(ရေနား)က ဂေါပကလူကြီးတွေထံ ၂၂ သိန်း ငါးသောင်း သွင်းရတယ်။ကားလမ်းမြောက် ၁၁ ခန်းပါ ကုန်းဆောင် ကတော့ ကျပ် ၁၉ သိန်း သွင်းရတယ်။လေလံရတဲ့သူတွေက သူတို့အတွက် အသားတင်ကျပ်သိန်း ၁၀၀ လောက် တင်ရောင်းကြတယ်။ အခုနှစ်ဆိုင်ရာတွေကို အဆောင်မပေးတော့ မနှစ်ကရထားတဲ့ ဌာနဆိုင်ရာတွေကလည်း စျေးကောင်းပေးဝယ်နေကြတယ်" ဟု စကုမြို့နယ် ရှမ်းစုရွာသား တစ်ဦးက ပြောပြသည်။

တည်းကျောင်းများရှိ ဘေးတဘက်တစ်ချက်များတွင် ကွမ်းယာဆိုင်များ၊ မုန့်ခြောက်ပန်းခြောက်ဆိုင်၊ သနပ်ခါးဆိုင်များ ကပ်ဖွင့်ရန် တည်းဆောင်ဝယ်ထားသူထံမှ ၆ ပေ ၉ ပေ တစ်နေရာ ကျပ်ကိုးသိန်းဝယ်ရကြောင်း၊ ရွှေကြိုခေါ် ဧည့်သည်ကြိုသူများကို ရွှေစက်တော် တစ်ရာသီ ကျပ် ၇၅၀၀၀၀ အထိ ပေးငှားကြသည့်အပြင်တခြားတည်းဆောင် လိုက်ပို့ ပေးပါက ဧည့်သည်အကျများလျှင် တည်းခိုခ၏ ၂၀ ရာခိုင်နှုန်းပေးကြောင်း ဧည့်သည်နည်းပါးချိန်တွင် ၁၀ ရာခိုင်နှုန်းနှင့် ဧည့်ကြိုပေးသူများလည်းရှိကြောင်း ယင်းလုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

"ရွှေစက်တော်ဘုရားပွဲချိန်ဆို စီးပွားရေးလုပ်ငန်းရှင်တချို့ တည်းကျောင်းများကို မရရတဲ့နည်းနဲ့ ဝယ်ယူကာ ကိုယ်ကျိုးအတွက် စျေးပြိုင်စနစ် တစ်ခုဖြစ်နေတယ်။ မန်းစက်တော်ရာဂေါပကလူကြီးများ စည်းကမ်းထိန်းသိမ်းရေးကို စနစ်တကျရှိသင့်တယ်။ အနယ်နယ် အရပ်ရပ်ကလာပြီး ဘုရားဖူးပြည်သူတွေ တည်းခိုစရိတ်က သတ်မှတ်စျေးထက် ပိုတောင်းကြတယ်။

ယခု ၁၀ တန်းစာမေးပွဲပြီး ဘုရားဖူးကျချိန် နှစ်ခန်း ကျပ်တစ်သိန်းခွဲ အထိပေးတည်းရတယ်။ ဒါကြောင့် ဘုရားစောစောလာဖူးတာပါ။ မကွေးနဲ့ ရွှေစက်တော်က နေ့ချင်းပြန်ရတော့ အခုနှစ်တော့ တည်းကျောင်းမငှားတော့ဘူး" ဟု မကွေးမြို့မှ ဘုရားဖူးလာသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ဘုရားဖူးလာပြည်သူများ တည်းကျောင်းခများကို ဂေါပကလူကြီးများ၏ သတ်မှတ်စျေးနှုန်းထက်ပိုတောင်းပါက ဆွက်သွယ်ပြောကြားနိုင်သည့် ဖုန်းနံပါတ်ပါ လက်ကမ်းစာစောင်များအား ဘုရားဖူးပြည်သူများထံ စလင်းမှ ဦးနေမျိုးအဖွဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရန် တည်းကျောင်းများ စျေးသည်များ စည်းကမ်းနှင့်အညီဖြစ်စေရန် ဂေါကကအဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇွဲထက်ရှင်**

## လျှပ်စစ်ပန်ကာဒလက်မော်တာအသုံးပြုလာရာ ပန်းပဲလုပ်ငန်းတွင်ကျယ်



**မြိုင် ဖေဖော်ဝါရီ ၁၆**

ထင်းအစား လျှပ်စစ်ပန်ကာဒလက်မော်တာအသုံးပြု၍ ပန်းပဲလုပ်ငန်းကို တွင်ကျယ်စွာဖြင့် မြိုင်မြို့အနီး ငွေးပင်လယ်ကျေးရွာတွင် လုပ်ကိုင်နေကြောင်း သိရသည်။

ငွေးပင်လယ်ကျေးရွာတွင် အိမ်ခြေ ၁၅၀ ခန့်ရှိပြီး မိရိုးဖလာလုပ်ငန်းဖြစ်သည့် ပန်းပဲလုပ်ငန်းကို ၂၀၁၄ ခုနှစ်မှစ၍ လျှပ်စစ်မီးဖြင့် စတင်အသုံးပြုပြီးပန်းပဲဖို ၁၀ ဖိုကို လုပ်သားငါးဦးစီဖြင့် လုပ်ကိုင်လာကြောင်းသိရသည်။

ယခင်က ဖိုကြိုးဆွဲလုပ်သားတစ်ယောက် အသုံးပြုရပြီး ပန်းပဲလုပ်ငန်းလုပ်သားတစ်ယောက်လျှင် ကျပ် ၄၀၀၀ ပေးရကာ တူကိုင်သုံးယောက်၊ အချောသတ် တစ်ယောက်နှင့်ကြိုးဆွဲတစ်ယောက်(ဖိုသူကြီး) ဖိုလုပ်ငန်းရှင်က ဓား၊ တံစဉ်၊ တူရွင်းငန်းပြားတို့ကို ပုံဖော်ကိုင်တွယ်ပေးရသည်။

တစ်နေ့တာ လုပ်ငန်းချိန်၌ သံအရိုင်းပိဿာ ၁၁ ပိဿာကို ကုန်ချောထုပ်ရန် အချိန်အဆတွက်ပြီးထုတ်လုပ်ရောင်းချရာ ၄၀ သား၊၅၀ သားရှိ ဓားတစ်ချောင်းကို ကျပ်၄၀၀၀ မှ ၅၀၀၀အထိ ရရှိကြောင်း ပန်းပဲဖိုပိုင်ရှင်တစ်ဦးက ပြောသည်။

ပန်းပဲလုပ်ငန်း သံမီးပူပေးရာတွင် သံအရိုင်း ၁၁ ပိဿာကို မီးသွေးပုံး ၁၅ ပုံး (တစ်ဆယ်ဝင် သံပုံး) ကုန်ကျပြီး ဖားဖိုကြိုးဆွဲလုပ်သား တစ်ယောက်လုပ်အားစိုက်ရသည့်အစား လျှပ်စစ်ပန်ကာဒလက် ၁၁ လက်မမော်တာဖြင့် လေမှုတ်မီးအပူပေးရာ လုပ်ငန်းတွင်ကျယ်ပြီး ရင်းနှီးငွေသက်သာကြောင်း လုပ်ငန်းလုပ်ကိုင်သူ ဦးဘိုးကျော်ကပြောသည်။ **စိန်မြိုင်(မြိုင်)**

## ဖလမ်း၌ ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်မှု မြင့်မားရေးဆင့်ပွားသင်တန်းဖွင့်

**ဖလမ်း ဖေဖော်ဝါရီ ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင်အတွင်း ဝန်ထမ်းများ လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုမြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင်ပြည်သူ့စာကြည့်တိုက်ခန်း၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ဖလမ်းခရိုင်ရုံးနှင့် တီးတိန်၊ တွန်းဇန်၊ ကျီခါး၊ ရိခေါဒါရ်မြို့နယ်၊ မြို့များမှ ဝန်ထမ်း ၁၉ ဦး တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကျောက်ကြီးမြို့၌ ထောက်ခံကြိုဆို

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ထောက်ခံကြိုဆိုပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျောက်ကြီးမြို့နယ် အောင်ဗလကွင်း၌ ကျင်းပသည်။

အဆိုပါထောက်ခံကြိုဆိုပွဲတွင် ရေလဲကျေးရွာမှ ရခိုင်တိုင်းရင်းသား ဦးချစ်သိန်း (သဘာပတိ)က အဖွင့် အမှာစကားပြောကြားပြီး သံဘိုကျေးရွာမှ ရှမ်းတိုင်းရင်းသူ ဒေါ်ဇင်မျိုးနွယ်က ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံအားပေးကြရန်အဆိုတင်သွင်းခဲ့ရာ မေတ္တာရပ်ကွက်မှ ကရင်တိုင်းရင်းသား ဦးစောကီးဒိုက ထောက်ခံဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းရင်းသားပြည်သူများက တစ်ခဲနက်ထောက်ခံကြောင်း ကြွေးကြော်ခဲ့ကြပြီး အဆိုပါလူထုထောက်ခံပွဲသို့ ကျောက်ကြီးမြို့နယ်အတွင်းရှိ ကရင်၊ ရှမ်း၊ ဗမာ စသည့်တိုင်းရင်းသား ပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပဲခူးမြို့နယ် သနပ်ပင်လမ်းမတန်း ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၁၆**

ပဲခူးမြို့နယ် သနပ်ပင် လမ်းမတန်းသည် စီးပွားရေးရ အချက်အချာကျသော လမ်းဖြစ်သလို ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး ယခုအချိန်တွင် ပဲခူးမြို့နယ် သနပ်ပင်လမ်းမတန်း ယာဉ်ကြောပိတ်ဆို့မှုများ ရှင်းလင်းနေပြီဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်များခြင်း၊ ယာဉ်လိုင်းများ သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းများပြားခြင်း၊ ရန်ကုန်ဘက်သို့ ပြေးဆွဲနေသော မီနီဘက်(စ်)များ ပြေးဆွဲလျက်ရှိသည့်အပြင် သနပ်ပင်လမ်းမတန်း ဘုရားစျေးအနီးရှိ သင်္ကာလ ခရမ်းဘက်သို့ ပြေးဆွဲနေသောကားများ အစီးရေများပြားလာပြီး ဂိတ်စခန်းသဖွယ်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း ယင်းဒေသခံများက သုံးသပ်ပြောသည်။

ယခုအခါ တိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တိုင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ (ယကက)အစည်းဝေးဆုံးဖြတ်ချက်ဖြင့် ပဲခူးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့များ ပို့/ဆက်၊ မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်ကြောမပိတ်ဆို့စေရေးတွက် ဆောင်ရွက်နေပြီဖြစ်သည်။

"မည်သည့် ယာဉ်လိုင်းမဆို ယာဉ်ရပ်နားဖို့၊ စတင်ထွက်ခွာဖို့ နေရာများ သတ်မှတ်ထားပြီဖြစ်ပါတယ်။ လိုင်စင်လေးမျိုးမစုံသောယာဉ်၊ ယာဉ်ဝင်းထဲမဝင်သောယာဉ်၊ ပို့/ဆက်လက်မှတ်မပါသောယာဉ် သတ်မှတ်နေရာမှာ မရပ်သောယာဉ်တွေကို ပညာပေးကာလအဖြစ် စတင်စစ်ဆေးနေပြီဖြစ်ပါတယ်။

'ပညာပေးကာလ ပြီးဆုံးချိန်ဖေဖော်ဝါရီ ၂၈ ရက်ရောက်ရင် စည်းကမ်းချိုးဖောက်တဲ့ ယာဉ်များအားပြဋ္ဌာန်းထားသော မော်တော်ယာဉ် ဥပဒေသစ်နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်လာလို့ သနပ်ပင်လမ်းမကြီးက အရင်ထက်စာရင် ယာဉ်များရှင်းလင်းလာပါတယ်" ဟု ယာဉ်လမ်းကြောင်းရှင်းလင်းရေးနှင့် ပတ်သတ်သည့် တာဝန်ရှိသူတစ်ဦးကပြောသည်။

**မောင်မောင်အေး(ဥသာမြေ)**

# အိုဇုန်းလွှာအပေါက်ဖာဖို့ အားလုံးပါဝင်ဆောင်ရွက်စို့

ဒေါက်တာလပြည့်ခင်

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ (International Day for the Preservation of Ozone Layer) ကို ဂုဏ်ပြုသောအားဖြင့် လူတို့ရဲ့ စဉ်းစားအဆင်ခြင်မဲ့ သုံးစွဲနေကြသော ဓာတုပစ္စည်းအချို့ကြောင့် ပျက်စီးလုနီးပါးဖြစ်နေတဲ့၊ အချိန်မီထိန်းသိမ်းရန်လိုအပ်နေတဲ့ အိုဇုန်းလွှာလေးနဲ့ သူ့ကိုပျက်စီးစေတဲ့ ဓာတုပစ္စည်းတွေရဲ့အကြောင်းကို ရေးသားဖော်ပြရခြင်းဖြစ်ပါတယ်။

ဒီသတ္တလောကကြီးမှာနေထိုင်တဲ့ ကျွန်မတို့လူသားအားလုံး ကောင်းမွန်ကျန်းမာစွာ ရှင်သန်နေထိုင်ရေးနဲ့ သက်ဆိုင်နေတဲ့ အိုဇုန်းလွှာအပေါက်ဖာဖို့အတွက် အိုဇုန်းလွှာကို ပျက်စီးစေတဲ့ ဓာတုဒြပ်ပစ္စည်းများထုတ်လုပ်မှုနဲ့ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး၊ ရေခဲသေတ္တာနဲ့ လေအေးပေးစက်ဆိုင်ရာသင်တန်းပေးရေးတို့နဲ့စပ်လျဉ်းတဲ့ အစည်းအဝေးပွဲတစ်ခုကို ရန်ကုန်မြို့မှာပြုလုပ်ခဲ့ကြပါတယ်။ ပထမဆုံးအနေနဲ့ အိုဇုန်းလွှာဆိုတာဘာလဲ၊ အိုဇုန်းဆိုတာဘာလဲ၊ သူ့ရဲ့အသုံးဝင်ပုံကဘာလဲ။ ကောင်းကျိုးဆိုးကျိုးတွေကဘာလဲ၊ ဘယ်လိုထိန်းသိမ်းရမလဲ၊ သူ့ရဲ့အပေါက်ကို ဘယ်လိုဖာကြမလဲဆိုတာကို အားလုံးဝိုင်းဝန်းအဖြေရှာကြရမှာဖြစ်ပါတယ်။

## အိုဇုန်းလွှာ

အိုဇုန်းလွှာဆိုတာ နေမှလာသော ခရမ်းလွန်ရောင်ခြည် (Ultraviolet Radiation) များကို ကမ္ဘာမြေပြင်ပေါ်သို့ မကျရောက်စေဖို့ သဘာဝမှ ထီးသဖွယ်ကာရံပေးထားတဲ့ သဘာဝအကာအရံတစ်ခုဖြစ်ပါတယ်။ ဒီနေရာမှာ ခရမ်းလွန်ရောင်ခြည်လို့ခေါ်တဲ့ Ultraviolet Rays (UV) အကြောင်းသိဖို့လိုလာပါတယ်။ UV အမျိုးအစားသုံးမျိုးဖြစ်တဲ့ UV-A UV-B, UV-C တို့ကို လေ့လာကြည့်တဲ့အခါ UV- A က လူတွေကို အန္တရာယ်များစေတဲ့ရောင်ခြည်ဖြစ်ပြီး UV- B ကတော့ အန္တရာယ်အသင့်အတင့်ဖြစ်စေပါတယ်။ UV-C ကတော့ အန္တရာယ်အဆိုးရွားဆုံးပေးနိုင်သော်လည်း အိုဇုန်းလွှာက တားဆီးပေးထားလို့ လူတွေဆီရောက်မလာနိုင်ပါဘူး။ ဒါကြောင့် အိုဇုန်းလွှာကြီးရှိနေရင်၊ မပျက်စီးဘူးဆိုရင် UV-A အများစုနဲ့ UV- B မဆိုသလောက်သာ ကမ္ဘာမြေပေါ်ရောက်ရှိနိုင်ပါတယ်။ အိုဇုန်းလွှာပါးလာမယ်၊ ပေါက်လာမယ်ဆိုရင်တော့ ရောင်ခြည်သုံးမျိုးလုံး ကျွန်မတို့ရဲ့ကမ္ဘာဂြိုလ်ပေါ်ရောက်ရှိပြီး သက်ရှိ/ သက်မဲ့တွေအားလုံး ရောဂါဘယကျရောက်ပြီး အတိဒုက္ခရောက်စေမှာ သေချာပါတယ်။ အိုဇုန်းလွှာပေါက်တယ်ဆိုတာ တကယ်က သုံးမီလီမီတာလောက်အထူရှိတဲ့ အိုဇုန်းလွှာလေးက လူတို့အသုံးပြုတဲ့ ဓာတုဗေဒဓာတ်ငွေ့တွေကြောင့် ပျက်စီးပါးလွှာတာကို ပြောတာပါ။ ကျွန်မတို့လူသားတွေ နည်းအမျိုးမျိုးနဲ့ မြေပြင်မှ ပို့လွှတ်လိုက်တဲ့ ကလိုရင်း (Cl2) နှင့် ဘရိုမင်း (Br) ပါဝင်တဲ့ ဓာတ်ငွေ့တွေဟာ ကမ္ဘာ့လေထုအပေါ်လွှာပိုင်းသို့ရောက်တဲ့အခါ ဓာတ်ပြောင်းလဲမှုများဖြစ်ပေါ်ပြီး အိုဇုန်းလွှာကို ပျက်စီးစေတာဖြစ်ပါတယ်။ ဒါကြောင့် အိုဇုန်းလွှာကာကွယ်ရေးအတွက် ကမ္ဘာ့လူသားအားလုံး ပူးပေါင်းပါဝင်ပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

## အိုဇုန်း (Ozone)

အိုဇုန်း (Ozone) ဆိုတာကတော့ သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ ဓာတ်ငွေ့တစ်မျိုးဖြစ်ပြီး အောက်စီဂျင်အက်တမ်သုံးလုံး (O3) နဲ့ ဖွဲ့စည်းထားပြီး ကမ္ဘာ့မြေပြင်အထက် ၆ မိုင်မှ မိုင် ၃၀ ကြား လေထုအတွင်းမှာ လွင့်မျောလျက်ရှိနေတဲ့ ပါးလွှာတဲ့အငွေ့တန်းလေးပဲ ဖြစ်ပါတယ်။ ကမ္ဘာ့အိုဇုန်းဓာတ်ငွေ့အားလုံး၏ ၉၀ ရာခိုင်နှုန်းဟာ ကမ္ဘာ့လေထုအပေါ်လွှာပိုင်း (Stratoshere) တွင် ကမ္ဘာမြေပြင်မှ အထက် ၁၀ ကီလိုမီတာမှ ၅၀ ကီလိုမီတာအကြားတွင် တည်ရှိပါတယ်။ အဲဒီလို လေထုအပေါ်လွှာပိုင်းတွင် လွင့်မျောနေတဲ့ အိုဇုန်းဓာတ်ငွေ့တွေကို စုစည်းနိုင်မယ်ဆိုပါက အိုဇုန်းလွှာရဲ့အထူမှာ သုံးမီလီမီတာခန့်သာရှိကြောင်း သိရပါတယ်။ ပြီးတော့ လေထုအတွင်းမှာရှိတဲ့ ဓာတ်ငွေ့အားလုံးရဲ့ မော်လီကျူး ၁၀ သန်းတိုင်းမှာ အိုဇုန်းမော်လီကျူး သုံးခုမျှသာရှိပါတယ်။ ကျွန်မတို့ရဲ့ ကမ္ဘာ့မြေပြင်မျက်နှာပြင်အနီးမှာရှိတဲ့ အိုဇုန်းဓာတ်ငွေ့ကိုတော့ သောက်သုံးရေကိုပိုးသတ်တဲ့အခါ၊ လေကိုသန့်စင်တဲ့အခါ၊ ညစ်ညမ်းတဲ့ရေကို သန့်စင်တဲ့အခါများမှာ အသုံးပြုကြပါတယ်။

## အိုဇုန်းလွှာပျက်စီးစေသော ဓာတုဒြပ်ပစ္စည်းများ

အိုဇုန်းလွှာပျက်စီးစေသော ဓာတုဒြပ်ပစ္စည်းများမှာ ကလိုရင်းပါဝင်သော ဓာတုပစ္စည်းများဖြစ်တဲ့ စီအက်ဖ်စီ (Chlorfluorocarbon-CFC) အိပ်ချ်စီအက်ဖ်စီ (Hydrochlorfluorocarbons-HCFCs) နှင့် ကာဗွန်တက်ထရာကလိုရိုဒ် (Carbon Tetrachloride- CCl4) နှင့် မီသိုင်းကလိုရိုဖောင်း (Methyl Chloroform) နှင့် ဗရိုမင်းပါဝင်သော ဓာတုပစ္စည်းများဖြစ်တဲ့ ဟေလွန် (Halons) နှင့် မီသိုင်းဗရိုမိုဒ် (Methyl Bromide) တို့ဖြစ်ပါတယ်။ စီအက်ဖ်စီ (Chlorfluorocarbon-CFC-12) ကို ရေခဲသေတ္တာ၊ မော်တော်ယာဉ်လေအေးစက်၊ အအေးခန်းများနှင့် Chiller များတွင် အအေးပေးပစ္စည်းအဖြစ်လည်းကောင်း၊ ရင်ကျပ်ရောဂါဝေဒနာရှင်များအတွက် သုံးသည့်ဆေးများတွင် လေမှုတ်ဂုဏ်သတ္တိဖြစ်စေသော ပစ္စည်းအဖြစ်လည်း ကောင်း၊ လျှပ်စစ်ပစ္စည်းများကို သန့်စင်ရာတွင်လည်းကောင်း၊ အိပ်ချ်စီအက်ဖ်စီ (Hydrochlorfluorocarbons) HCFC-22 နှင့် HCFC-141b ကို အဆောက်အအုံလေအေးပေးစက်၊ အအေးခန်းများနှင့် Chiller များတွင် အအေးပေးပစ္စည်းအဖြစ်လည်းကောင်း၊ ဆိုဖာရေမြှုပ်များထုတ်လုပ်ရာတွင် အမြှုပ်ထစေသောပစ္စည်းများအဖြစ်လည်းကောင်း၊ ကာဗွန်တက်ထရာကလိုရိုဒ် (Carbon Tetrachloride) ကို သတ္တုပစ္စည်းများ သန့်စင်ရာတွင်လည်းကောင်း၊ မီသိုင်းကလိုရိုဖောင်း (Methyl Chloroform) ကို အီလက်ထရောနစ်ပစ္စည်းများ သန့်စင်ရာတွင်လည်းကောင်း၊ ဟေလွန် (Halons) ကို မီးသတ်ဆေးဘူး (Fire Extinguisher) များတွင်လည်းကောင်း၊ မီသိုင်းဗရိုမိုဒ် (Methyl Bromide) ကို ကုန်စည်များကို ပိုးမွှားကာကွယ်ရန်နှင့် တင်ပို့ခြင်းမပြုမီ ပိုးမွှားသန့်စင်ရာတွင်လည်းကောင်း၊ (Quarantine and Pershipment Applications)၊ ပိုးသတ်ဆေး (Pesticide) အဖြစ်လည်းကောင်း၊ သီးနှံများရိတ်သိမ်းပြီး ပိုးသတ်မှိုင်းတိုက် (Post-harvest Fumigation) ရာတွင်လည်းကောင်း သုံးစွဲကြပါတယ်။

## အိုဇုန်းလွှာပျက်စီးခြင်း၏ အကျိုးသက်ရောက်မှုများ

အိုဇုန်းလွှာပျက်စီးခြင်း၏ အကျိုးသက်ရောက်မှုများအနေဖြင့် နေမှ ခရမ်းလွန်ရောင်ခြည်ဘီလှိုင်း (UV-B) များသည် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်မှုပိုများလာပြီး လူသားတို့၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဂေဟစနစ်၊ ကုန်ပစ္စည်းနှင့် ရာသီဥတုတို့အပေါ်တွင် ကျယ်ပြန့်စွာ ထိခိုက်မှုများ ဖြစ်ပေါ်စေပါသည်။ လူသားတို့၏ ကျန်းမာရေးထိခိုက်မှုတွင် အရေပြားကင်ဆာ၊ ရောဂါဘယခုခံအားကျဆင်းမှု၊ မျက်စိတိမ်စွဲခြင်းတို့ ဖြစ်စေပါတယ်။ လူတွေရဲ့အရေပြားကို Epidermis လို့ခေါ်ပြီး အရေပြားမှာ Horny Layer လွှာ၊ Aqueous Layer လွှာနဲ့ Basal Layer လွှာဟူသည့် အလွှာသုံးလွှာပါဝင်ပါတယ်။ လူရဲ့ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ် (Cell) တွေ ပုံမှန်အနေအထားမှ အကြောင်းတစ်စုံတစ်ရာကြောင့် ပုံမမှန်နေအထားအဖြစ် ပြောင်းလဲသွားပြီး မူမမှန်ဆဲလ်တွေပွားများလာခြင်းကို ကင်ဆာလို့ခေါ်ပါတယ်။ နေရောင်ခြည်ဟာလည်း အရေပြားကင်ဆာဖြစ်ဖို့ အကြောင်းရင်းတစ်ခုဖြစ်တာကြောင့် ဂရုစိုက်ကာကွယ်ဖို့ လိုပါတယ်။

အထက်ပါ အရေပြားလွှာသုံးမျိုးအပေါ် နေရောင်ခြည်ကျရောက်မှုအပေါ် မူတည်ပြီး Basal လွှာကို ထိခိုက်ရင် Basal Cell Carcinoma ကင်ဆာနဲ့ Squamous လွှာကိုထိခိုက်ရင် Squamous Cell Carcinoma ကင်ဆာတို့ဖြစ်နိုင်ပြီး အသက် ၅၀ ကျော်အရွယ်တွေမှာ ဖြစ်လေ့ရှိကာ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေဆီ ကူးစက်လေ့မရှိပါဘူး။ Melanocyles Cell ကိုထိခိုက်ရင် Malignant Melanoma ကင်ဆာဖြစ်နိုင်ပြီး အသက် ၂၀ နဲ့ ၃၀ ကြား အရွယ်တွေမှာ အဖြစ်များပါတယ်။ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေဆီကို ကူးဆက်နိုင်လို့ ကြောက်စရာကောင်းပါတယ်။ ဒါပေမယ့် အရေပြားကင်ဆာဟာ အချိန်မီဆေးကုသရင် မသေနိုင်တဲ့ရောဂါဖြစ်လို့ အနီပြောက်၊ အနီစက်၊ အမာရွတ်ပုံစံတွေပေါ်လာရင် ဆရာဝန်နဲ့ မြန်မြန်ပြသကုသမှုခံယူရပါမယ်။

စိုက်ပျိုးရေးမှာတော့ သီးနှံပင်များကြီးထွားမှုကို ဟန့်တားစေနိုင်ခြင်း၊ သီးနှံပင်များ၏ အာဟာရဖြစ်စေမှုကို ကျဆင်းစေပြီး အဆိပ်အတောက်ဖြစ်မှုကို တိုးပွားစေနိုင်ခြင်း၊ ဂေဟစနစ်တွင် အပင်များ၏ပုံသဏ္ဌာန်ကို ပြောင်းလဲစေနိုင်ခြင်း၊ အပင်နှင့် ပိုးမွှားများ မျှတနေမှုကို ပျက်စီးစေနိုင်ခြင်း၊ ပင်လယ်အတွင်း အပင်ငယ်များနှင့် သတ္တဝါငယ်များကို ထိခိုက်ပျက်စီးစေခြင်း၊ ပလတ်စတစ်၊ ရော်ဘာ၊ သုတ်ထားသည့်ဆေး၊ သစ်သား၊ စက္ကူ၊ သားမွေးနှင့် ချည်ထည် စသည်တို့ကို ယိုယွင်းစေပြီး ကြာရှည်ခံမှုနှင့် အသုံးဝင်မှု သက်တမ်းလျော့ကျစေနိုင်ခြင်းစတဲ့ ဆိုးကျိုးတွေ အများကြီးဖြစ်နိုင်ပါတယ်။

အကျိုးဆက်အနေနဲ့ ကမ္ဘာကြီးပူနွေးမှုတိုးပွားစေခြင်း (Global Warming) နဲ့ ရာသီဥတုပြောင်းလဲမှု (Climate Change) ကိုဖြစ်ပေါ်စေနိုင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းများ (Ozone Depleting Substances-ODS) ထုတ်လုပ်မှုနှင့် တင်ပို့မှုမရှိသလို အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းများ (Low-volume ODS Consuming Country) သုံးစွဲမှုနည်းပါးတဲ့နိုင်ငံ ဖြစ်ပါတယ်။




## အိုဇုန်းလွှာပျက်စီးမှုအခြေအနေ

အိုဇုန်းလွှာပျက်စီးမှုအခြေအနေကို ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ ပညာရှင်တွေက သတိပြုမိလာကြပါတယ်။ ၁၉၈၀ နောက်ပိုင်းမှာ အန္တာတိက အိုဇုန်းအပေါက်ကို စတင်တွေ့ရှိခဲ့ပြီး ၁၉၈၂ ခုနှစ်နောက်ပိုင်းမှာတော့ အာတိတ်အိုဇုန်းအပေါက်တို့ကို ထပ်မံတွေ့ရှိခဲ့ပါတယ်။ အီကွေတာရဲ့ တောင်/မြောက်လတ္တီတွဒ် ၂၀ ဒီဂရီအတွင်း အိုဇုန်းလွှာပျက်စီးမှုက မရှိသလောက်ဖြစ်ပြီး ၃၅ ဒီဂရီအတွင်းမှာ အနည်းငယ်လျော့နည်းလာတဲ့ အခြေအနေမှာရှိပါတယ်။ မြောက်လတ္တီတွဒ် ၃၅ မှ ၆၀ ဒီဂရီအတွင်း ၃ ရာခိုင်နှုန်းခန့်နှင့် တောင်လတ္တီတွဒ် ၃၅ မှ ၆၀ ဒီဂရီအတွင်း ၆ ရာခိုင်နှုန်းခန့် လျော့နည်းမှုရှိပါတယ်။ ဝင်ရိုးစွန်းနှင့်နီးလေ အိုဇုန်းလွှာပမာဏ လျော့နည်းလေလေဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ကောင်းကင်မှာ အိုဇုန်းလွှာပမာဏ အများအပြားရှိနေဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျိုးတိုးကျဲတဲဖြစ်တဲ့နေရာက ခရမ်းလွန်ရောင်ခြည်တွေ ဝင်ရောက်လျက်ရှိနေပါတယ်။ ယခုဆိုလျှင် မြန်မာနိုင်ငံတောင်ဘက်ဖျားက ကော့သောင်းမြို့မှာ အန္တရာယ်ရှိတဲ့ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း ၈ ထက် အများကြီးကျော်လွန်ပြီး ၁၃ အထိပင် ရောက်ရှိနေပြီဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာစာချုပ်များအတိုင်း လိုက်နာအကောင်အထည်ဖော်မှသာ ၂၀၅၀ ပြည့်နှစ်နောက်ပိုင်းတွင် အိုဇုန်းလွှာ မူလအခြေအနေသို့ ပြန်ရောက်နိုင်မယ်လို့ မျှော်မှန်းထားကြပါတယ်။ အိုဇုန်းလွှာနဲ့သက်ဆိုင်တဲ့ ဗီယင်နာကွန်ဗင်းရှင်း (Vienna Convention) နဲ့ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် (Montreal Protocol) တို့သာ မပေါ်ပေါက်ခဲ့ပါက ၂၀၆၅ ခုနှစ်ခန့်မှာ ကမ္ဘာ့အပါယံတွင်အိုဇုန်းလွှာရဲ့ ၃ ပုံ ၂ ပုံမှာ ပျောက်ကွယ်သွားနိုင်ပါတယ်။

၁၉-၁၂-၁၉ နေ့မှာကျင်းပတဲ့ (၄၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးအရ ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် ချုပ်ဆိုခဲ့သည့်နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်စက်တင်ဘာ ၁၆ ရက်ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Pres ervation of Ozone Layer) အဖြစ် သတ်မှတ်ခဲ့ပါတယ်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများမှ ၁၉၉၅ ခုနှစ်မှစတင်ပြီး အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားများကို ကျင်းပကြပါတယ်။ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံး အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူစာချုပ်တစ်ရပ်ဟု ဆိုကြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# လူငယ်ကွန်ရက်မှ ဘုံတာကျေးရွာတွင် စာကြည့်တိုက်ဖွင့်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၆**

ပခုက္ကူမြို့နယ် ရေလယ်ဇီးတောအုပ်စု ဘုံတာကျေးရွာတွင် နေလရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲသို့ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေ၊ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်နာယက ဦးရဲထွဋ်၊ ပခုက္ကူလူငယ်ကွန်ရက်မှ လူငယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ပခုက္ကူလူငယ်ကွန်ရက်မှ နေလရောင်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း စာကြည့်တိုက်ခြောက်ခု ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စာရေးဆရာလူမွန်(ပခုက္ကူ)နှင့် အောင်စိုးသန်း (ပခုက္ကူ) တို့ကစာပေနှင့် စာကြည့်တိုက်အကြောင်းသိကောင်းစရာများ ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ယင်းမာပင်ခရိုင်တွင် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

**ယင်းမာပင်၊ ဖေဖော်ဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ရုံးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ယင်းမာပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမြင့်က မိမိလက်အောက်ရှိ ဌာနဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးနှင့် အရှိန်အဟုန်မြှင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအားလုံးအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးသော ဘာသာရပ်အသီးသီးကို လေ့လာမှတ်သားကာ လက်တွေ့လုပ်ငန်းခွင်တွင် မှန်ကန်မြန်ဆန်စွာ အသုံးချဆောင်ရွက်ကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်း ပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းသည် ယင်းမာပင်ခရိုင်တွင် ပထမအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမများအဖြစ် ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းမြင့် ဦးဆောင်ကြီးကြပ်ကာ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ စသည့်မြို့နယ်ဦးစီးမှူးများက သင်ကြားပေးမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲမှု၊ ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့စာကြည့်တိုက်များစီမံခန့်ခွဲရေး၊ ငွေစာရင်းထိန်းသိမ်းနည်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံ့သမိုင်းအဆင့်ဆင့် ပြောင်းလဲတိုးတက်မှုများ စသည့်ဘာသာရပ်ခြောက်ခုအား အသေးစိတ် စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄ နာရီ မိနစ် ၂၀ ထိ ခရိုင်အတွင်းရှိ ဓာတ်ပုံ-၂၊ စာထောက်-၃၊ ရုပ်/သံ-၃၊အငယ်တန်းစာရေး၊ ပုံနှိပ်ကျွမ်းကျင်-၅ နှင့် ရုံးအကူစသည့်ဝန်ထမ်းသင်တန်းသား ၁၆ ဦးအား သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်ထိ ဖြစ်သည်။ **ထွန်းကိုကို(ယင်းမာပင်)**

ပြည်တွင်းရေးရာ

ဖတ်စရာ

# ချင်းအမျိုးသားတို့၏သမိုင်းဝင်နေ့ထူးနေ့မြတ် အမျိုးသားနေ့

**à ဂျိုးနက်**

ချင်းပြည်နယ်တွင် တောင်ဇလပ်ပန်းနှင့် ချယ်ရီပန်းများ ဝေဝေဆာဆာဖူးပွင့်သည့်အချိန် ဖေဖော်ဝါရီလတွင် ကျရောက်မည့် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ လွတ်လပ်မှု၊ တန်းတူရည်တူညီမျှမှုရရှိရေးအတွက် နှစ်ပေါင်းကြာမြင့်စွာ ရုန်းကန်လှုပ်ရှားတိုက်ပွဲဝင်လာခဲ့ရာမှ ပေါ်ပေါက်လာခဲ့ရသော ချင်းအမျိုးသားနေ့သည် လွတ်လပ်ရေးနှင့် ဒီမိုကရေစီကို အခြေခံပြီး ပေါ်ပေါက်လာရခြင်းဖြစ်သည့်အတွက် ရှည်လျားနက်နဲသည့် တန်ဖိုးကြီးလှသော ချင်းအမျိုးသားတို့၏ သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်ခုဖြစ်သည်။

ယင်းသို့ဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည့်အပြင် တစ်ကမ္ဘာလုံးရှိ ချင်းလူမျိုးများနှင့် တစ်နိုင်ငံလုံးရှိ ချင်းလူမျိုးများကလည်း မိမိနေထိုင်ရာ ဒေသအသီးသီးတို့တွင် လူမျိုးစုအလိုက် ချင်းအမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ပြီး ယခင်နှစ်ကလည်း ကမ္ဘာ့နိုင်ငံ ၁၅ နိုင်ငံမှ နေရာ ၅၇ နေရာတွင် ချင်းအမျိုးသားနေ့ကို ကျင်းပခဲ့ကြကြောင်း သိရသည်။

ချင်းအမျိုးသားနေ့သည် သမိုင်းဝင်နေ့ရက်များနှင့်လည်း တိုက်ဆိုင်မှုဖြစ်သည့် နေ့ထူးနေ့မြတ်များလည်းရှိခြင်းကြောင့် အထူးပင် စိတ်ဝင်စားစရာကောင်းလှသည့် နေ့မြတ်တစ်နေ့အဖြစ် သတ်မှတ်နိုင်ကာ အဆိုပါ တိုက်ဆိုင်မှုဖြစ်သည့် နေ့များမှာ မေမြို့တွင် အင်္ဂလိပ်စစ်တပ် တာဝန်ထမ်းဆောင်သည့် ချင်းအမျိုးသားများဖွဲ့စည်းထားသော ချင်းအမျိုးသားပညာရေးမြှင့်တင်ရေးအဖွဲ့ကို ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖွဲ့စည်းတည်ထောင်ပြီးနောက် ချင်းပြည်နယ် မင်းတပ်မြို့နယ် လိုယုံးရွာတွင် ချင်းအမျိုးသားများ၏ ပထမဆုံးသော နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည့် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ချင်းပြည်နယ် မင်းတပ်မြို့နယ် မသုံနူးကျေးရွာတွင် ၁၉၃၃ ခုနှစ် မတ် ၂၄ နှင့် ၂၅ ရက်တို့က ကျင်းပသည့် ညီလာခံက ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ဟု ပြင်ဆင်ပြောင်းလဲခဲ့ပြီး ရည်ရွယ်ချက်မှာ ချင်းတောင်တန်း၊ လူရှေတောင်တန်း၊ နာဂတောင်တန်း၊ မြေပြန့်ချင်း(အရှို)စသည်ဖြင့် အင်္ဂလိပ်အစိုးရက ချင်းအမျိုးသားများ အချင်းချင်းကို ကွဲပြားစွာခေါ်ဝေါ်အုပ်ချုပ်နေသည့်အတွက် တောင်ပေါ်မြေပြန့် ချင်းအမျိုးသားများအားလုံး သွေးစည်းညီညွတ်ရေးကို ဦးတည်ပြီး ပြင်ဆင်ပြောင်းလဲခြင်းဖြစ်ကြောင်း သိရသည်။

ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့က ၁၉၃၄ ခုနှစ် မင်းတပ်မြို့နယ် ဝရဲကျေးရွာ ညီလာခံမှ အင်္ဂလိပ်အစိုးရကို တောင်းဆိုချက်ရာဇသံ(၉)ချက် ပေးပို့ထားပြီး ယင်းတောင်းဆိုချက်များနှင့်ပတ်သက်၍ ချင်းပြည်နယ် ကန်ပက်လက်မြို့တွင် ၁၉၃၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့က အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များနှင့် ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ ဦးစီးသည့် ချင်းလူထုသုံးထောင်ကျော်တို့ တွေ့ဆုံပွဲကျင်းပပြီး တောင်းဆိုချက် (၉)ရပ်ကို အင်္ဂလိပ်အစိုးရက တစ်ချက်မျှ မလိုက်လျောနိုင်ကြောင်း ကြေညာသည့်အချိန်တွင် ချင်းလူထုကြီးက ချက်ချင်းထကြပြီး သပိတ်မှောက်ကာ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များကို မောင်းထုတ်သည့်နေ့လည်း ယင်းနေ့ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြစ်သည်။

အဆိုပါ သပိတ်မှောက်မောင်းထုတ်သည့် ပြဿနာကြောင့် အင်္ဂလိပ်အစိုးရကချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ကို မတရားအသင်းကြေညာပြီး ဦးဝမ္မသူးမောင် အပါအဝင်ချင်းအမျိုးသားညီညွတ်ရေး အဖွဲ့ခေါင်းဆောင် ကိုးဦးတို့အား ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင်စတင်ဖမ်းဆီးပြီးနောက် သပိတ်မှောက်မောင်းထုတ်သည့် ပြဿနာကြောင့် အင်္ဂလိပ်အစိုးရက တစ်နှစ်ခန့်အချိန်ယူလျက် ထပ်မံဖမ်းဆီးရေးပြင်ဆင်မှုပြုလုပ်ပြီး အသုတ်ငါးသုတ်ဖြင့် လူပေါင်း ၇၉ ဦးတို့အား နိုင်ငံရေးအကျဉ်းသားများအဖြစ် ဖမ်းဆီးထောင်ချခံခဲ့ကြသည်။

ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့တွင် ချင်းဝိဒေသတိုင်းလုံးဆိုင်ရာညီလာခံကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက် အထိကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ စပ်ရွှေသိုက် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပြီး အဆိုပါ ညီလာခံတွင် တိုက်သူကြီးများဖြုတ်ချပြီး လူထုရွေးချယ်သည့် ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရန်ဆိုသည့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ချမှတ်ရန်အဆိုကို တင်သွင်းကြပြီး ထောက်ခံ၊ ဆုံးဖြတ်ကြသည့်နေ့သည် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ဖြစ်သည်။

ထိုသို့ဖြင့် ချင်းရေးရာကောင်စီမှ ၁၉၅၀ ခုနှစ် အောက်တိုဘာ ၉ ရက်က ရန်ကုန်မြို့တွင်ကျင်းပသော ချင်းအမျိုးသားနေ့ သတ်မှတ်ရေး အစည်းအဝေးတွင် ချင်းဝိဒေသတိုင်းလုံးဆိုင်ရာ ညီလာခံကျင်းပသည့် နေ့ရက်ကိုအစွဲပြု၍ ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကြရန်နှင့် ယင်းကဲ့သို့ သမိုင်းကြောင်းနောက်ခံများနှင့်အတူ အံ့ဩဖွယ် တိုက်ဆိုင်မှုများ ထူထပ်လှသော ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ်ရွေးချယ်ကြရန် ချင်းရေးရာကောင်စီက တညီတညွတ်တည်း အသိအမှတ်ပြုဆုံးဖြတ်ခဲ့ကြသည်။

ယင်းသို့ဖြင့် ချင်းအမျိုးသားတို့၏ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်သော ချင်းအမျိုးသားနေ့အခမ်းအနားကြီးကို ချင်းပြည်နယ်တောင်ပိုင်း ခရိုင်မင်းတပ်မြို့တွင် ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့က ပထမဦးဆုံးအကြိမ်အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ပထမဦးဆုံးသော ချင်းအမျိုးသားနေ့အခမ်းအနားကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်တက်ရောက်ချီးမြှင့်ခဲ့သည်။

နောက်ပိုင်းတွင် ချင်းအမျိုးသားနေ့သည် နိုင်ငံရေးအပြောင်းအလဲများ၏ဖိနှိပ်မှု အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းကြာမြင့်စွာ မကျင်းပနိုင်တော့ဘဲ ပိတ်ပင်ခံရပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့မှစ၍ ပြန်လည်စတင်ကာ ချင်းအမျိုးသားတပ်ဦး CNF နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်မြို့တော် ဟားခါးမြို့တွင် စည်ကားသိုက်မြိုက်စွာနှင့် အနှစ်သာရပြည့်ဝစွာဖြင့် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖြင့် ချင်းအမျိုးသားတို့၏ အမြတ်တနိုးတန်ဖိုးထားသည့် ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့၌ ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် (၆၇)နှစ်မြောက် ချင်းအမျိုးသား နေ့ကို ဟားခါးမြို့တော်တွင် ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း မြို့တော်ဟားခါးတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ် (၆၈)နှစ် မြောက် ချင်းအမျိုးသားနေ့သည် နိုင်ငံတော်အစိုးရသစ်၏ လက်ထက်တွင် စတုတ္ထအကြိမ်မြောက်ကျင်းပပြုလုပ်မည့် ချင်းအမျိုးသားတို့၏ အမွန်မြတ်ဆုံးသောအခမ်းအနားကြီးဖြစ်ကြောင်းသိရသည်။

ချင်းတိုင်းရင်းသားတို့၏ အမျိုးသားလက္ခဏာတစ်ရပ်အဖြစ် မြို့တော်ဟားခါးတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ရှေးအစဉ်အဆက် နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့်ပြောင်း လဲလာခဲ့သည့် လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို ပြည်နယ်ဝန်ကြီးဌာနအသီးသီးက ပြခန်းများပြုလုပ်၍ခင်းကျင်းပြသခြင်း၊ ချင်းရိုးရာဓလေ့ဖြစ်သော ခွါနိန်းကွဲပွဲ အပါအဝင် ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ မတူညီသော ရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ ရိုးရာတေးသရုပ်ဖော်အကများနှင့် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။

ယင်းအပြင် ညပိုင်းတွင် စင်တင်တေးဂီတအဖွဲ့များမှ ခေတ်ပေါ်တေးသီချင်း သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာအဝတ်အထည်နှင့် ဈေးအရောင်းဆိုင်များ၊ ချင်းရိုးရာနပန်းပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲစသည့်ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းစီစဉ်ထားကြောင်း၊ ယခုချင်းအမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်ရှိ အထူးပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားမည်ဖြစ်ကာ ချင်းအမျိုးသားများ၏ သမိုင်းဝင်နေ့ထူးနေ့မြတ် ချင်းအမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဓာတ်အားအမြန်ရရှိရေးဆောင်ရွက်

**လပွတ္တာ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း ဖေဖော်ဝါရီ ၄ရက် ည ၈ နာရီ မိနစ်၂၀ ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အိမ်ခြေ ၁၇၉ လုံး၊ ဆိုင်ခန်း ၂၀ ခန်း မီးလောင်ရာတွင် ပျက်စီးဆုံးရှုံးခဲ့ရာ လျှပ်စစ်ဝန်ထမ်းများမှ မီးလောင်ရာတွင် ပါဝင်သော ၄၀၀ဗို့ ဓာတ်အားလိုင်းပစ္စည်းများနှင့် လောင်ကျွမ်းအိမ်သုံးမီတာများအား ဖြုတ်သိမ်း၍ စနစ်တကျ မှတ်တမ်းတင်သိမ်းဆည်းခဲ့သည်။

အဆိုပါ မီးလောင်ရာနေရာသို့ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းက မီးလောင်ကျွမ်းမှုကြောင့် ဓာတ်အားလိုင်းနှင့် အိမ်သုံးမီတာများ ပျက်စီးဆုံးရှုံးမှုအခြေအနေတို့အား စစ်ဆေး၍ ဓာတ်အားအမြန် ပြန်လည်ရရှိရေးအတွက် (၄)ရပ်ကွက် ဆိပ်ကမ်းသာလမ်းတွင် ဓာတ်အားလိုင်းတည်ဆောက်နေမှုအခြေအနေတို့အား ကွင်းဆင်းစစ်ဆေးပြီး မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် ဓာတ်အားပေးနိုင်ခြင်းမရှိသေးသော ရပ်ကွက်များအား ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးနှင့် မီးလောင်ကျွမ်းခဲ့သော နေအိမ်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်တွင် လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရန် လိုအပ်သော ပစ္စည်း၊ လူအင်အားတို့အား စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

မီးလောင်နေစဉ်အတွင်း ပတ်ဝန်းကျင် အဆောက်အအုံများရှိ အိမ်သုံးမီတာ ၃၈ လုံးအား ဖြုတ်ယူသိမ်းဆည်းနိုင်ခဲ့ပြီး မီးလောင်ရာတွင် ပါဝင်သွားသည့် အိမ်များမှအပ ကျန်သည့်ရပ်ကွက် ၁၊ ၄၊ ၅ တို့ရှိ အိမ်များအား လျှပ်စစ်ဝန်ထမ်းများမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများရှင်းလင်းခြင်း၊ အိမ်သုံးမီတာများအား စစ်ဆေးခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းတွင် ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့နောက် တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းသည် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းအိမ်ရာနှင့် ၆၆/၁၁ ကေဗွီ (၂×၅)အမ်ဗွီအေ ဓာတ်အားခွဲရုံအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝင်းကျော်မြင့်(လပွတ္တာ)**

## လုပ်ငန်းကျွမ်းကျင်မှုမြှင့်မားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**မင်းတပ် ဖေဖော်ဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည့် လုပ်ငန်းကျွမ်းကျင်မှု မြှင့်မားရေးဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် မင်းတပ်ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်း၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးလိန်းကီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ သင်တန်းကာလအတွင်း သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကိုလည်းကောင်း၊ သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများအကျဉ်းကိုလည်းကောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မင်းတပ်ခရိုင်ရုံး၊ ကန်ပက်လက်မြို့နယ်ရုံး မတူပီမြို့နယ်ရုံးနှင့် ရေဇွာမြို့ရုံးတို့မှ ဝန်ထမ်း ၁၄ ဦးတို့အား ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကာမစိတ်ကြွဆေးများရောင်းချမှုမရှိစေရေး မန္တလေးတိုင်းအတွင်း ကွင်းဆင်းစစ်ဆေး



**မန္တလေး ဖေဖော်ဝါရီ ၁၆**

ချစ်သူများနေ့တွင် အမျိုးသမီးငယ်များကို ကာမစိတ်ကြွဆေးများအသုံးပြု၍ မလိုလားအပ် သော ဖြစ်စဉ်များမဖြစ်စေရေးကြိုတင်ကာကွယ်သည့်အနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်းရှိ ဆေးဆိုင်များ၊ လမ်းဘေး ဆေးဆိုင်များ၊ လမ်းဘေးအကာကွယ်ပစ္စည်းအရောင်းဆိုင်ငယ်များ၊ ဆေးသိုလှောင်ရုံများအား ကာမစိတ်ကြွဆေးများ ရောင်းချမှု ရှိ၊ မရှိ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)မှ ဝန်ထမ်းများ၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင် ရှာဖွေစစ်ဆေးခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ ဆေးဆိုင် ၈၃ ဆိုင်၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဆေးဆိုင် ၅၁ ဆိုင်၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ဆေးဆိုင် ၁၆ ဆိုင်၊ မိတ္ထီလာခရိုင်အတွင်းရှိ ဆေးဆိုင် ၂၃ ဆိုင်၊ မြင်းခြံခရိုင်အတွင်းရှိဆေးဆိုင် ၁၄ ဆိုင်၊ ရမည်းသင်းခရိုင်အတွင်းရှိ ဆေးဆိုင် ၁၆ ဆိုင်၊ ညောင်ဦးခရိုင်အတွင်းရှိ ဆေးဆိုင် ၂၃ ဆိုင်တို့အား စစ်ဆေးခဲ့ရာရောင်းချမှုမရှိကြောင်း တွေ့ရသည်။

ယင်းနေ့က ကာမစိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေးဆေးဆိုင်ဖွင့်လှစ်ရောင်းချသူများအားပညာပေးဆွေးနွေးခဲ့ပြီး ကာမစိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေး မဟာသင်္ကြန်အကြိုကာလများတွင် အရှိန်အဟုန်မြှင့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# ပုလောမြို့နယ် မီးဘေးသင့်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ထောက်ပံ့ကူညီပေး

**မြိတ် ဖေဖော်ဝါရီ ၁၆**

မြိတ်ခရိုင် ပုလောမြို့နယ် ကျောက်ကာကျေးရွာတွင် ဖေဖော်ဝါရီ ၁၃ ရက်ကဖြစ်ပွားခဲ့သော မီးဘေးသင့်သူတို့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် သက်ဆိုင်ရာတိုင်းနဲ့ပြည်နယ်ရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းခဲ့သောဒေသသည် မြိတ်မြို့နယ်မှ ရေမိုင် ၄၀ ကျော်ခန့် ကွာဝေးပြီး ပင်လယ်အတွင်းက ကျွန်းတစ်ကျွန်းဖြစ်ခြင်းကြောင့် မီးငြိမ်းသတ်မှုအကူအညီပေးရာတွင် လမ်းပန်းဆက်သွယ်ရေးအရ သင်္ဘော၊ မော်တော်တို့ဖြင့် သွားရောက်မီးငြိမ်းသတ်မှုကြောင့် အပျက်အစီး အဆုံးရှုံးများခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း မြိတ်မြို့နယ်ကြက်ခြေနီအသင်းခွဲအနေနှင့်လည်း ဖြစ်လျှင်ဖြစ်ချင်း ကြက်ခြေနီစေတနာလုပ်အားရှင်များဖြင့် ကုန်းလမ်း၊ ရေလမ်းတို့ကို ဖြတ်ကျော်ကာ အများပြည်သူတို့၏ ကျန်းမာရေးအန္တရာယ်အတွက် စောင့်ရှောက်ခြင်း၊ မီးဘေးသင့်သူတို့အတွက် လိုအပ်သလို ပံ့ပိုးကူညီမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် သဘာဝဘေးအန္တရာယ်များအတွက် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်တင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း သဘာဝဘေးကြိုတင်ကာကွယ်တားဆီး တုန့်ပြန်ရေးအဖွဲ့ (NDRT)သင်တန်းများ၊ ဘေးဒုက္ခတုန့်ပြန်ကယ်ဆယ်ရေးသင်တန်း (ERT) များကို ကြက်ခြေနီစေတနာလုပ်အားရှင်အသီးသီးသို့ နည်းပညာများသင်ကြားပေးပြီး စနစ်တကျဆောင်ရွက်စေခဲ့ကြောင်းသိရသည်။

ပုလောမြို့နယ် ကျောက်ကာကျေးရွာရေလယ်ကျွန်းလေး၏ မီးဘေးကြောင့် အိမ်ခြေ ၂၉၇ လုံး၊ အိမ်ထောင်စု ၄၁၅ စု၊ ပျက်စီးအိမ်ခြေ ၃၄ လုံး၊ အသက် ၁၈ နှစ်အထက်(ကျား) ၅၁၅ ဦး၊ အသက် ၁၈ နှစ် အထက်(မ) ၅၄၅ ဦး၊ အသက် ၁၈ နှစ်အောက်(ကျား) ၂၇၉ ဦး၊ အသက် ၁၈ နှစ်အောက်(မ)၂၂၅ ဦးအထိ ဒုက္ခခံစားခဲ့ကြရသည်။

နေအိမ်အဆောက်အအုံအနေဖြင့် တိုက်အိမ် ၃၃ လုံး၊ ပျဉ်ထောင်အိမ် ၁၉၀၊ ဝါးခနိအိမ် ၇၁ လုံးနှင့် အ. ထ. က(ခွဲ) နှစ်ထပ်အဆောက်အအုံ၊ အ. ထ. က(ခွဲ) ရုံးခန်း၊ အ. မ. က ကျောင်းဆောင်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၇၅၁၁၂၅၀၀ ဖြစ်ကြောင်း သက်ဆိုင်ရာလတ်တစ်လောစာရင်းများအရ သိရသည်။

အဆိုပါမီးဘေးသင့် အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မြိတ်မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဂိုထောင်မှ မိသားစု ၃၀၀ စာ၊ ထားဝယ်ကြက်ခြေနီအသင်းခွဲသိုလှောင်ရုံမှ မိသားစု ၁၅၀ စာ စုစုပေါင်းမိသားစု ၄၅၀ စာအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် family Kit (450), Hygiene Kit ( 450),Shalter Tool Kit ( 60), စောင် ၄၅၀ ထည်၊ တာပေါ်လင် ၄၅၀ နှင့် သောက်သုံးရေထည့်ပုံး ၄၅၀ တို့အား ပေးပို့ထားပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်/မြို့နယ်ကြက်ခြေနီအသင်းခွဲများမှတစ်ဆင့် လှူဒါန်းလျက်ရှိသည်။



သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင်း ထားဝယ်သိုလှောင်ရုံမှ ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်တို့ဖြင့် ပို့ဆောင်ပေးခဲ့သည်။

အခင်းဖြစ်သည့်နေ့မှစတင်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး (ပထမတန်း) ဦးကြည်တင်ဦးဆောင်လျက် ကြက်ခြေနီစေတနာလုပ်အားရှင်များဖြင့် နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ ၊ ထောက်ပံ့ပစ္စည်းများပေးအပ်မှုများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သလို ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဦး(မန္တလေး)**

# နွေရာသီတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လာနိုင်သည့် မြိုင်မြို့နယ်များအား ညှိနှိုင်းဆောင်ရွက်ပေး



**မြိုင် ဖေဖော်ဝါရီ ၁၆**

ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာနိုင်သည့် မြိုင်မြို့နယ်ရှိ ကျေးရွာအချို့တို့၌ ဖေဖော်ဝါရီ ၁၅ ရက်က နွေရာသီ နှစ်စဉ်ရေရှားပါးမှုကြုံတွေ့မှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ဒေသခံများနှင့်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြိုင်မြို့နယ်တွင် ကျေးရွာပေါင်း ၃၃၀ ရှိပြီး မြေအောက်ရေတွင်းများကိုသာ အမှီပြုသုံးစွဲနေရကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခင်နှစ်က တွင်းနက်ရေတွင်းခြောက်တွင်းနှင့် ယခု ၂၀၁၆ ခုနှစ်တွင် တွင်းနက်ရေတွင်းကိုးတွင်း၊ ရေကန်ငယ်သုံးကန်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း ကျေးလက်ဦးစီးရုံးမှ သိရသည်။

ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် နှစ်စဉ်သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာနိုင်သော ကျေးရွာများဖြစ်သည့် တဲကြီးကျေးရွာ၊ လက်ဆည်ကန်ကျေးရွာ၊ အုတ်ဖိုရွာ၊ မင်းသားကျကျေးရွာများသို့ လက်ရှိသောက်သုံးရေပြတ်လပ်မှုရှိ-မရှိ၊ ရေပြတ်လပ်မှုဖြစ်နိုင်ချေရှိ-မရှိ အခြေအနေများနှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ကျေးလက်ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးရမည့်အခြေအနေများအား ပြုလုပ်ဆောင်ရွက်နိုင်ရန် ခရိုင်ဦးစီးမှူး ဦးဇော်မျိုးထွေးဦးဆောင်သောအဖွဲ့နှင့်အတူ မြိုင်မြို့နယ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြဆန်းလင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်အေးအေးသန့်တို့က ဒေသခံပြည်သူတို့အား ရေရှားပါးမှုဖြစ်ပေါ်လာပါက ရေတွင်း၊ ရေကန်များပြုပြင်ထားရန်၊ သောက်သုံးရေအခက်ခဲဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဦးစီးဌာနမှ သိရသည်။

**စိန်မြိုင်(မြိုင်)**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယနေ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည့် ဘာသာရပ်များကို စိတ်ဝင်စားစွာ လေ့လာမှတ်သားသင်ယူသွားကြစေလိုကြောင်း၊ မိမိတို့ရဲ့ ပင်မလုပ်ငန်းများအပြင် ဌာနတွင်းလုပ်ငန်းများကိုလည်း ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ သို့မှသာ မိမိတို့ဝန်ကြီးဌာနလုပ်ငန်းများနှင့် ဦးစီးဌာနရဲ့လုပ်ငန်းစဉ်များ အောင်မြင်ချောမွေ့သွားနိုင်မှာဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာဝင်းက သင်တန်းဖွင့်လှစ်သွားမည့်အစီအစဉ်များနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း ချမှတ်ပေးထားတဲ့စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားကြစေရန် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲမှု၊ ပြည်သူဆက်ဆံရေးအကြောင်းအရာများ၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေးများ၊ ငွေစာရင်းထိန်းသိမ်းစောင့်ရှောက်နည်းစနစ်များ၊ နိုင်ငံ့ဝန်ထမ်းများဥပဒေ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများနှင့် နိုင်ငံ့သမိုင်းအဆင့်ဆင့် ပြောင်းလည်းတိုးတက်မှုဘာသာရပ်များကို ပို့ချပေးသွားမှာဖြစ်ပြီး စစ်ကိုင်းခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၃ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ခြောက်ရက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# မင်းကျန်စစ် Group of company အေးသာယာပြည်သူ့ဥယျာဉ်အိမ်ရာ အရောင်းဖွင့်ပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၆**

မင်းကျန်စစ် Group of company အေးသာယာပြည်သူ့ဥယျာဉ်အိမ်ရာ အရောင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီ တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် မင်းကျန်စစ်ကုမ္ပဏီဒါရိုက်တာ ဦးနန္ဒာလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက အဖွင့်အမှာစကားပြောကြားပြီး ကုမ္ပဏီဒါရိုက်တာ ဦးနန္ဒာလှမြင့်က Project နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မင်းကျန်စစ် Group of company ၏ တာဝန်ရှိသူတစ်ဦးမှ အိမ်ရာ Project နှင့်ပတ်သက်၍ မီဒီယာများနှင့် ဧည့်သည်များ သိလိုသမျှမေးမြန်းမှုကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

အဆိုပါ အေးသာယာပြည်သူ့ဥယျာဉ်အိမ်ရာ အရောင်းခန်းမ၌ ဧည့်သည်တော်များမှ မေးမြန်းစုံစမ်းဝယ်ယူခြင်း၊ ဧရာဝတီဘဏ်မှ ဝယ်သူများအတွက် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ပေးခြင်း၊ ဖျော်ဖြေရေးအစီစဉ်များနှင့် Game အစီအစဉ်များ၊ လက်ဆောင်ပေးခြင်းအစီအစဉ်များဖြင့် အရောင်းပွဲကို ကျင်းပကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဲခူးမြို့ မြို့ရှောင်လမ်းထိပ်အဝင်ရှိ မီးပွိုင့်အနီး သစ်ကိုင်းများအား ရှင်းလင်းစေလို

**ပဲခူး ဖေဖော်ဝါရီ ၁၆**

ပဲခူးမြို့ မြို့ရှောင်လမ်းထိပ်အဝင် ဘုရားလမ်းမှက်တိုင်တွင် မြို့ရှောင်လမ်းသို့ ယာဉ်များဝင်ရန်အတွက် အဆင်ပြေရန် မီးပွိုင့်တပ်ဆင်ပေးထားပြီး ယင်းမီးပွိုင့်အားသစ်ပင်၊ သစ်ကိုင်းများဖြင့် ကွယ်နေခြင်းကြောင့် ရှင်းလင်းစွာမမြင်ရ၍ ယင်းသစ်ပင်၊ သစ်ကိုင်းများအား ရှင်းလင်းစေချင်ကြောင်း လမ်းအသုံးပြုသူများကပြောသည်။

၎င်းမီးပွိုင့်သည် ရန်ကုန်မှ ပဲခူးသို့လာသောဘက်မှာ မြင်ကွင်းရှင်းလင်းပြီး ပဲခူးမှ ရန်ကုန်သို့သွားရမည့်ဘက်တွင် သစ်ပင်ကြီးများ၏ အကိုင်း၊ အခက်များနှင့် ပိတ်ဆို့၍ မီးပွိုင့်အား ရှင်းလင်းစွာ မမြင်ရပေ။

“အနားကျမှ ဘွားခနဲပေါ်လာသလိုမျိုး အနေအထားဖြစ်နေပါတယ်။ အကိုင်းတွေက ကွယ်နေတော့လေ။ ယာဉ်တိုက်မှုဖြစ်ပွားနိုင်တဲ့ အခြေအနေမျိုးရှိနေပါတယ်။ ဒါကြောင့် သစ်ပင်တွေကဖြာကျနေတဲ့ အကိုင်းအခက်တွေကို ခုတ်ထွင်ရှင်းလင်းလိုက်ရင် မီးပွိုင့်မြင်ကွင်း ပိုကောင်းသွားမှာပါ” ဟု လမ်းအသုံးပြုသူတစ်ဦးက အကြံပြုပြောသည်။

**မောင်မောင်အေး(ဥသာမြေ)**

# ချောက်မြို့နယ် ကူဖြူ-ဆူးတောကျေးရွာ မြေသားလမ်းဖောက်လုပ်

**ချောက် ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်သူဆောက်လုပ်ရေးလုပ်ငန်း (စိတ်ပါဝင်စားကြေး) ရန်ပုံငွေကျပ်သိန်း ၈၄ ဒသမ ၁၇၇၁ ဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနကြီးကြပ်မှုဖြင့် ကူဖြူ-ဆူးတောကျေးရွာ ၂ မိုင် ၁၈ ပေအကျယ်ရှိ လမ်းဖောက်လုပ်မှုကို မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်အပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပြီးစီးမှုမှာ ၆၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီး ယခင်က လှည်းမြောင်ချိုင့်ဝှမ်းများဖြင့် လှည်းလမ်းသာသွားလာနိုင်ခဲ့ပြီး ယခုအချိန်တွင် ၎င်းလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာနေပြည်သူများ၏ သွားလာရေးနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှာဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးအောင်မျိုးဝင်းပြောကြားသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# Myanmar India International Business Association (M.I.I.B.A) မြန်မာ၊ အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းစုနှင့် Myanmar Indians Association (M.I.A) မြန်မာအိန္ဒိယနေသဟာရအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားလုံးအား အထူးကျေးဇူးတင်ရှိခြင်း

Myanmar India International Business Association (M.I.I.B.A) မြန်မာအိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းစုနှင့် Myanmar Indians Association (M.I.A) မြန်မာအိန္ဒိယနေသဟာရအသင်းမှ ၁၅-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပသော ပွန်ဂဲလ်(ခ)ကောက်သစ်စားပွဲတော်အထိမ်းအမှတ်ပွဲတွင်ဗုဒ္ဓဂယာ ကံထူးရှင်(၁၂၀)ဦးနှင့် အခြားဆုမဲပေါင်းများစွာကို မဲနှိုက်ရွေးချယ်ပေးခဲ့ပြီး ပထမအကြိမ် ဗုဒ္ဓဂယာကံထူးရှင်(၆၃)ဦးကို ၂၄-၃-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကံထူးရှင် (၅၇)ဦးကို ၂၄-၄-၂၀၁၅ ပို့ဆောင်ပေးခဲ့ပါသည်။ ဤကဲ့သို့ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်အဖြစ် မေတ္တာဖြင့် စရိတ်ငြိမ်း ပို့ဆောင်ပေးခဲ့ပါသော Myanmar India International Business Association (M.I.I.B.A) မြန်မာအိန္ဒိယ အပြည်ပြည် ဆိုင်ရာစီးပွားရေးလုပ်ငန်းစု နှင့် Myanmar Indians Association (M.I.A)မြန်မာ အိန္ဒိယနေသဟာရအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်၊ ဒုတိယဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ အားလုံးအား ပထမအကြိမ် နှင့် ဒုတိယအကြိမ် ဗုဒ္ဓဂယာကံထူးရှင် (၁၂၀)ဦးတို့မှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် လူကြီးမင်းများကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ စီးပွားရေးလုပ်ငန်းများ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ယခုနှစ် (၁၂-၃-၂၀၁၆) ရက်နေ့ တွင်လည်း အသက်(၆၀)ကျော် အဖိုးအဖွားများအား မဲနှိုက်ရွေးချယ်ပြီး ကံထူးရှင်များကို ဗုဒ္ဓဂယာသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျေးဇူးတင်စွာဖြင့် ၂၀၁၅ခုနှစ် ပထမအကြိမ်နှင့်ဒုတိယအကြိမ် ဗုဒ္ဓဂယာကံထူးရှင်(၁၂၀)ဦး








## အထူးအစီအစဉ်

**၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် တစ်ရက်တည်းသာ**

အရိုးကျီးပေါင်းတက်ခြင်း၊ လည်ပင်းနာခြင်း၊ ခါးနာခြင်း၊ အရိုးအကြောအဆစ်နာခြင်း အစရှိသည့် ဝေဒနာများအတွက် **အခမဲ့** တိုင်ပင်ဆွေးနွေးနိုင်မည့် အစီအစဉ်ရှိပါသည်။

**အသေးစိတ်စုံစမ်းရန်** - **ZAW MAUNG MEDICAL SERVICES-09-73191864, 09-976508432**

**(နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း)**



## "Steel Structure"

စက်ရုံများ၊ လူနေအိမ်များ၊ Pent House များကို Steel Structure ဖြင့် အပြီးအစီး စိတ်တိုင်းကျ ဆောက်လုပ်ပေးပါသည်။

**Linpo Co,Lte.**

***No-17(A), Kabarayepagoda Road, Bahan.***

***Ph: -543816, 545883, 0950-14912, 09430 3345***


## ဇနီးအဖြစ် မသက်ဆိုင်တော့ပါကြောင်း ဒေါ်ဝင်းဝင်းရွှေဝါနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်မိုး[၆/သရခ(နိုင်)၀၄၁၃၆၁]နှင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၉-ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၃၃)၊ ပထမထပ်နေ ဒေါ်ဝင်းဝင်းရွှေဝါ(ခ) မရွှေဝါ[၁၂/ပဇတ(နိုင်)၀၂၆၅၈၅]တို့သည် လွန်ခဲ့သော (၉)နှစ်ခန့်က တရားဝင်အကြင်လင်မယားအဖြစ် နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေခရီးသွားနေစဉ်အချိန်အတွင်း ဇနီးဖြစ်သူသည် ကျွန်ုပ်တို့၏မိတ်ဆွေ စုဆောင်းထားသည့် ငွေကြေးများအား (၃)ကြိမ် (၃)ခါ အလွဲသုံးစားပြုခဲ့ပါပြီး ငွေကြေးအရှုပ်အရှင်းကိစ္စများ အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဒေါ်ဝင်းဝင်းရွှေဝါအား ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူနိုင်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုတစ်စုံတစ်ရာ မရှိတော့ပါကြောင်း အသိပေးအပ်ပါသည်။ ၎င်းတို့နှစ်ဦး အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ နှင်းပန်းလမ်း၊ အမှတ်(၁၆)၊ ၄-လွှာ/ဘီဟုခေါ်တွင်သော တိုက်ခန်းအား ကျွန်ုပ်တို့၏မိတ်ဆွေမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲအပ်ခြင်းတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်းနှင့် နောက်နောင် ဦးသန်းဇော်မိုးနှင့် ပတ်သက် သည့်ကိစ္စများ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းမပြုလုပ်ရန် ဒေါ်ဝင်းဝင်းရွှေဝါနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသန်းဇော်မိုး**
**[၆/သရခ(နိုင်)၀၄၁၃၆၁]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုမောင်(LL.B) (၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း(LL.B)(၂၇၀၇၅)**
**'လင်း' အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ/မြေညီ၊ ဗိုလ်ရှင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၇၉၀၁၈၉၈၆၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရပ်ကွက်(၁)၊ ၄-လမ်း၊ အမှတ်-၄၄နေ ဒေါ်နီနီရှိန်[၁၀/မလမ(နိုင်)၀၅၁၁၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဇနီးမောင်နှံသည် ၁၁-၁၁-၉၇ရက်တွင် ဦးမော်ကြီး(ခ) ဦးကျော်စွာထံမှ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေကွက်အမှတ်(L17. ၆၀/၆၃၉)၊ မြေအကျယ်ပေ(၄၀×၆၀)ရှိ မြေကွက်ကိုလည်းကောင်း၊ ၂၇-၈-၉၇ ရက်တွင် ဦးစည်သူလင်းထံမှ တောင်ဒဂုံမြို့နယ်၊ ၆၀-ရပ်ကွက်၊ မြေကွက်အမှတ်-၁၉၅၄၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်ကိုလည်းကောင်း နှစ်ဖက်သဘောတူ မြေအရောင်းအဝယ်ကတိစာချုပ်များ ချုပ်ဆို၍ ဝယ်ယူထားပြီးဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါမြေကွက်(၂)ကွက်ကို ကျွန်ုပ်မိတ်ဆွေတို့၏သဘောတူညီ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ပါရန် တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခိုင်(စဉ်-၂၀၉၂၂)**
**ရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး**
**ဟုန်ရှင်းကုမ္ပဏီ**
**အမှတ်-၅၅၊ ဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**HP:09-73243759, 73116134**

## မအေးဟေမာဝင်းသိစေရန်

Concordia Int'l Co.,Ltd Office Auto Machine ဌာနတွင် Coordinator တာဝန်ထမ်းဆောင်ခဲ့သော (အဘ) ဦးချစ်မောင်၏ သမီးဖြစ်သူ မအေးဟေမာဝင်း(၁၂/ သကတ(နိုင်) ၁၃၀၃၁၉) သည်ကုမ္ပဏီတွင်စာရင်းများအား (၂၉. ၂. ၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ လာရောက်ရှင်းလင်းပါရန် ပျက်ကွက်ပါက တရားဥပဒေ အရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

General Manager
Concordia Int'l Co.,Ltd

# သင့်သွေးဖြင့် အသက်ကယ်ပါ


စိတ်ကြိုက်ဖုန်းနံပါတ်တစ်ခုကို လိုချင်ပါသလား ...
မိမိရဲ့စိတ်ကြိုက် နံပါတ်တစ်ခုကို အနည်းဆုံး ၁,၅၀၀ကျပ်မှ စတင်၍
သတ်မှတ်ထားတဲ့ အူရီဒူးအရောင်းဆိုင်များတွင် ရွေးချယ်ဝယ်ယူနိုင်ပါပြီ။
ooredoo
နံပါတ်အလှလား?
လက်ရှိသုံးနေတဲ့ နံပါတ်နဲ့ ဆင်တူလား?
စိတ်ကြိုက်နံပါတ်လား?
သတ်မှတ်ထားသော ဆိုင်စာရင်းများနှင့် စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို
www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကြော်ငြာ

CitiAvenue Travels & Tours ၏ သင်္ကြန်ပိတ်ရက် နှစ်သစ်ကူးခရီးစဉ်များ

CitiAvenue Travels & Tours

စင်ကာပူ - ဘင်တန် (6D/5N) April 12 ~ 17 (USD 1280)

ဟောင်ကောင် - ဘာလီ (8D/7N) April 9 ~ 16 (USD 1850)

ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 12 ~ 19 (USD 1880)

ဟောင်ကောင် - မကာအို - ကွမ်ကျိုး - ရှန်းကျန့် (8D/7N) April 11 ~ 18 (USD 1610)

ဒူဘိုင်း - အဘူဒါဘီ - အယ်(လ်)အိန်း (8D/7N) April 11 ~ 18 (USD 2200)

ကိုရီးယား - ဟိုချီမင်း (9D/8N) April 10 ~ 18 (USD 2150)

ဂျပန် (9D/8N) April 10 ~ 18 (USD 3150)

သြစတြေးလျ (10D/9N) April 10 ~ 19 (USD 4550)

ဥရောပ (15D/14N) April 09 ~ 23 (USD 4870)

CitiAvenue ၏ Quality ကိုယုံကြည်သော ဧည့်သည်တော်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခရီးစဉ်များအားလုံး အချိန်တိုအတွင်းလူပြည့်တတ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များကိုယခုပဲဆက်သွယ်ပြီး စာရင်းပေးလိုက်ကြရအောင်နော်။

www.facebook.com/citiavenue

အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-732356 12 / 21 | 09-25090 1188 / 1199 | 09-7800770 10/20/30/40 | 01-211609

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်တင်တင်မြင့်**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ အမှတ်(၁၀၃)နေ ရဲမှူးကြီးစိုးမြင့်(CID-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမှ ဒေါက်တာထက်မြတ်စိုး-မဇင်မိမိအောင်၊ ဒေါက်တာအောင်ပိုင်စိုး၊ (ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံ)၊ မစုမျက်သွယ်စိုး (တတိယနှစ်၊ ဆေး-၂၊ မ/ဥက္ကလာပ)တို့၏ မိခင်၊ မောင်မြတ်သူရအောင်၊ မောင်စိုးသူရအောင်တို့၏ အဘွားဒေါ်တင်တင်မြင့်သည် ၁၃-၂-၂၀၁၆ရက် ဒေသစံတော်ချိန် ည၇း၂၀နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်သမာဓိစိန်ရွှေရတနာဆိုင်**
**ဝန်ထမ်းများ**
**ရန်ကုန်၊ ဆိုင်ခွဲ(၃)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**

**ဒေါ်တင်တင်မြင့်**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ အမှတ်(၁၀၃)နေ ရဲမှူးကြီးစိုးမြင့်(CID-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမှ ဒေါက်တာထက်မြတ်စိုး-မဇင်မိမိအောင်၊ ဒေါက်တာအောင်ပိုင်စိုး(ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံ)၊ မစုမျက်သွယ်စိုး (တတိယနှစ်၊ ဆေး-၂၊ မ/ဥက္ကလာပ)တို့၏မိခင်၊ မောင်မြတ်သူရအောင်၊ မောင်စိုးသူရအောင်တို့၏အဘွား ဒေါ်တင်တင်မြင့်သည် ၁၃-၂-၂၀၁၆ရက် ဒေသစံတော်ချိန် ည ၇း၂၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်(ခ)ဦးတီးတီးမိသားစု**
**ပဲခူးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**

**ဒေါ်တင်တင်မြင့်**

**အသက် (၅၅) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ အမှတ်(၁၀၃)နေ ရဲမှူးကြီးစိုးမြင့် (CID- ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမှ ဒေါက်တာထက်မြတ်စိုး-မဇင်မိမိအောင်၊ ဒေါက်တာအောင်ပိုင်စိုး (ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံ)၊ မစုမျက်သွယ်စိုး (တတိယနှစ်၊ ဆေး-၂၊ မ/ဥက္ကလာပ)တို့၏ မိခင်၊ မောင်မြတ်သူရအောင်၊ မောင်စိုးသူရအောင်တို့၏အဘွား ဒေါ်တင်တင်မြင့်သည် ၁၃-၂-၂၀၁၆ရက် ဒေသစံတော်ချိန် ည ၇း၂၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဆန်းဝင်း-ဒေါ်အေးမော်စီ**
**အောင်သမာဓိစိန်ရွှေရတနာဆိုင်**
**မိသားစု**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းထွန်းကျော်[၈/ဆဖန(နိုင်)၀၅၇၁၈၇]၏ စက်ခန်းအုပ်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၃၀၇၂၆၂**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၃ ရပ်ကွက်နေ (ဘ)ဦးဆောယောအာမောက် (MDW-၂၄၆၉၆၂)နှင့်(အမိ)ဒေါ်အန္တဝါဘေဂေါင်(TGKN-၀၄၇၇၆၄)တို့၏သား မောင်သန်းစိုး(HLG-၀၃၉၆၃၁)သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်မယူပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးဆောယောအာမောက်**
**မိခင်-ဒေါ်အန္တဝါဘေဂေါင်**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်စိန်(ခ)ဦးအင်းရှင်း**

**(သစ္စာရှင်) (ဥက္ကံမြို့)**

**အသက်(၈၉)နှစ်**

သူငယ်ချင်းဦးစိန်မင်း - ဒေါ်နွယ်နွယ်ဝင်းတို့၏ ချစ်လှစွာသောဖခင် ဦးအောင်စိန်(ခ)ဦးအင်းရှင်းသည် ၁၂-၂-၂၀၁၆ (သောကြာနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား/သူဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်စိန်(ခ)ဦးအင်းရှင်း**

**(သစ္စာရှင်) (ဥက္ကံမြို့)**

**အသက်(၈၉)နှစ်**

သူငယ်ချင်းဦးစိန်မင်း-ဒေါ်နွယ်နွယ်ဝင်းတို့၏ ချစ်လှစွာသောဖခင် ဦးအောင်စိန်(ခ)ဦးအင်းရှင်းသည် ၁၂-၂-၂၀၁၆(သောကြာနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆွေဆွေလှ၊ ဖြူဖြူညွန့်၊ တင်မမ၊ နီနီ၊ ရီရီမြင့်၊**
**ကေသီခိုင်၊ နွယ်နွယ်ဆွေ၊ မလတ်ယဉ်၊ ခင်မာသင်း၊**
**မျိုးမျိုးမင်း၊ မြင့်မြင့်၊ တင်မာငြိမ်း၊ IVY၊ ခင်မိုးမိုးညွန့်၊**
**ခင်မြဟန်၊ နှင်းနှင်းသိန်း၊ ငွေငွေအုန်း၊**
**မလတ်၊ ခင်ဆွေဝင်း၊ နော်မာရီ၊ ခင်သန်းငွေ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးကြည်စန်း(ငြိမ်း)**

**D.S.A(20) (ရေ-၁၂၂၇)**

**အသက်(၆၀)**

၁၄-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မြိတ်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိန်လွင်-အေးအေးချို**
**(မြန်မာပုလဲ)**

### ပျောက်ဆုံးကြောင်း

ကျွန်မ မရီရီဆွေ[၁၂/ပဇတ(နိုင်)၀၁၃၄၁၅]၏ နိုင်ငံကူးလက်မှတ်အမှတ်-MA-237473 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၀၅၂၀၂**

အိမ်ခြံမြေပွဲစားရှမ်းခြင်းဆိုင်ရာ
ဥပဒေပြဿနာများ
ဦးကျော်ဝေယျ
ထွက်ရှိနေပါပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကေသီစန်း (Chief Accountant၊ ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်)၏ မောင်နှင့် ဇနီးဖြစ်သူ ထားဝယ်မြို့နေ ဗိုလ်မှူးကျော်လင်းစန်း (ကြည်း-၃၂၃၉၅)- ဇနီး ဒေါ်အိအိဖြူတို့သည် ၁၃-၂-၂၀၁၆ (စနေနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ နှင့်ဝန်ထမ်းမိသားစုများ**
**ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းထွန်း(ရွှေဘို) (B.Ag; 1972)**

**အသက်(၆၈)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ရေဦးလမ်းနေ ဒေါ်ငွေငွေ၏ခင်ပွန်း ဦးသိန်းထွန်းသည် ၁၄-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**B.Ag(1972) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်သီ (သဲအိမ်ကျောင်းစု)**

**အသက် (၇၈) နှစ်**

ဦးခင်မောင်ဝင်း(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်/အမျိုးသားတိုးတက်ရေးပါတီ)-ဒေါ်စန်းစန်းမူတို့၏မိခင်သည် ၁၃-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့်ပါတီဝင်များ**
**အမျိုးသားတိုးတက်ရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစံဝင်း (ကာသ ၃၂) ပ/၂၅၄၂**

**အောင်ဆန်း(၅)**

၂၆-၁-၂၀၁၆ရက်တွင် မန္တလေး၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။**

၁၉၆၇-၇၀
**အောင်ဆန်း(၅)သူငယ်ချင်းများ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**လမ်းမတော်မြို့နယ်၊ ဩဝါဒါစရိယ**

# ဘဒ္ဒန္တပညာဇောတ

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

**သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် မှန်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဇောတမဟာထေရ်သည် (၁၃၇၇ ခုနှစ်၊ တပို့တွဲ လဆန်း ၅ ရက်) ၁၃-၂-၂၀၁၆(စနေနေ့) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို ၁၇-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် မှန်ကျောင်း၌ သရဏဂုံတင် ရေစက်ချအခမ်းအနားကျင်းပပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

**တပည့်ဒါယကာ၊ ဒါယိကာမများ**

**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
**Ph: 09-43117680, 09-5059821**

**ရွှေပင်လုံ** အမြန်ငှား(ညှိနှိုင်း)
(50'×80') + မြေပို (100'×100')
RC2, MBR2,BR3 ပြင်ဆင်ပြီး
မဏ္ဍိုင် 374648, 09421025403
249380, 0943152297

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တဒေဝိန္ဒ မဟာထေရ်**

**သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ သာသနာ့ရက္ခိတကျောင်း ဆရာတော်ဘဒ္ဒန္တဒေဝိန္ဒ သက်တော်ရှည် ဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်) ၁၄-၂-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်) ၁၈-၂-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (သာသနာ့ရက္ခိတကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

**စျာပနကျင်းပရေးအဖွဲ့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တ ဣန္ဒာစရိယ

**သိက္ခာတော်(၃၃)ဝါ၊ သက်တော်(၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ လာကပုံကျေးရွာ ဓမ္မဝိဟာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် (ဦးဣန္ဒာစရိယ)သည် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်)၊ ၂၀-၂-၂၀၁၆ ရက်တွင် ယာယီစံကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီးလျှင် ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်) ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ**
**လာကပုံကျေးရွာ၊ တွံတေးမြို့နယ်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**လမ်းမတော်မြို့နယ်၊ ဩဝါဒါစရိယ**

# ဘဒ္ဒန္တပညာဇောတ

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

**မှန်ကျောင်း၊ သရက်တောကျောင်းတိုက်**

**သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် မှန်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဇောတမဟာထေရ်သည် (၁၃၇၇ ခုနှစ်၊ တပို့တွဲ လဆန်း ၅ ရက်) ၁၃-၂-၂၀၁၆(စနေနေ့) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို ၁၇-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် မှန်ကျောင်း၌ သရဏဂုံတင် ရေစက်ချအခမ်းအနားကျင်းပပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း အသင်းသူအသင်းသားများလိုက်ပါပို့ဆောင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

တောင်သာမြို့နယ်အသင်း (ရန်ကုန်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်(၄၉၂)၊ မြေကွက်တည်နေရာအမှတ်(၄၉၂)၊ အလင်းရောင်(၅)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးသောင်းမြ CM-၀၁၀၂၈၈၊ ဦးသိန်းဇံ[၁၂/ဒပန(နိုင်)၀၃၄၁၁၅] အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသိန်းဇံ(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစုအား ဇနီးဖြစ်သူ ဒေါ်ကုလားမ [၁၂/ဒပန(နိုင်)၀၃၃၈၈၀]မှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၄၈၅၂/၁၅ (၂၉-၇-၁၅)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ကုလားမနှင့် ပူးတွဲအမည်ပေါက် ဦးသောင်းမြတို့မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူနှင့်အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကြည်ညွန့်

**(ပြည်/ဂျာ-ငြိမ်း၊ ကုန်သွယ်/လယ်ယာ)**

**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရတနာသိခ်လမ်း၊ အမှတ်(၂၆)နေ (ဦးအေးမောင်-ဒေါ်သိန်းရင်)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်ပု)တို့၏ သားသမက်၊ ဒေါ်ကြည်မြ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်သန်း-ဒေါ်စိန်ယုံ)တို့၏ မောင်၊ ဦးသန်းရွှေ-ဒေါ်လှငွေတို့၏အစ်ကို၊ Capt. ဦးသန်းထိုက်-ဒေါ်မာမာဆွေ၊ ဒေါ်အေးအေးခိုင်(စာရင်းစစ်မှူး၊ ကြည့်မြင်တိုင်မြို့နယ်စာရင်းစစ်ရုံး)၊ ဦးစိုးဝင်းနိုင်-ဒေါ်ခိုင်မာလှိုင်(အထက-၂၊ စမ်းချောင်း)တို့၏ဖခင်၊ မဆုဝေနိုင် (AYA Bank)၊ မောင်မိုးသုခ (E-Cadet Raffles Co.,)၊ မောင်ဖြိုးသက်ခိုင် [စတုတ္ထနှစ် (Civil), WYTU]၊ မောင်အောင်ခန့်မင်း [Grade-10 (H), TT C]တို့၏အဘိုးသည် ၁၅-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# သွေးသည်အသက်

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

**အနန္တကျေးဇူးရှင်ဖေဖေ ဗိုလ်မှူးကြီးသိန်းကြည်(ငြိမ်း)**

**အသက်(၇၉)နှစ်**

၁၇-၂-၂၀၁၆ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည်မှာ (၁)လပြည့်ခဲ့ပြီဖြစ်ပါ၍ ဖေဖေ့အားရည်စူး၍ ဇီဝိတဒါနဆေးရုံကြီး၌ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းခဲ့ပါသည်။ သားတို့မိသားစုနှင့်အတူ ဖေဖေ ရောက်လေရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဖေဖေရေ အမျှ---အမျှ---အမျှ။

**သားငယ် အောင်ကျော်မိုး-ဥမ္မာကြည်(NY)**
**မြေးများ ဟိန်းသော်အောင်(SG)၊ ကုန္တနည်ကျော်(NY)၊ အောင်ခန့်ကျော်။**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)**

**ဒုတိယတိုင်းမှူး(ငြိမ်း) (နပခ)၊ စစ်ဆေးရေးချုပ်(ငြိမ်း)၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ကြည်း-၈၁၁၈၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၁)**

**အသက် (၈၄)နှစ်**

ဦးကျော်သူ (ဒုညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့-၅၊ ဆိပ်ဖြူ)-ဒေါ်သက်မာမြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)တို့၏ဖခင် ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)သည် ၁၂-၂-၂၀၁၆ ရက် နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တံတားအထူးအဖွဲ့(၅) (ဆိပ်ဖြူ)မှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီးဦးဘတင် (ကျုံကဒတ်-မုဒုံ)**

**အသက်(၉၂)နှစ်**

ဗိုလ်မှူးကြီးဇော်ဦး (တပ်မတော်ရေ-ငြိမ်း) (အမှတ်-၁၊ အလုံ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ဇင်မာသွင်တို့၏ဖခင်ဖြစ်သူ ဆရာကြီးဦးဘတင်သည် ၁၁-၂-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်စဉ်(၂၂)၊ စစ်တက္ကသိုလ်မှသူငယ်ချင်းများ**

## လွမ်းဆွတ်သတိရခြင်း

**မောင်နေသူရလင်း**

**အသက်(၁၉)နှစ်**

**၁၇-၁-၂၀၁၆ မှ ၁၇-၂-၂၀၁၆**

သားငယ်လေးရေ--မိဘအပေါ် သမီးလိုတစ်မျိုး၊ သားလိုတစ်မျိုး တစ်အိမ်လုံးရဲ့ ဝေယျာဝစ္စကိစ္စအားလုံး အားကိုးရတဲ့ သားငယ်လေးက မေမေတို့ကို ခွဲသွားတာ (၁)လပြည့်သွားပေမယ့် မေ့လို့မရဘူးကွယ် သံဃာတော်များကို သင်္ကန်းလှူတယ်၊ စနေနေ့တိုင်း ဆွမ်းလောင်းတယ် သားငယ်လေး ရောက်ရာဘုံဘဝကနေ မေမေပေးဝေသမျှ အမျှ---အမျှ---အမျှကို သားငယ်လေး သာဓုခေါ်နိုင်ပါစေကွယ်။

| | |
|---|---|
| **ဖေဖေ** | - ဗိုလ်ကြီးလင်းရောင်(ငြိမ်း) |
| **မေမေ** | - ဒေါ်စန်းစန်းမြင့်(အလယ်တန်းပြ-ငြိမ်း) |
| **ကိုကြီး** | - ဗိုလ်ကြီးအောင်သူရလင်း |
| **ညီမလေး** | - မယဉ်သူရလင်း |

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဒေါ်ခင်အုန်းမြင့်**

**အသက် (၆၃)နှစ်**

**ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်**

မန္တလေးမြို့၊ (၈၄)လမ်း၊ လက်ဆည်ကံရပ်နေ ဦးခင်မောင်သန်း-ဒေါ်နန်းရွှေနု၊ ဒေါ်ကြည်ကြည်မာ၊ ဒေါ်ခင်မိမိတို့၏ညီမ၊ ကိုကျူးကျော်၊ ကိုမျိုးသီဟ-မထက်ထက်၊ ကိုကျော်သီဟ-မခိုင်မာ၊ ကိုမျိုးညွန့်ကြည်-မဆုမွန်၊ မစောမြန်မာတို့၏ အဒေါ်၊ မောင်မြင့်မြတ်၊ မဣန္ဒာသွယ်၊ မလင်းလက်ကျော်တို့၏အဘွား ဒေါက်တာဒေါ်ခင်အုန်းမြင့်သည် ၁၅-၂-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၂)**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်လင်းစန်း (2nd Intake, D.S.T.A)နှင့်ဇနီး ဒေါ်အိအိဖြူတို့နှစ်ဦးသည် ၁၃-၂-၂၀၁၆ (စနေနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သည့် နှစ်ဖက်မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်အမှတ်စဉ်(၅)မှ**
**ညီငယ်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဦးသစ်လွင်**

**အသက် (၆၁)နှစ်**

ဒေါ်မြတ်အေးချမ်းမိုး၏ချစ်လှစွာသောခင်ပွန်း ပါမောက္ခဦးသစ်လွင်သည် ၉-၂-၂၀၁၆ ရက်တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့်ဆေးရုံမိသားစု**
**အရိုးရောဂါအထူးကုဆေးရုံကြီး**
**ကြည့်မြင်တိုင်၊ ရန်ကုန်**

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း

**ဒေါ်စိန်စိန်မြင့် အထပြ(ငြိမ်း)**

**အထက-ပန်းတောင်း၊ အထက(၅)ပြည်**

ကျေးဇူးရှင်အစ်မကြီး ကွယ်လွန်ခဲ့သည်မှာ ၁၃-၂-၂၀၁၆ ရက်တွင် (၁)လပြည့်ပြီဖြစ်၍ အစ်မကြီးကိုရည်စူးပြီး ပြုလုပ်သမျှ ကောင်းမှုများအား အစ်မကြီး မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ- အမျှ- အမျှ

**ကျန်ရစ်သူ မောင်/ညီမတစ်စု**

# မြောက်ယမားဆည်ရေသောက်စနစ် ဧရိယာအတွင်းရှိ တောင်သူများ နှမ်းစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေး ဆည်ရေ စလွှတ်ပြီ

**ပုလဲ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မြောက်ယမားဆည်ရေသောက်စနစ် ဧရိယာအတွင်းရှိ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာဖြင့် နှမ်းစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွန့်က "ကျွန်တော်တို့ ပုလဲမြို့နယ်ဟာ မိုးခေါင်ရေရှားဒေသဖြစ်ပေမယ့်လို့ နိုင်ငံတော်အစိုးရက တောင်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေရေးကို ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့တဲ့ မြောက်ယမားဆည်ကြောင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးရေ လုံလောက်စွာနဲ့ စိုက်ပျိုးလျက်ရှိပါတယ်။ ဒီဆည်က ပုလဲမြို့နယ်အတွင်းရှိ တောင်သူများသာမက ယင်းမာပင်မြို့နယ်အတွင်းရှိ တောင်သူများအတွက်ပါ အကျိုးပြုပါတယ်။ မနှစ်က နွေရာသီမှာ ပုလဲမြို့နယ်မှာရှိတဲ့ နှမ်းစပါး စိုက်ဧက၁၀၀၀ နဲ့ အခြားသီးနှံ စိုက်ဧက၉၀၀၊ ယင်းမာပင် မြို့နယ်မှာရှိတဲ့ နှမ်းစပါးစိုက်ဧက ၄၀၀ နဲ့ အခြားသီးနှံစိုက်ဧက ၁၀၀ စုစုပေါင်း

စာမျက်နှာ ၉ ကော်လံ ၄ သို့



ယနေ့
**မာတိကာ**

အများပြည်သူ ဝန်ဆောင်မှုကို အခြေပြုတဲ့ ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်လာပြီလား

စာမျက်နှာ » ၆

အိုင်ဒုန်းလွှာ အပေါက်ဟာဖို့ အားလုံး ပါဝင်ဆောင်ရွက်စို့

စာမျက်နှာ » ၁၈

# နမ့်ဆန်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပွင့်လင်းရာသီအမီပြီးစီးနိုင်ရန် စက်ယန္တရားများဖြင့် ဆောင်ရွက်

သီပေါ ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မီးဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်စားသောက်ဖွယ်ရာများအား စေတနာရှင်ပြည်သူများက စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် မီးလောင်ပြင်သန့်ရှင်းရေးလုပ်ငန်းများကိုလည်း စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ဌာနဆိုင်ရာများက ဖေဖော်ဝါရီ ၁၆ ရက်က ဆက်လက်ဆောင်ရွက်ခဲ့သဖြင့် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့





# အိန္ဒိယနိုင်ငံ ရေတပ်မှ စစ်ရေယာဉ်နှစ်စင်း ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အိန္ဒိယနိုင်ငံရေတပ်မှ စစ်ရေယာဉ် INS SARYU နှင့် INS BITRA တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူးနှင့် အရာရှိ၊ စစ်သည်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်တွင် အိန္ဒိယနိုင်ငံ ရေတပ်မှ COMMANDING OFFICER ဖြစ်သူ စစ်ရေယာဉ်မှူး CDR SREEKUMAR PILLAK ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်း ၁၇၄ ဦး လိုက်ပါလာကြပြီး မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီ ၁၈ ရက်အထိ သုံးရက်ကြာ နေထိုင်၍ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .
သဉ္ဇာသန်းနိုင် တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[Grade 11 (ဧပြီ ၂၇) Grade 10 (မေ ၄) Grade 9,8,7,6 (မေ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀ ၂၀
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း) [ဘာသာစုံ]
Grade 11 [ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဧပြီ ၂၉) စ,မည်။ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily